# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၂ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

## နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် သဘောတူစာချုပ်၊ MoU ခုနစ်ခု ချုပ်ဆိုနိုင်ခဲ့

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Smt. Sushma Swaraj အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီပံ့ပိုးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Shri Vikram Misri နှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✤



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Smt. Sushma Swaraj အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊

*စာမျက်နှာ ၃ ကော်လံ ၁* ●


**နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များ ချိုးဖောက်ရာရောက်သည့် သဲအိတ်၊ အိုဗာဟက်ပစ်ကျင်းနှင့် ဘန်ကာများ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ပြုလုပ်ထား၍ တရားဝင်ကန့်ကွက်** စာ » ၁၀

**အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခြင်းမှာ မှားယွင်းကြောင်း အာဒိုဂန်နှင့် ပူတင်တို့ပြော** စာ » ၁၄





# ပလတ်စတစ်အမှိုက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြဿနာ

ပြီးခဲ့သည့်နှစ်စပိုင်းက ထိုင်းနိုင်ငံပင်လယ်ကမ်းခြေတစ်ခုတွင် ၁၀ ကီလိုမီတာခန့်ရှည်သည့် အမှိုက်များ မျောပါနေသည်ကို တွေ့ကြရာမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ အလန့်တကြားဖြစ်ကုန်ကြသည်။ ဤသည်မှာ ရေခဲတောင်၏ထိပ်ဖျားပိုင်းလောက်ကိုသာ မြင်ရခြင်းဖြစ်သည်ဟု အရှေ့တောင်အာရှ ဂရင်းပိစ် (**Greenpeace South-east Asia**) အဖွဲ့က ပြောသည်။ ပလတ်စတစ်အမှိုက်ပြဿနာသည် အခြားသော ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာများကဲ့သို့ စိုးရိမ်စရာကောင်းသည့် အခြေအနေတွင် ရောက်ရှိနေသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။ သို့သော် မကြာသေးခင်နှစ်များက အထိ ဤပြဿနာသည် လူအများအမြင်တွင် ပြောစရာအဖြစ် ရောက်ရှိလာခြင်းမရှိပေ။

ယခု ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်အနီးရှိ ဧက ၃၀၀ ကျယ်သော စည်ပင်သာယာအမှိုက်ပုံတွင် ဧပြီလ ၂၁ ရက်နေ့က စတင်လောင်ကျွမ်းခဲ့သော မီးလောင်မှုကြောင့် မြို့ပြတည်ဆောက်ရေးတွင် အမှိုက်ပြဿနာ၏ အရေးကြီးပုံကို မီးမောင်းထိုးပြသလိုဖြစ်စေခဲ့သည်။ ၎င်းအမှိုက်ပုံသည် ၁၀ ပေ၊ ၁၅ ပေခန့်အမြင့်ရှိရာ မီးလောင်ကျွမ်းမှုရက်ကြာလာသည်နှင့်အမျှ မီးခိုးလုံးနှင့် ညှော်နံ့များက ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်အချို့သို့ ပျံ့နှံ့ခဲ့သည်။ မီးလောင်ချိန် ၁၀ ရက်ခန့်အတော အတွင်း လှိုင်သာယာပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသူ ၇၁ ဦး ရှိခဲ့သည်ဟုဆိုသည်။ မီးငြိမ်းသတ်ရာတွင် မီးသတ်ဦးစီးဌာနက လူအင်အား ၆၀၀ ကျော်၊ စစ်သည်အင်အား ၁၅၀ ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား ၃၅၀ ကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အင်အား ၄၀၀ ကျော်၊ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများမှ အင်အားများ အပါအဝင် စုစုပေါင်းတစ်ထောင့်ရှစ်ရာခန့် နေ့စဉ်ပါဝင်ငြိမ်းသတ်မှုကြောင့် ယခုကဲ့သို့ ငြိမ်းသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့တော်ကို စီးပွားရေးမြို့တော်အဖြစ်လည်းကောင်း၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြစိမ်းရောင် မြို့တော် (**Green City**) အဖြစ်လည်းကောင်း၊ ဂုဏ်ယူစရာ ရှေးဟောင်းအစဉ်အလာများ ဆက်လက်ထိန်းသိမ်းမည့် မြို့တော်အဖြစ်လည်းကောင်း၊ ရည်မှန်းဆောင်ရွက်နေကြသည်ဆိုလျှင် ယခုအမှိုက်ပုံမီးလောင်သည့်ပြဿနာသည် အနာဂတ်ဖွံ့ဖြိုးရေးအတွက် အချက်ပေးခေါင်းလောင်းသံဟု မှတ်ယူနိုင်ပါသည်။ ရန်ကုန်မြို့တော်၏ လူဦးရေ ၇ သန်းခန့်မှ စွန့်ပစ်အမှိုက်တစ်ရက်လျှင် တန်ချိန် ၂၅၀၀ ခန့်ထွက်ရှိနေရာ အလွယ်တကူ ဆွေးမြည့်သွားခြင်းမရှိသော ပလတ်စတစ်အမှိုက်များက ပြဿနာဖြစ်စေခြင်းဖြစ်သည်။ ယခုအမှိုက်ပုံကို ၂၀၀၁ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး ယင်းမတိုင်ခင်က အလုံနှင့် မအူကုန်း အမှိုက်ပုံများသည် အလိုအလျောက် ဆွေးမြည့်သွားခြင်းကြောင့် ယခုအခါ လူနေရပ်ကွက်များအဖြစ် ဖန်တီး၍ ရခြင်းဖြစ်သည်။

ယခု ပလတ်စတစ်အမှိုက်၏ အန္တရာယ်ကို တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်လာနေရသည်။ ၁၉၅၀ ပြည့်နှစ်လောက်က စတင်အသုံးပြုခဲ့သော ပလတ်စတစ်ပစ္စည်းများသည် ယခုအခါ တန်ချိန် ၈ ဒသမ ၃ ဘီလီယံလောက် ထုတ်လုပ်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ၎င်း ၈ ဒသမ ၃ ဘီလီယံတွင် ၉၁ ရာခိုင်နှုန်းသည် ပြန်လည်အသစ်ပြုလုပ် (**recycled**) သုံးစွဲခြင်း မရှိခဲ့ပေ။ ထိုကျန်ရှိ ပလတ်စတစ်များသည် ဆက်လက်တည်မြဲနေသည်။ နှစ်ရာချီ၍ အချို့မှာ နှစ်ထောင်ချီ၍ တည်ရှိနေနိုင်သည်ဟုဆိုရာ ထိုအန္တရာယ်ကို လူသားတို့ ဆက်လက်ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အမေရိကန်တစ်နိုင်ငံတည်းတွင် နှစ်စဉ်ပလတ်စတစ်အိတ် ဘီလီယံ ၁၀၀ လောက်သုံးစွဲနေပြီး အချိုရည်သောက်သော ပလတ်စတစ်ပိုက်သန်း ၅၀၀ လောက်သုံးစွဲနေသည်။ ၎င်းပိုက်များကို ဆက်လိုက်ပါက ကမ္ဘာကိုနှစ်ပတ်ပတ်နိုင်လောက်သည့် အလျားကို ရရှိမည်ဖြစ်သည်။ ပို၍ဆိုးသည်မှာ ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ စာရင်းများအရ နှစ်စဉ်ပင်လယ်တွင်းသို့ စွန့်ပစ်သော ပလတ်စတစ်အမှိုက် တန်ချိန် ၈ သန်းခန့်ရှိသည်ဟု ဆိုပါသည်။ ထိုပလတ်စတစ်များသည် နှစ်ကာလရှည်ကြာသောအခါ ပလတ်စတစ်အမှုန်ကလေးများအဖြစ် ပြောင်းလဲသွားပြီး ရေထုညစ်ညမ်းမှုနှင့် ပင်လယ်သတ္တဝါများကိုပါ ဆိုးကျိုးသက်ရောက်လျက်ရှိသည်ဟု ဆိုပါသည်။ ပလတ်စတစ်အိတ်ကို အစာထင်မှတ်၍ စားမိသော ရေနေ၊ ကုန်းနေသတ္တဝါအရေအတွက် ပိုမိုများပြားလာသည်။

အဓိကအားဖြင့် အမှိုက်များသည် အလိုအလျောက် ဆွေးမြည့်သွားဖို့လိုပါသည်။ ထိုအတွက် ၁၉၇၀၊ ၁၉၈၀ ပြည့်နှစ်ကာလများကကဲ့သို့ ပစ္စည်းထုပ်ပိုးရာတွင် စက္ကူ၊ အင်ဖက်၊ ကြာဖက်များ ပြန်လည်အသုံးပြုခြင်းကို အားပေးရန် လိုပါသည်။ စားသုတ်သုတ်၊ သွားသုတ်သုတ်ဖြစ်သော ရန်ကုန်၊ မန္တလေးလို မြို့ကြီးများတွင် အခက်အခဲရှိနိုင်သော်လည်း မြို့ငယ်များနှင့် နယ်များတွင် ထိုအလေ့အကျင့်ကို ပြန်လည်ပျိုးထောင်၍ ရနိုင်ပါသေးသည်။ ပလတ်စတစ်အမှိုက်နှင့် ပတ်သက်သော တစ်ကမ္ဘာလုံး၏ဆောင်ပုဒ်မှာ လျှော့သုံးခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်၍ အသစ်ပြုလုပ်အသုံးပြုခြင်း၊ (**Reduce, Reuse, Recycle**) ပင် ဖြစ်ပါသည်။ နောက်တစ်နည်းမှာ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံအကြီးစားများ တည်ဆောက်ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျရောက်ခဲ့သော မြေကမ္ဘာနေ့ (**Earth Day**) တွင် ပလတ်စတစ်အမှိုက်ပြဿနာကို ရေရှည်လှုပ်ရှားမှုဖြင့် ဖြေရှင်းဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည့်အတိုင်း ရန်ကုန်တိုင်းဒေသကြီး သာမက မြန်မာတစ်နိုင်ငံလုံး အလေးထားရန် လိုအပ်နေပါသည်။ ။

# ဟိုပင်၌ မေတ္တာမဏ္ဍိုင် လူကူးကြိုးတံတားဖွင့်



**ဟိုပင် မေ ၁၁**

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့သစ်ကလေး ကျေးရွာအုပ်စု မြေနကျေးရွာ နန့်ရင်းချောင်း၌ မေတ္တာမဏ္ဍိုင် လူကူးကြိုးတံတားဖွင့်ပွဲကို မေ ၁၀ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း၊ မိုးညှင်းခရိုင်မှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားမှာ အရှည်ပေ ၄၀၀၊ အနံခြောက်ပေရှိပြီး အလှူရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၁၈၆၁၄၅၀၀၊ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် သိန်း ၆၀ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၅၁၈ ၈၀၀၀ စုပေါင်းကုန်ကျငွေကျပ် ၄၃၂ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလယ်ယာ ကုန်ထုတ်လမ်း လူကူးကြိုးတံတား တည်ဆောက်ခြင်းကြောင့် ဒေသခံတောင်သူများ၏ စုစုပေါင်း စိုက်ဧက ၁၇၇ ဒသမ ၃၂ ဧကအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **ဟိုပင် (မြန်/ဆက်)**

# မိဘမဲ့နှင့် မသန်စွမ်းကလေးငယ်များ ပရဟိတရန်ပုံငွေလက်မှုပစ္စည်းနှင့် စားသောက်ကုန်အရောင်းပြပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

မိဘမဲ့နှင့် မသန်စွမ်းကလေးငယ်များပရဟိတရန်ပုံငွေ လက်မှုပစ္စည်းနှင့် စားသောက်ကုန်အရောင်းပြပွဲကိုရန်ကုန်မြို့ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဗဟိုသမဝါယမအဆောက်အအုံ ပဥ္စမထပ်၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကိုယ်တိုင်ဖန်တီးထုတ်လုပ်ထားသော လက်မှုပညာသည်များက ၎င်းတို့ထုတ်လုပ်ထားသည့် လူ့အသုံးအဆောင် ထုတ်ကုန်ပစ္စည်းများ၊ သတင်းစာဂျာနယ်တို့ကို ပြန်လည်ပြုပြင်ထားသော အိမ်တွင်း အလှဆင်ပစ္စည်းများ၊ အမျိုးသမီးဝတ်၊ ကလေးဝတ်အသုံးအဆောင်ပစ္စည်းများ၊ ဒေသအလိုက်ထွက်ရှိသော ထွက်ကုန်များ ပါဝင်ပြသထားသည်။



ပြပွဲစီစဉ်သူ မချောစုထွေးက "မြန်မာနိုင်ငံအတွင်းမှာ လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေအနေနဲ့လည်း မြန်မာမှုတွေကိုကြည့်ပြီး မြန်မာ့လက်ရာတွေ နိုင်ငံခြား တိုင်းပြည်နဲ့မခြား လုပ်နိုင်တယ်ဆိုတာလည်း သိစေချင်တယ်၊ နောက် မသန်စွမ်းကလေးလေးတွေကလည်း တခြားလူတွေလိုပဲ လုပ်နိုင်စွမ်းရှိပြီး လူ့ဘောင်အသိုက်အဝန်းမှာ နေရာရလာပြီးကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ဖြစ်လာစေပါတယ်"ဟုပြောသည်။

လက်မှုအနုပညာရှင် ၂၄ ဦးတို့၏ အိမ်တွင်းအလှဆင် ပစ္စည်းလက်ရာများ ပါဝင်ပြသထားသော ပြပွဲကို ယခုအခါ စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြသခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၅-၂၀၁၈

### ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |

### စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၈၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၉ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၃ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၂၈ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၁ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ・ ၉၅၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ・ ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၀၂၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမျှား - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဇွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံ အားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

✤ *ရှေ့ဖုံးမှ*

တွေ့ဆုံမှုအပြီးတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆက်လက်ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်သည်တော် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးတို့ တက်ရောက်သည်။

**နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး H.E. Smt. Sushma Swaraj တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်း သွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် အိန္ဒိယသံအမတ်ကြီး H. E. Shri Vikram Misri တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ အကြား ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီပုထိုးများအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း အသီးသီးလက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

**ဝင်ထွက်သွားလာနိုင်**

နယ်စပ်ဖြတ်သန်း သွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ သက်တမ်းရှိ ဗီဇာ၊ အီလက်ထရွန်နစ်ဗီဇာ ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသား၊ အိန္ဒိယနိုင်ငံသားများနှင့် တတိယနိုင်ငံသားများသည် သတ်မှတ်ထားသည့် တမူး (မြန်မာ)-မိုရေး (အိန္ဒိယ) နှင့် ရိခေါဒါရ် (မြန်မာ)- ဇိုခေါသာ (အိန္ဒိယ) နယ်စပ် ဝင်ထွက်ပေါက်များမှ ဝင်ထွက်သွားလာနိုင်မည်ဖြစ်ပြီး ဗီဇာသတ်မှတ်ရက်အတိုင်း နေထိုင်ခွင့်ရမည် ဖြစ်သကဲ့သို့ နှစ်နိုင်ငံ နယ်စပ်ဒေသနေ ပြည်သူများသည် တစ်နှစ်သက်တမ်းရှိ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် လျှောက်ထား၍ တစ်ဖက်နိုင်ငံသို့ ဝင်ထွက်သွားလာနိုင်မည် ဖြစ်သည်။



**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး H.E. Smt. Sushma Swaraj တို့ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်

**စီမံကိန်းများအကောင်အထည်ဖော်**

ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားများအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဆိုပါဘုရားများအား မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)တို့ ပူးတွဲလျက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည် ဖြစ်သည်။

**စာချွန်လွှာ အပြန်အလှန်လဲလှယ်**

ထို့ပြင် နှစ်နိုင်ငံ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာများ ဖြစ်ကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) တွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံမှ မော်တော်ယာဉ် ၁၀ စီး ထောက်ပံ့ပေးအပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် သထုံမြို့တွင် ဖွင့်လှစ်သွားမည့် Indo-Myanmar Industrial Training Centre တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အိန္ဒိယနိုင်ငံ အကူအညီဖြင့် မုံရွာမြို့တွင် ဖွင့်လှစ်သွားမည့် Indo-Myanmar Industrial Training Centre တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန၊ India Foreign Service Institute တို့အကြား မြန်မာသံတမန်များအတွက် စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာနှင့် အိန္ဒိယနိုင်ငံ အကူအညီဖြင့် မြင်းခြံမြို့တွင် ဖွင့်လှစ်ထားသည့် Indo-Myanmar Industrial Training Centre မွမ်းမံပြင်ဆင်ရန် ၅ နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ စာချွန်လွှာတို့အား အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

**သတင်းစဉ်**



**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် အိန္ဒိယသံအမတ်ကြီး H.E. Shri Vikram Misri တို့ ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောစေတီပုထိုးများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်

● *ရှေ့ဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရခိုင်ပြည်နယ် ... မဟုတ်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန် ပြင်ဆင်မှုများ ဆောင်ရွက်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသော (33/6.6-0.4)kV၊ (5)MVA Saw Mill(1)ခွဲရုံရှိ (6.6)kV (1000)kVA ဖီဒါ၏ ဓာတ်အားလိုင်း ၂၅ ခန်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို မေ ၁၃ ရက် တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်း ဆောင်ရွက်စဉ် အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မကျည်းတန်းတောင်ရပ်ကွက်၊ သရက်တောမြောက်ရပ်ကွက်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗဟိုစံပြငါးဈေးတို့တွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အား ပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

# နေပြည်တော် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ရုံးဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၁

**ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က နေပြည်တော်ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါနယ်မြေရှိ အားကစားလေ့ကျင့်ရေးစခန်း၊ Cluster-3, Building (7) ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဝင်း တို့က ဖဲကြိုးဖြတ်ပြီး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။**

### တက်ရောက်

အဆိုပါ ရုံးဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ရည်ရွယ်ဖွဲ့စည်း

ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းရခြင်းမှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူသိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊ ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊ ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ် ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလလျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊ အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင် ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဝင်းတို့ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ရုံးဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အစည်းအဝေးတက်ရောက်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စင်ကာပူနိုင်ငံတွင်ကျင်းပသည့် အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (14th Conference of the ASEAN Ministers Responsible for Information – AMRI )နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

### ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## E-Band လှိုင်းနှုန်းများ လျှောက်ထားရယူနိုင်ကြောင်း အသိပေး

**နေပြည်တော် မေ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် E-Band (Uplink 71.125 GHz ~ 75.875 GHz , Downlink 81.125 GHz~ 85.875 GHz)အတွင်းရှိ လှိုင်းနှုန်းများအား ITU Recommendation နှင့်အညီ 250 MHz Bandwidth ရှိ Channel များအား ငါးနှစ်သက်တမ်းရှိသောလှိုင်းနှုန်းစဉ်အသုံးပြုခွင့်အဖြစ် သတ်မှတ်ချထားပေးသွားမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Webpage ဖြစ်သည့် www. mote .gov.mm/my/news တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ဆိုင်းထားသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို မေလနောက်ဆုံးပတ်တွင် ကျင်းပနိုင်ရန် ရည်မှန်းထားပါကြောင်း၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအားလုံးသည် မိမိတို့ရည်မှန်းချက်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်အောင်မြင်မြင် ချောချောမောမော ကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ညီလာခံအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ညီလာခံကိုယ်စားလှယ်များ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအပြင် စိတ်အေးချမ်းသာ အဆင်ပြေစွာနိုင်ငံရေးဆွေးနွေးပွဲများ တက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များအားလုံးကို တာဝန်ယူဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး ပိုမိုကောင်းမွန်၊ ပိုမိုပြည့်စုံအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၏ အားနည်းချက်၊ အားသာချက်များနှင့် တတိယအစည်းအဝေးအတွက် အချိန်မီကြိုတင်ဖိတ်ကြားရေး၊ နေရာထိုင်ခင်းအတွက် ကြိုတင်ပြင်ဆင်ရေး၊ လိုအပ်သည့် IT ပစ္စည်းများပံ့ပိုးရေး၊ အဆင်ပြေစွာမှတ်တမ်းရယူနိုင်ရေး၊ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ ချိတ်ဆက်မှုပိုမိုကောင်းမွန်ရေး၊ နေထိုင်၊ စားသောက်မှုကိစ္စများ အဆင်ပြေစေရေးတို့နှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။



ထို့နောက် ဖိတ်ကြားရေး လုပ်ငန်းကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ခန်းမအတွင်းနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့မှ အတွင်းရေးမှူးများက ကဏ္ဍအလိုက် အားသာချက်၊ အားနည်းချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ၅ ရပ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကလေး-တမူး နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဂျုံလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန် ၅ ရပ်ချမှတ်**

ရှေးဦးစွာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ သန်းမြင့်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ဒုတိယဝန်ကြီး
ဦးအောင်ထူး

သမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့သည့်အတွက် သက်တမ်းတစ်နှစ်ခွဲကျော်ပြီ ဖြစ်ပါကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းစဉ်ကတည်းက လုပ်ငန်းတာဝန် (၅) ရပ်ချမှတ်ခဲ့ပြီး အဆိုပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ ၅ ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် လုပ်ငန်းကော်မတီ ၅ ခု၏ ဆောင်ရွက်မှုများကို နှစ်လတစ်ကြိမ်ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီ ၂၇ ရက် က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေး အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး ဖြေရှင်းပေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအထိ တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း (၁၆)ကြိမ် ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက်စုစုပေါင်း ၂၄၅ ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါ အချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားပေးပြီးဖြစ်ပါကြောင်း။

**ဖြေလျှော့ဆောင်ရွက်ပေးခဲ့**

အချို့ကိစ္စရပ်များသည် မပြီးပြတ်သေးဘဲ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ ဖြစ်နေသည့်အတွက် လုပ်ငန်းကော်မတီ ၅ ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public - Private Dialogue)များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာစေရေးအတွက် နိုင်ငံတော်က ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေမူဘောင်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်များကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ရပ်တည်နိုင်ရန် နယ်စပ်ဒေသမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ တရားမဝင်ကုန်သွယ်မှုများ ဝင်ရောက်လာနိုင်သည့် ရှောင်ကွင်းလမ်းကြောင်းများကို တားဆီးထိန်းချုပ်နိုင်ရန် အထူးအဖွဲ့များ ဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

**အဆင့် ၁၇၁ ရောက်ရှိနေ**

၂၀၁၈ ခုနှစ် Doing Business နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ သုံးနှစ်အတွင်းအဆင့် ၁၀၀ အောက်ရောက်ရှိရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်အောင်မြင်စေရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့ဝင် ၁၄ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

**ကြေညာသွားမည်ဖြစ်**

Ease of Doing Business Indicator များအလိုက် ညွှန်းကိန်း ၁၀ ခုကိုလုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business ကဏ္ဍ ၁၀ ခုမှ Getting Credit နှင့်စပ်လျဉ်း၍ ချေးငွေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့်အဖွဲ့အစည်း (Credit Bureau)ကို ခွင့်ပြုပေးပြီးဖြစ်ပါကြောင်းနှင့် မကြာမီထုတ် ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း။

Ease of Doing Business Ranking တိုးတက်ရေးအတွက် မေးခွန်းများ ဖြေကြားရာတွင် ဖြေကြားသူများ (Respondents) ဘက်မှ ဖြေလျှော့ဆောင်ရွက်ပေးမှုများအပေါ် မှန်ကန်စွာ ဖြေဆိုနိုင်ရေးသက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ အဖွဲ့များအား တွေ့ဆုံရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် လုပ်ငန်းရှင်များ ဘက်က စနစ်တကျပြန်လည်ဖြေကြားနိုင်ရေးကိုလည်း UMFCCI မှ ပူးပေါင်းဆောင်ရွက်မှုနှင့် တကယ်လက်တွေ့နယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှု တိုးတက်မှုအခြေအနေများကို ပေါ်လွင်အောင်ဖြေကြားနိုင်ရေးကိုလည်း အလေးထားကူညီ ဆောင်ရွက်ပေးစေလိုကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့လေးဖွဲ့အနေဖြင့် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ဆုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများတိုးတက်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက Ease of Doing Business Ranking တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကလေး- တမူးနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Smt. Sushma Swaraj အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**


တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသတွင် နှစ်ဖက်တပ်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်မြေတည်ငြိမ်အေးချမ်းလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတွင် အိန္ဒိယနိုင်ငံမှ ပါဝင် ကူညီဆောင်ရွက်ပေးနေမှု၊ ရခိုင်ဒေသဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို လေးစားမှုရှိရန်အရေးကြီးမှု၊ အခြေအနေမှန်များကို အိန္ဒိယနိုင်ငံက မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာ သိရှိရန် အသိပေးရှင်းလင်း ပြောကြားပေးမည့်အခြေအနေ၊ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် မိုင်းရှာဖွေဖော်ထုတ် ဖျက်ဆီးရေး ဆောင်ရွက်မည့်ကိစ္စရပ်များအား ပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မေ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား New Zealand Ministry of Foreign Affairs and Trade မှ Deputy Secretary of Pacific and Development Group, H.E. Mr. Jonathan Kings က ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ပေးခဲ့သည့်ကိစ္စများ၊ နယူးဇီလန်နိုင်ငံမှ ထောက်ပံ့ထားသော စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းအား ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဆက်စပ်အကောင်အထည်ဖော်မည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများ၏ အကူအညီများဖြင့် လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသအတွင်း တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုင်းအန္တရာယ်လျှော့ချရေးလုပ်ငန်းတွင် အတွေ့အကြုံရှိသော နယူးဇီလန်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ မိုင်းအန္တရာယ်ဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ မိုင်းအန္တရာယ် အသိပညာပေးခြင်း၊ မိုင်းရှာဖွေဖော်ထုတ် ဖျက်ဆီးရေးဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်ဝင်း



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း



ညွှန်ကြားရေးမှူးချုပ်
ဦးထွန်းလွင်ဦး

❑ *ကျောဖုံးမှ*

အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းလိုအပ်ချက်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီဝင်များမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည့်အတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်ရာတွင် များစွာ အထောက်အကူပြုနိုင်ခဲ့ပါကြောင်း။

## ရည်မှန်းချက်များ

ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သော အကျိုးရလဒ်များရရှိစေရန် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (Sustainable Development Goals) ကို ဆက်လက်ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

၂၀၁၈ ခုနှစ် မတ်လအတွင်း ဘရာဇီးနိုင်ငံ ဘရာစီးလီးယား (Brasilia) မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် တတိယအကြိမ် အာရှ - ပစိဖိတ်ရေညီလာခံ၏ ရလဒ်များကို တင်ပြခွင့်ရခဲ့သည့်အပြင် ကမ္ဘာ့ရေဖိုရမ်၏ ဝန်ကြီးအဆင့် ကြေညာစာတမ်း၌ မြန်မာနိုင်ငံ၏ ပါဝင်မှုကို ထည့်သွင်းဆွေးနွေးခွင့်ရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ အနေဖြင့် ရေနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍတစ်ခုမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## တတ်စွမ်းသမျှ ပါဝင်

ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ အနေဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ စီမံအုပ်ချုပ်လျက်ရှိသည့် ဝန်ထမ်းများပါ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်စေရန် အလေးထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် ရေဆိုင်ရာအခန်းကဏ္ဍတွင် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုနှင့် ရေအသုံးချမှု ဖြစ်ပေါ်စေရေး၊ တိုင်းရင်းသားပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေး၊ ရေနှင့်ဆက်နွယ်သော သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး၊ နယ်စပ်ဖြတ်ကျော်မြစ်များတွင် အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နည်းပညာများရယူပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ရေဆိုင်ရာ အချက်အလက်များ စုစည်းပြုစုပြီး ပြန်လည်ဖြန့်ဝေရေးတို့အတွက် ပံ့ပိုးပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

## ပူးပေါင်းညှိနှိုင်းရန် လိုအပ်

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီးလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီပြီး အမှန်တကယ် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများကိုသာ ဦးစားပေးညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံ လန်ချန်း - မဲခေါင် စသည့် ဒေသတွင်းနိုင်ငံများနှင့် ဆက်နွယ်သည့် ရေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း လိုအပ်သည့် ရှေ့လုပ်ငန်းစဉ်များ၊ စီမံကိန်းများအတွက် ပြင်ဆင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များကို မိမိတို့ ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အကြံပြုချက်များကို ယခုအစည်းအဝေးမှာ တက်တက်ကြွကြွ ဝိုင်းဝန်းဆွေးနွေး ပေးကြစေလိုပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့် ထိရောက်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ချောင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်ဆေးခြင်း၊ မြစ်ရေအရည်အသွေး စောင့်ကြည့်လေ့လာခြင်း၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များ တိုင်းတာ၍ အများပြည်သူသို့ ထုတ်ပြန်ခြင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ခြင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေယာဉ်များနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆက်နွယ်သည့် ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ရောဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပုဂံဒေသ၌ မိုးရေစုဆောင်းမှုဆိုင်ရာစနစ် (Rainwater Harvesting System) စသည့် ရေနှင့်သက်ဆိုင်သည့် ကဏ္ဍများတွင် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်ဝင်းနှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားရေအရင်းအမြစ်ကော်မတီဝင်များ၊ အကြံပေးအဖွဲ့နှင့် ဌာနဆိုင်ရာကျွမ်းကျင်သူအဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိမိတို့ ကော်မတီအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအလိုက် ပုံမှန်ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များအပြင် ရေနှင့် ဆက်နွယ်နေသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ပံ့ပိုးပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု၊ ရေနှင့်ဆက်နွယ်သော လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရေသယံဇာတဆယ်စုနှစ် (၂၀၁၈ - ၂၀၂၈) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရေဥပဒေမူကြမ်းပြုစုခြင်း၊ ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝရေထွက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ကာကွယ် ထိန်းသိမ်းခြင်း၊ သံလွင်မြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်များ၏ အရည်အသွေး တိုင်းတာစစ်ဆေးခြင်းနှင့် ရေထုညစ်ညမ်းမှု ကာကွယ်ရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအကြား အချက်အလက်များ မျှဝေခြင်းနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း၊ အမျိုးသားမိုးရေခံလှုပ်ရှားမှုနှင့် ဩစတြေးလျနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ လူငယ်ရေပညာရှင် လေ့ကျင့်မွေးထုတ်ရေး စသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် နိုင်ငံတော်၏အကျိုး၊ ပြည်သူလူထု၏ အကျိုးကို ရှေးရှု၍ နိုင်ငံနှင့်တစ်ဝန်း တောင်သူလယ်သမား အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၏ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် တင်ပြလာမှု ကိစ္စရပ်များ၊ နစ်နာကြေး၊ လျော်ကြေး ပေးချေရန် ကိစ္စရပ်များအား တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဝိုင်းဝန်းပူးပေါင်းဆွေးနွေးကြရန် ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏(၁၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးဦးသက်နိုင်ဦးက လယ်ယာမြေလျော်ကြေးပေးချေရမည့် ကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာမြေကိုခွင့်ပြုမိန့်မရှိဘဲ အခြားနည်းအသုံးပြုထားသည့် ကိစ္စရပ်များအပေါ် အသုံးပြုထားသည့် နည်းလမ်းအလိုက် သတ်မှတ်သင့်သည့် ဒဏ်ကြေးနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်ထောက်ခံတင်ပြပေးပို့လာသည့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲ(၅၈)တွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ အခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ထောက်ခံတင်ပြချက်များဖြင့် ပြီးပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) အရ လယ်ယာမြေအခြားနည်းသုံးစွဲခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍လည်းကောင်း လုပ်ငန်းကိစ္စရပ်များ အလိုက်ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဆောင်ရွက်ပေးလျက်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ထုတ်ပေးမှုနှင့် ပတ်သက်၍ လက်ရှိမြေပြင်တွင် တောင်သူလယ်သမားများ အမှန်တကယ်စိုက်ပျိုးဖြစ်ထွန်းနေပြီး ဌာန၏ မြေမျိုးသတ်မှတ်ချက်အရကျန် အခြားမြေအမျိုးအစား ဖြစ်နေခြင်းအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေမျိုးပြောင်းလဲသတ်မှတ်၍ လယ်ယာမြေအဖြစ်ပုံစံ(၇) ထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စပ်များကို ဆွေးနွေးဆောင်ရွက်ကြသည်။

ယင်းနောက် ခွင့်ပြုမိန့်မရရှိဘဲ ကြိုတင်အသုံးပြုထားသည့် ကိစ္စရပ်များအား ဒဏ်ကြေးငွေသတ်မှတ်၍ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်သင့်သည့် ဒဏ်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ၏ ပြန်ကြားစာအပေါ် ရှင်းလင်းဆွေးနွေးကြသည်။



လယ်ယာမြေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အလွယ်တကူ အခြားနည်းအသုံးပြုခြင်းဖြင့် တည်ဆဲဥပဒေကိုချိုးဖောက်ခြင်းဖြစ်သကဲ့သို့ မြို့မြေရွာမြေများ တန်ဖိုးကြီးမြင့်လာသည့်အလျောက် မြို့ရွာများနှင့် ဆက်စပ်သည့်လယ်ယာမြေများကို နည်းအမျိုးမျိုးဖြင့်ရယူပြီး အခြားနည်း အသုံးပြုခွင့် ရယူဆောင်ရွက်သည့် ဥပဒေမဲ့ဆောင်ရွက်သည့် နည်းစနစ်အား ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်ချက်အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် ရွှေတိဂုံစေတီရင်ပြင်တော်၌ အသံမစဲ ဥပ္ပါတသန္တိပရိတ်တော် ရွတ်ဖတ်ပူဇော်

ရန်ကုန် မေ ၁၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်ရည်ရွယ်၍ အသံမစဲ ဥပ္ပါတသန္တိပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားပင့်ခြင်း၊ နတ်ပြဟ္မာများအား ပင့်ဆောင်သည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကျိုက်ပိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဂုဏေသနထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား နဝကမ္မအလှူတော်ငွေ ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာ ဘိဝံသက ဩဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ဥပ္ပါတသန္တိပရိတ်တော်အား စုပေါင်းရွတ်ဖတ် ပူဇော်ကြပြီး အလှည့်ကျ ဘာဏက သံဃာတော်က ဥပ္ပါတသန္တိပရိတ်တော် ရွတ်ဖတ်တော်မူသည်။

ရွှေတိဂုံစေတီ အသံမစဲဥပ္ပါတသန္တိပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့မှ မေ ၁၄ ရက်အထိ ကျင်းပပူဇော်သွားမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ - ရဲထွဋ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ ပြည်သူ့ဝန်ထမ်းဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုလေ့လာရေးအစီအစဉ်သို့ တက်ရောက်

နေပြည်တော် မေ ၁၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ (Chinese Academy of Governance- CAG) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် မေ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုလေ့လာရေးအစီအစဉ် (China-Myanmar Cooperation on Civil Service Affairs) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**



အဆိုပါ လေ့လာရေးခရီးစဉ်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ (CAG)တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာမူဝါဒ၊ မူဝါဒအကြံပေးခြင်းများ၊ ခေါင်းဆောင်မှုသင်တန်းများ၊ သုတေသနလုပ်ငန်းများ၊ လေ့ကျင့်ရေးကိစ္စရပ်များနှင့် ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးခြင်းစသည့် နယ်ပယ်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုအကယ်ဒမီ (CAG) နှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အဆိုပါ MoU အပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ခရီးစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Academy of Governance မှ Vice President , Mr. Chen Li နှင့် သွားရောက်တွေ့ဆုံ၍ အကယ်ဒမီ ဖွင့်လှစ်တည်ထောင်မှုနှင့် နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာကိစ္စများအား ဆွေးနွေးဆောင်ရွက်ခြင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပညာသင်ကြားမှုစနစ်များအား လေ့လာဆွေးနွေးခြင်း၊ ဆက်လက်၍ ပီကင်းတက္ကသိုလ်ရှိ Institute of South-South Cooperation and Development (ISSCAD) သို့ သွားရောက်ကာ Leadership Development Programme နှင့် ပတ်သက်၍ လေ့လာ ဆွေးနွေးခြင်း၊ Chinese Bureau of Civil Service ရှိ Department of the Central Committee of the CPC မှ ဌာနအကြီးအကဲနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များအား ဆွေးနွေးလေ့လာခဲ့သည်။ မေ ၁၀ ရက်တွင် ရှန်ဟိုင်းပြည်နယ်၏ ဒုတိယမြို့တော်ဝန် Shanghai Institute of Administration ၏ ဥက္ကဋ္ဌ Mr. PENG Chenlei နှင့် တွေ့ဆုံကာ ရှန်ဟိုင်းပြည်နယ်၏ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုစနစ်အား ဆွေးနွေးခြင်း၊ မေ ၁၁ ရက်တွင် ကူမင်းမြို့ရှိ Yunnan Institute of Administration သို့ သွားရောက်၍ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ပေးမှုနှင့် နိုင်ငံ့ဝန်ထမ်းရေးရာ ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# CEO Conference အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအား ဆွေးနွေး

**ရန်ကုန် မေ ၁၁**

CEO Conference အခမ်းအနားကို ရန်ကုန်မြို့ရှိ Novotel Max Yangon ဟိုတယ်၌ ယနေ့ ကျင်းပခဲ့ပြီး အစိုးရအဖွဲ့ဝင်အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ အမှုဆောင်အရာရှိများ၊ အကြီးတန်းအရာရှိများနှင့် အခြားသော နယ်ပယ်အသီးသီးမှ ဦးဆောင်ပုဂ္ဂိုလ်များက မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုခဲ့ကြသည်။

အဆိုပါ CEO Conference အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ အပါအဝင် နယ်ပယ်အသီးသီးမှ ဦးဆောင်ပုဂ္ဂိုလ်များ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများနှင့် ခရီးသွားများအား ဆွဲဆောင်နိုင်စေရန် လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လုပ်ငန်းကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံပါက ရရှိနိုင်မည့် အားသာချက်များနှင့် အကျိုးအမြတ်များအကြောင်းကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အဓိကကဏ္ဍကြီး သုံးရပ်ဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍတွေကို ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်သွားလိုပါတယ်၊ ဒါပေမယ့် ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ပြည်တွင်းပြည်ပမှာရှိတဲ့ မိတ်ဆွေတွေက အထူးအာရုံစိုက် ဝိုင်းဝန်းကူညီပေးစေလိုပါတယ်၊ စနစ်တကျလေ့လာပြီး လာရောက်ရင်းနှီးမြှုပ်နှံစေလိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်တာကြောင့် ဥပဒေနဲ့အညီ ရပိုင်ခွင့်တွေကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်ဆိုတာကို ကတိပြုပြောကြားလိုပါတယ်၊ တိုင်းဒေသကြီးအတွင်းမှာ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကလေးမြို့တွေမှာ စက်မှုဇုန်များလည်း တည်ထောင်ပြီးဖြစ်တာကြောင့် အဆင်သင့်လာရောက်ရင်းနှီးမြှုပ်နှံလို့ ရပါတယ်၊ ဒါ့အပြင် အိန္ဒိယနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေပြီး နှစ်နိုင်ငံအကြားမှာ ကောင်းမွန်တဲ့ဆက်ဆံရေးလည်းရှိတာကြောင့် ကုန်သွယ်မှုကဏ္ဍကို အောင်မြင်အောင် ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေလည်းရှိပါတယ်၊ လုပ်ငန်းရှင်တွေ၊ မိတ်ဆွေတွေအနေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးကို ဘယ်လိုကူညီပေးနိုင်မယ်၊ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတာတွေကို ဝိုင်းဝန်းစဉ်းစားပေးကြပါလို့ ဒီနေရာကနေ မေတ္တာရပ်ခံလိုပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

ထို့အပြင် ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတများအား တူးဖော်ရာတွင် စနစ်တကျ၊ စည်းကမ်းတကျတူးဖော်ထုတ်လုပ်မှသာ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထု နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည်ဟူသည့် အချက်ကိုလည်း အလေးပေးထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဥပဒေကို လေးစားလိုက်နာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ကုမ္ပဏီတွေ အများအပြား လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် တရားမဝင်ဆောင်ရွက်မှုတွေ လျော့နည်းပပျောက်ပြီး တရားဥပဒေ ပိုမိုစိုးမိုးလာမယ်၊ သဘာဝပတ်ဝန်းကျင်ကိုလည်း ပိုမိုထိန်းသိမ်းနိုင်လာမယ်၊ ဒီလိုဆိုရင် နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဒုတိယအကြီးဆုံးဖြစ်ပြီး လူဦးရေအားဖြင့် ၅၃ သိန်းကျော် (တစ်နည်းအားဖြင့် မြန်မာနိုင်ငံ စုစုပေါင်း လူဦးရေ၏ ၁၀.၃ ရာခိုင်နှုန်းကျော်) ရှိသည်။ မြန်မာနိုင်ငံ အထက်ပိုင်း၏ စပါးကျီအဖြစ် သတ်မှတ်ခြင်းခံရသည်နှင့်အညီ တိုင်းဒေသကြီးတွင် စိုက်ပျိုးဖြစ်ထွန်းနေသည့် လယ်ယာမြေများစွာရှိပြီး ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား အဓိက စိုက်ပျိုးကြသည်။ ထို့အပြင် ထူးခြားသည့် သဘာဝနေရာများ၊ တန်ခိုးကြီးစေတီပုထိုးများအပြင် ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းနှင့် သက်ဆိုင်သော လေ့လာစရာ နေရာများစွာလည်းတည်ရှိပြီး ရှားပါး၍ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဇီဝမျိုးကွဲမျိုးစုံအားလည်း တိုင်းဒေသကြီးမှ ပိုင်ဆိုင်ထားသည်။ ကျောက်စိမ်း၊ ပယင်း၊ ဒုတ္တာ၊ ကြေးနီ၊ နီကယ်၊ ရွှေ၊ ကျောက်မီးသွေးနှင့် ရေနံစသည့် သဘာဝတွင်းထွက်သယံဇာတများကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် နိုင်ငံတကာနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

**ခင်ရတနာ**

# မိုးသည်းထန် လေပြင်းတိုက်၍ နေအိမ်အချို့ပျက်စီးမှုဖြစ်

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မေ ၁၀ ရက် ညနေ ၇ နာရီ မိနစ် ၂၀ ခန့်က မိုးများရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်ခဲ့မှုအရှိန်ကြောင့် ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် တောင်မုန်းမြောင်းမကြီး ဆည်တာပေါင်လမ်းမပေါ်ရှိ အရှည်ပေ ၃၂၀၀၀ နှင့် ၃၉၀၀၀ ကြားရှိ သက်တမ်းရင့်သစ်ပင်ကြီးများနှင့် သစ်ပင်ငယ်များ ပြိုလဲပျက်စီးမှုများဖြစ်ပွားခဲ့သည့်အတွက် မေ ၁၁ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဒေသခံကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်သွားလာရေး အဆင်ပြေစေရန် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

**လယ်ဝေး**

မေ ၁၀ ရက် ည ၁၁ နာရီခွဲခန့်က နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းခဲ့ရာ လယ်ဝေးမြို့ အားကစားကွင်းအတွင်းရှိ အဆောက်အအုံအချို့မှာ ယင်းနှင့် ခြံစည်းရိုးချင်း ကပ်လျက်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ၁၀ ခန်းတွဲ လိုင်းပေါ်သို့ လွင့်စဉ်လဲပြိုကျပြီး အနည်းငယ်ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**

**ဖြူး**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် မေ ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကြွေကျသဖြင့် ဖြူးမြို့ ဘူတာတောင်ပိုင်းရပ်ကွက် ရန်ကုန်-မန္တလေးရထားလမ်းအနီးရှိ လုံးပတ်ပေ ၂၀ ခန့်ရှိ သက်တမ်းရင့် ညောင်ပင်တစ်ပင် လေဒဏ်ကြောင့် အိမ်ပေါ်သို့ ပြိုလဲခဲ့သည်။ ထိုသို့ပြိုလဲခဲ့၍ မိသားစုနှစ်ဦးအနက် မိခင်ဖြစ်သူ ဒေါ်ပါဝလီ (၃၇နှစ်) မှာ ထိခိုက်ဒဏ်ရာရရှိခဲ့၍ ဖြူးဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ ည ၇ နာရီတွင် ရရှိသောဒဏ်ရာကြောင့် သေဆုံးသွားခဲ့ပြီး ငါးနှစ်အရွယ်သမီးငယ်မှာ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

# ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော်  မေ  ၁၁**

ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက** ဒီမိုကရေစီနိုင်ငံတွင် အစိုးရကို ပြည်သူက ရွေးကောက်တင်မြှောက်ရပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့တင်မြှောက်လိုက်သည့် အစိုးရ၏လုပ်ကိုင်ဆောင်ရွက်ပုံများကို မေးမြန်းသိရှိပိုင်ခွင့်ရှိကြောင်း၊ အစိုးရနှင့် ပြည်သူအကြားတွင် ဆက်သွယ်သည့်တာဝန်ကို မီဒီယာက ဆောင်ရွက်ပေးရပါကြောင်း၊ မီဒီယာ၏ တာဝန်သည် မှန်မြတ်သဖြင့် တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို စေတနာထား ဆောင်ရွက်ရပါကြောင်း၊ သတင်းအချက်အလက် သိရှိပိုင်ခွင့်သည် မီဒီယာသမားများအတွက် အရေးကြီးသည်ကို နားလည်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်များတွင် အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သတင်းသမားများ၏ မေးမြန်းမှုကိုဖြေကြားပေးရန် သတင်းနှင့် ပြန်ကြားရေးအဖွဲ့များကို ဖွဲ့စည်းထားရှိရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းမီဒီယာသမားများ ပဋိပက္ခဒေသများသို့ သတင်းသွားရောက်ရယူနိုင်ရေးကိုလည်း အခြေအနေပေးသလောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များရှိနေသေးသည်ကို အသိအမှတ်ပြုပါကြောင်း၊ သတင်းမီဒီယာ လွတ်လပ်ခွင့်အတွက် အဟန့်အတားဖြစ်နေသည့် ဥပဒေများကိုလည်း ပြင်ဆင်နိုင်ရန် စဉ်းစားသုံးသပ်နေပြီး ပယ်ဖျက်သင့်သည်တို့ကို ပယ်ဖျက်ကာ အသစ်ရေးဆွဲသင့်သည်များကိုလည်း အသစ်ရေးဆွဲရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရက် ၁၀၀၊ ပထမ ၁ နှစ်တာ၊ ဒုတိယ ၁ နှစ်တာဟူ၍ သုံးကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အခြေအနေပေးသည့်တစ်နေ့တွင် သတင်းစာရှင်းလင်းပွဲများကို ပုံမှန်ကျင်းပနိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။



နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။



ပြည်ထောင်စု တရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်

**ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က** မြန်မာနိုင်ငံတရားသူကြီးများအတွက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တရားစီရင်ရေးကျင့်ဝတ်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တရားစီရင်ရေး ကျင့်ဝတ်ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် တရားသူကြီးများ၊ တရားရေးဝန်ထမ်းများသာမက တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်ပါဝင်သူအားလုံး တရားစီရင်ရေးစနစ်အပေါ် ပိုမိုသိရှိလာပြီး ခိုင်မာသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

တရားရုံးနှစ်စဉ် အစီရင်ခံစာစာအုပ်များကို ထုတ်ပြန်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာကိုလည်း ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင်ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

## ပြည်သူလူထုသိရှိရန် ဆောင်ရွက်လျက်ရှိ

တရားရုံးနှစ်စဉ် အစီရင်ခံစာအုပ်ကို ထုတ်ဝေခြင်းဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်တို့၏ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာပြီး တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများပြည်သူသိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အစီရင်ခံစာ စာအုပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝက်ဘ်ဆိုက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း။

အများပြည်သူဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုအပိုင်းအနေဖြင့် အသိပညာပြန့်ပွားရေးအတွက် ပြည်သူလူထုလက်ဝယ်သို့ တရားရုံး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာဇဝတ်အကြောင်း သိကောင်းစရာ၊ တရားမ အမှုအကြောင်း သိကောင်းစရာ၊ စာချုပ်လွှာအကြောင်း သိကောင်းစရာ၊ သင့်အတွက် တရားရုံးဆိုသည့် လက်ကမ်းစာစောင်များကိုလည်း ပြည်သူလူထုသိရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းများကိုလည်း တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ပြင်ပမှအဖွဲ့အစည်းများကို လာရောက်လည်ပတ် လေ့လာခွင့်ပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာသမားများအတွက် တရားရုံးသတင်းမီဒီယာ လက်စွဲစာအုပ် ဖြန့်ဝေပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာနှင့် ဆက်ဆံရာတွင် ဆက်ဆံရေးကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတင်းမီဒီယာ အထူးသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း တရားရုံးနှင့် သတင်းမီဒီယာ ထိတွေ့ဖြေကြားမှု အကြိမ် ၁၅၀ ကျော် ရှိခဲ့ပါကြောင်း၊ သတင်းမီဒီယာနှင့် တရားရုံးများအကြား ယုံကြည်မှုကို အတိုင်းအတာတစ်ခုအထိ တည်ဆောက်နိုင်ခဲ့ပါကြောင်း။

## ကိုယ်တိုင်အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့

ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်အတွင်း အလုပ်သင်ရှေ့နေ ၁၈၁၆ ဦး၊ အထက်တန်းရှေ့နေ ၈၇၉ ဦးကို အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ခဲ့သည့်အပြင် တရားလွှတ်တော်ရှေ့နေ ၂၃၅၂ ဦးကိုလည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ကိုယ်တိုင် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပါကြောင်း။



ပြည်ထောင်စု တရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး

တရားသူကြီးများ အရည်အသွေးမြှင့်တင်ရန်အတွက် နိုင်ငံတကာသို့ ပြည်ပပညာတော်သင် ၁၂ ဦး၊ နိုင်ငံတကာတွင် ပြုလုပ်သည့် ပြည်ပအစည်းအဝေးပွဲများသို့ သင်တန်းသား ၁၁၈ ဦး၊ နိုင်ငံတကာနှင့် ပြုလုပ်သည့် ပြည်တွင်းအစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့ သင်တန်းသား ၁၄၄ ဦးတို့ကို စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်ချက်အရ Judicial College ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**အလားတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက** ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာ့တရားစီရင်ရေးကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်နှင့် တရားရုံးများ ခေတ်မီအောင်ဆောင်ရွက်ရန်အတွက် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ၂ နှစ်တာကာလအတွင်း တရားစီရင်ရေးဆိုင်ရာ ပြုပြင်မှုများကို မဟာဗျူဟာစီမံကိန်း၏ ဒုတိယနှစ်(၂၀၁၆)နှင့် တတိယနှစ်(၂၀၁၇) လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအသစ် ၂၀၁၈ - ၂၀၂၂ ကိုလည်း စတင်အကောင်အထည်ဖော်နေပါကြောင်း။

## ရှေ့ပြေးတရားရုံးအစီအစဉ်

တရားရုံးများရှိ ကြန့်ကြာမှုခင်းများ လျှော့ချ၍ တရားရုံးစွမ်းရည်မြင့်မားလာစေရန်အတွက် ခေတ်မီ အမှုသွားအမှုလာ စီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူများ တရားမျှတမှုနှင့် တရားရုံး သတင်းအချက်အလက်များ လွယ်ကူစွာ လက်လှမ်းမီရေးအတွက် အထောက်အပံ့များ၊ အစီအစဉ်များကို စမ်းသပ်အကောင်အထည်ဖော်ရန်ရည်ရွယ်၍ ရှေ့ပြေးတရားရုံး အစီအစဉ်ကို လှိုင်သာယာ၊ ဘားအံမြို့နယ်တရား ရုံးများ၊ တောင်ငူခရိုင် တရားရုံးတို့တွင် ၂၀၁၅ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ချမ်းအေးသာစံ၊ မကွေး၊ ပုသိမ်မြို့နယ်တရားရုံးများ၊ မုံရွာနှင့် မော်လမြိုင်ခရိုင် တရားရုံးတို့တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း စတင်အကောင်အထည် ဖော်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုသွားအမှုလာ စီမံခန့်ခွဲမှု အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ထုတ်ပြန်၍ ရာဇဝတ်မှုများနှင့် တရားမမှုများတွင် အမှုမစစ်ဆေးမီ မှုခင်းစီမံခန့်ခွဲမှုကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အမှုအမျိုးအစားခွဲခြားခြင်း၊ အမှုစစ်ဆေးရန် ကြာမြင့်ချိန်သတ်မှတ်ခြင်း၊ အသုံးပြုမည့် စည်းမျဉ်းများ မှုခင်းကြာမြင့်မှုလျှော့ချခြင်း လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

တရားရုံးတွင်စွဲဆိုသည့် မှုခင်းများ၏ အချက်အလက်များ ထည့်သွင်းခြင်း၊ စစ်ဆေးစဲအမှုများ၏ သက်တမ်းကို စောင့်ကြည့်ခြင်း၊ မှုခင်းအခြေအနေတင်ပြခြင်း၊ မှုခင်းစီမံခန့်ခွဲမှု အချက်အလက်ပြုစုခြင်းတို့ကို ကွန်ပျူတာများအသုံးပြု၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် တရားရုံးအသုံးပြုသူများ၏ တရားရုံးဝန်ဆောင်မှုများအပေါ် ကျေနပ်မှုကို စစ်တမ်းကောက်ယူခြင်း ပြုလုပ်ခဲ့ပါကြောင်း။

## တရားရုံးအဆင့်ဆင့်၏ မှုခင်းဆောင်ရွက်မှုအခြေအနေ

တစ်နိုင်ငံလုံး၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၆ ရာခိုင်နှုန်းဖြစ်ပြီး ကနဦးရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၈ ဒသမ ၅ ရာခိုင်နှုန်း၊ တိုးချဲ့ရှေ့ပြေးတရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်၍ ရလဒ်ပိုမိုကောင်းမွန်သည်ကို တွေ့ရပါကြောင်း၊ ရှေ့ပြေးတရားရုံးအစီအစဉ် အောင်မြင်မှုရရှိသဖြင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ တရားရုံးများတွင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း။

အဆိုပါ တရားရုံးများ၏ ဆောင်ရွက်ချက်များကို ၂၀၁၈ ခုနှစ် မေလ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး တရားရုံးနှစ်စဉ် အစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website http://www.unionsupremecourt.gov.mm ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲ @ousc.publicrelations လူမှုကွန်ရက်တွင် ရယူနိုင်ပါကြောင်း။

## တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာ ပြောင်းလဲသတ်မှတ်

၂၀၁၇ ခုနှစ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှစ်ရုံးဖွင့်လှစ်၍ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၇ ဖြင့် လောက်ကိုင်ခရိုင် တရားရုံးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆၉/၂၀၁၇ ဖြင့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွဲ့စည်း၍ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့ပါကြောင်း။

## ဥပဒေလုပ်ထုံးလုပ်နည်းဆောင်ရွက်ချက်များ

၂၀၁၇ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲရသော ဥပဒေ (၅၂) မျိုးအနက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် ဥပဒေ (၄)ခုအား ပြင်ဆင်ခြင်းနှင့် နည်းဥပဒေထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀/၂၀၁၇)၊ အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်

**စာမျက်နှာ ၉ သို့**

"တရားရုံးများရှိ ကြန့်ကြာမှုခင်းများ လျှော့ချ၍ တရားရုံး စွမ်းရည်မြင့်မားလာစေရန်အတွက် ခေတ်မီ အမှုသွားအမှုလာ စီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူများ တရားမျှတမှုနှင့် တရားရုံး သတင်းအချက်အလက်များ လွယ်ကူစွာ လက်လှမ်းမီရေးအတွက် အထောက်အပံ့များ၊ အစီအစဉ်များကို စမ်းသပ်အကောင်အထည်ဖော်ရန်ရည်ရွယ်၍ ရှေ့ပြေးတရားရုံးအစီအစဉ်ကို လှိုင်သာယာ၊ ဘားအံမြို့နယ်တရားရုံးများ၊ တောင်ငူ ခရိုင်တရားရုံးတို့တွင် ၂၀၁၅ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ချမ်းအေးသာစံ၊ မကွေး၊ ပုသိမ် မြို့နယ်တရားရုံးများ၊ မုံရွာနှင့် မော်လမြိုင်ခရိုင် တရားရုံးတို့တွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း စတင်အကောင်အထည်ဖော်ခဲ့"



နယ်စပ်ရေးရာဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးစိုင်းထွန်းညို



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး

**စာမျက်နှာ ၈ မှ**

ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၇)၊ မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄/၂၀၁၇)၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅/၂၀၁၇)၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းဥပဒေ (ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာ စာအမှတ် ၁၀၁၉/၂၀၁၇) တို့ ဖြစ်ပါကြောင်း။

**အကျဉ်းထောင်၊ ရဲဘက်စခန်းများနှင့် ရဲတပ်ဖွဲ့အချုပ်ခန်းများအား စစ်ဆေးကြည့်ရှုခြင်း**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများအနေဖြင့် အကျဉ်းထောင်များသို့ ၆၁ ကြိမ်၊ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့ ၄၄၅ ကြိမ်၊ ရဲဘက်စခန်းများသို့ ၂၆ ကြိမ် သွားရောက်စစ်ဆေး၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျ အကျဉ်းသူ၊ အကျဉ်းသားများအတွက် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားနိုင်ရေးနှင့် အမှုများ စစ်ဆေးစီရင်ရာတွင် နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **"တရားမျှတရေး အတူတကွ မြှင့်တင်ပေး"(Advancing Justice Together)** ဆိုသည့် ဆောင်ပုဒ်နှင့်အတူ မြန်မာနိုင်ငံတရားစီရင်ရေး၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ကို ချမှတ်ကာ လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများ ကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် သုံးနှစ်တာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ၏ အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ် အခြေပြုပြီးနောက် ပြည်သူလူထု၏ ဖြစ်ပေါ်လျက်ရှိသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် မြန်မာ့တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** ဆောင်ပုဒ်ဖြင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအသစ် ၂၀၁၈ - ၂၀၂၂ ကို ချမှတ်၍ ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ**

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးစိုင်းထွန်းညိုက** နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အဓိကလုပ်ငန်းနှစ်ခုကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ ပညာဆက်လက် သင်ကြားနိုင်ခြင်းမရှိသည့် ကလေးများအတွက် အသက်မွေးမှု သင်တန်းကျောင်းများကို ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများရှိ ကလေးများအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ဒီဂရီကောလိပ် နှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်းများမှ ကျောင်းဆင်းလူငယ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် နောင်မွန်းမြို့နယ် အတွင်းရှိ ခေါင်လန်ဖူးဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် မဂွေဇ - ခေါင်လန်ဖူး လမ်း(၆၅/၄)မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ လေးနှစ်စီမံကိန်းဖြင့် မဂွေဇ-ငါ့လုံဒမ် လမ်းပိုင်း (၂၅/၄)မိုင်၊ ငါ့လုံဒမ်-ရီဒမ်းလမ်းပိုင်း(၁၈/၄)မိုင်နှင့် ရီဒမ်း-ခေါင်လန်ဖူးလမ်းပိုင်း(၂၁/၄)မိုင်ကို ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့**

နယ်စပ်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုကျောင်းအသစ်လေးကျောင်းကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကို ပခုက္ကူနှင့် ပုသိမ်မြို့တို့၌ ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းသူ ၁၅၀ ကို အသိအမှတ်ပြု လက်မှတ်ပေးအပ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက ရှင်းလင်းပြောကြားသည်။**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ တိုးတက်မှုအနေဖြင့် ၄၀ မဂ္ဂါဝပ်ရှိ မြစ်သာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ၅၀ မဂ္ဂါဝပ်ရှိ သီလဝါ ဓာတ်အားပေး စက်ရုံ၊ ၁၃၃ မဂ္ဂါဝပ်ရှိ မြင်းခြံ ဓာတ်အားပေးစက်ရုံတို့ကို တည်ဆောက်ပြီးစီးခဲ့သည့်အပြင် မော်လမြိုင် စက်ရုံ၌ Gas Turbine ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ ၇၈ မဂ္ဂါဝပ်ရှိ Combined Cycled Power Plant ကို ၂၀၁၆-၂၀၁၇ တွင်လည်းကောင်း စက်တပ်ဆင်ပြီးစီးခဲ့ကြောင်း။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၁၈ မဂ္ဂါဝပ်ရှိ သထုံဓာတ်အားပေးစက်ရုံ၊ ၁၀၆ မဂ္ဂါဝပ်ရှိ သာကေတ ဓာတ်အားပေးစက်ရုံနှင့် ၂၂၅ မဂ္ဂါဝပ်ရှိ မြင်းခြံ Sembcorp ဓာတ်အားပေးစက်ရုံ စုစုပေါင်း သုံးရုံ ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၂၇၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ခုနစ်သိန်းကျော် ဓာတ်အားရရှိခဲ့ကြောင်း၊ ဓာတ်အားလိုင်း ရှင်းလင်းမှုအနေဖြင့် ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားဆုံးရှုံးမှုကို ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများမှ ၅၅၃၈ ဒသမ ၇၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ၎င်းတို့တွင် အသေးစားရေအားလျှပ်စစ်စက်ရုံငယ်များမှ ၃၄ ဒသမ ၁၇ မဂ္ဂါဝပ်နှင့် ဒီဇယ်စက်ရုံများမှ ၈၇ ဒသမ ၆၃ မဂ္ဂါဝပ်တို့ ပါဝင်ကြောင်း။

အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်(National Electricity Master Plan-NEP) အရ ၂၀၁၅ ခုနှစ်တွင် ၂၅၂၇ မဂ္ဂါဝပ် သုံးစွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၅၃၁ မဂ္ဂါဝပ် တိုးတက်သုံးစွဲမည်ဖြစ်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၂၀၀၄ မဂ္ဂါဝပ်ရှိမည်ဖြစ်ကြောင်း၊ နှစ်စဉ် နွေရာသီကာလအတွင်း အမြင့်ဆုံးသုံးစွဲခဲ့သည့် ဓာတ်အားလိုအပ်ချက်အား ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ယင်းထုတ်လုပ်မှုများတွင် နှစ်စဉ်တိုးတက်သုံးစွဲလာသည့် ဓာတ်အားတောင်းခံမှုများကို အပြည့်အဝ ဖြည့်ဆည်းနိုင်ခြင်းမရှိဘဲ ဆိုင်းငံ့ထားရသည့် ဓာတ်အားတောင်းခံမှုများရှိကြောင်း၊ အဆိုပါဓာတ်အားတောင်းခံ လျှောက်ထားမှုများအား အပြည့်အဝ ဖြည့်ဆည်းပေးပါက တိုးတက်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်ကြောင်း။

**သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိ**

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ်အထိ ကမ်းလွန်လုပ်ကွက်အသစ် ခြောက်ခုနှင့် ကုန်းတွင်းလုပ်ကွက်အသစ် လေးခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ပိုင်း လုပ်ကွက်ပေါင်း ၁၀၄ ကွက်ကို သတ်မှတ် လုပ်ကိုင်ခွင့် ပြုထားကြောင်း။

ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ SIEMENSA.G ကုမ္ပဏီတို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်ဒေသတွင် ၁၂၃၀ မဂ္ဂါဝပ်ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhefu Holding Group Co.,Ltd နှင့် မြန်မာနိုင်ငံ Supreme Trading Co.,Ltd တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး မီးလောင်ကျိုင်ဒေသတွင် ၁၃၉၀ မဂ္ဂါဝပ်ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ TTCL Public Company Limited ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံတွင် ၃၅၆ မဂ္ဂါဝပ်ထွက်ရှိမည့် LNG to Power စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation Limited နှင့် မြန်မာနိုင်ငံ Supreme Trading Co.,Ltd တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိရေနံချက် စက်ရုံသုံးရုံအနက် ချောက်နှင့် သံပရာကန် စက်ရုံနှစ်ရုံသာ လည်ပတ်လျက်ရှိရာ တစ်နေ့လျှင် ရေနံ ဂါလန် သုံးသိန်းခွဲခန့်သာ ချက်လုပ်နိုင်ကြောင်း၊ ပြည်တွင်းရှိ စက်ရုံများ၏ သက်တမ်းမှာ နှစ်ကာလကြာရှည်ခြင်း၊ ဒီဇိုင်းအရ ခေတ်မမီခြင်းတို့ကြောင့် ထွက်ရှိလာသော ဓာတ်ဆီ၊ ဒီဇယ်ဆီများမှာ ခေတ်မီ မော်တော်ယာဉ်များတွင် ထည့်သွင်းသုံးစွဲရန် မသင့်ခြင်း၊ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်များပြားခြင်းတို့ကြောင့် ပြည်ပမှ နှစ်စဉ်ရေနံထွက်ပစ္စည်း ဂါလန်တန်ချိန် လေးသန်းခန့်ကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း။

ပြည်တွင်းရှိ ရေနံချက်စက်ရုံများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် အရွယ်အစားရှိပြီး ခေတ်မီနည်းပညာရပ်များဖြင့် အရည်အသွေးမြင့် ရေနံထွက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ရေနံချက်စက်ရုံအသစ် တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း။

**တွက်ခြေကိုက်သော စက်ရုံများဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်**

ဓာတ်မြေသြဇာ စက်ရုံ ငါးရုံရှိပြီး စက်ရုံ နှစ်ရုံမှာ သဘာဝဓာတ်ငွေ့လုံလောက်စွာမရရှိ၍ ရပ်ဆိုင်းထားကြောင်း၊ လည်ပတ်လျက်ရှိသော စက်ရုံသုံးရုံမှာ စက်စွမ်းအား ကျဆင်းလာခြင်းကြောင့် စီးပွားဖြစ်တွက်ခြေကိုက် ထုတ်လုပ်ရန် ရုန်းကန်လျက်ရှိပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်မှာ နှစ်စဉ် ဓာတ်မြေသြဇာ တန်ချိန် ၁၂ သိန်းဝန်းကျင်ခန့်ရှိပြီး စက်ရုံများမှ ၁ ဒသမ ၂ သိန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် စီးပွားဖြစ် တွက်ခြေကိုက်သော စက်ရုံများဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရေနံဓာတ်ငွေ့ရည်ကဏ္ဍ ဖြန့်ဖြူးထုတ်လုပ်မှု တိုးတက်စေရေးအတွက် LPG Terminal တစ်ခုကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စု တစ်သန်းအား ရေနံဓာတ်ငွေ့ရည် တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ဆောင် ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု လျော့ကျရေး၊ သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးအတွက် ထင်းမီးသွေးသုံးစွဲမှုကို အစားထိုးနိုင်ရေးနှင့် ကျေးလက်မြို့ပြ ပြည်သူအားလုံး သုံးစွဲနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **ဟန်မင်းကြူ (သတင်းစဉ်)**



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ

**" ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၁၈ မဂ္ဂါဝပ်ရှိ သထုံဓာတ်အားပေးစက်ရုံ၊ ၁၀၆ မဂ္ဂါဝပ်ရှိ သာကေတ ဓာတ်အားပေးစက်ရုံနှင့် ၂၂၅ မဂ္ဂါဝပ်ရှိ မြင်းခြံ Sembcorp ဓာတ်အားပေးစက်ရုံ စုစုပေါင်း သုံးရုံ ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ ကျေးရွာပေါင်း ၂၇၀၀ ကျော်၊ အိမ်ထောင်စုပေါင်း ခုနစ်သိန်းကျော် ဓာတ်အားရရှိခဲ့ကြောင်း၊ ဓာတ်အားလိုင်း ရှင်းလင်းမှုအနေဖြင့် ၄၅ ရာခိုင်နှုန်းကျော် ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဓာတ်အားဆုံးရှုံးမှုကို ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများမှ ၅၅၃၈ ဒသမ ၇၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ "**

# နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များ ချိုးဖောက်ရာရောက်သည့် သဲအိတ်၊ အိုဗာဟက်ပစ်ကျင်းနှင့် ဘန်ကာများ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ပြုလုပ်ထား၍ တရားဝင်ကန့်ကွက်

နေပြည်တော် မေ ၁၁

**နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များ ချိုးဖောက်ရာရောက်သည့် သဲအိတ်၊ အိုဗာဟက်ပစ်ကျင်းနှင့် ဘန်ကာများ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ပြုလုပ်ထား၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး တရားဝင်ကန့်ကွက်ခဲ့ကြောင်း သိရသည်။**



မြန်မာနိုင်ငံဘက်ခြမ်းသို့လှည့်၍ CCTV တပ်ဆင်ရန် စေခိုင်းနေသည်ကို တွေ့ရစဉ်။

**နေ့၊ ည စောင့်ကြပ်လျက်ရှိ**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ)မြို့အနီး နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင် အမှတ် ၃၄ နှင့် မှတ်တိုင်အမှတ် ၃၅ တို့နှင့် မျက်နှာချင်းဆိုင်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ဘရိုးကျေးရွာမှ အောက်ဘာ့ရှ်ဘာရီကျေးရွာအထိ အမှတ် ၃၄ BGB တပ်ရင်းမှ သဲအိတ် အိုဗာဟက်ပစ်ကျင်းနှစ်ကျင်း၊ သဲအိတ်၊ မြေသား အိုဗာဟက်ပစ်ကျင်းသုံးကျင်း၊ မြေသားဘန်ကာ တစ်ခု၊ ကွန်ကရစ်ဘန်ကာတစ်ခုတို့ဖြင့် ကာရံထားသည့် နေရာ ခုနစ်နေရာအား မတ် ၁၈ ရက်မှ ၂၁ ရက်အထိ ပြုလုပ်ခဲ့ပြီး BGB နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက နေ့၊ ည စောင့်ကြပ်လျက်ရှိကြောင်း သိရှိရသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ၁၅ ပေခန့်အကွာ နေရာတွင် သဲအိတ်၊ မြေသား အိုဗာဟက်ပစ်ကျင်း တည်ဆောက်ထားမှုကို တွေ့ရစဉ်။

**လုံခြုံရေးဆိုလာမီးတိုင် စိုက်ထူ**

ထို့အပြင် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင် အမှတ် ၃၄ BGB တပ်ရင်းမှ မတ် ၆ ရက်နှင့် မတ် ၇ ရက်တို့တွင် CCTV ကင်မရာလေးလုံးအား လည်းကောင်း၊ မတ် ၉ ရက်နှင့် မတ် ၁၀ ရက်တို့တွင် လုံခြုံရေးဆိုလာမီးတိုင် ၁၀ တိုင်ကို လည်းကောင်း တပ်ဆင် စိုက်ထူထားကြောင်းလည်း သိရသည်။

**နေရပ်သို့ ပို့ဆောင်ရေး**

အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မေလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Mr. Manjurul Karim Khan Chowdhury အား ခေါ်ယူတွေ့ဆုံပြီး ဆောက်လုပ်ထားသည့် အဆောက်အအုံများသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ရာရောက်သဖြင့် ဖယ်ရှားပေးရန်၊ နယ်နိမိတ်မျဉ်းအနီးရှိ အဆောက်အအုံ မဆောက်လုပ်ရန် တားမြစ်ထားသည့်ဇုန်အတွင်းတွင် မြန်မာဘက်ခြမ်း၌ နေအိမ်၊ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိရာတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပံ့ပိုးပေးနေမှုများ ရပ်ဆိုင်းပေးရန်နှင့် ယင်းဇုန်အတွင်း၌ တရားမဝင် နေထိုင်လျက်ရှိကြသော နေရပ်စွန့်ခွာသူများ ပြန်လည် ထွက်ခွာကြရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွန်ခဲ့သောလများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ယူဆရသော ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်လူမျိုး ၃၆၈ ဦးတို့နှင့် ပတ်သက်၍ အသိပေးပြောကြားခဲ့ပြီး ၎င်းတို့အား လိုအပ်သော နိုင်ငံသားစိစစ်မှုများ ဆောလျင်စွာ ပြုလုပ်ပေးရေးနှင့်၎င်းတို့ဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်သို့ ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

**အဆင်သင့်ရှိနေ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရအကြား ရရှိထားသည့် သဘောတူညီချက်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မိုးရာသီ မကျရောက်မီစတင်ရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိနေကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မြန်မာဘက်မှ စာရင်းပေးပို့ထားသော ရခိုင်ပြည်နယ်တွင်း၌ နေထိုင်ကြသည့် ဟိန္ဒူနှင့် မူဆလင် ၁၂၀၀ ခန့်အား ပြန်လည်ပို့ဆောင်ရေးအတွက် လည်းကောင်း၊ မြန်မာဘက်မှ စိစစ်ထားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားသော စာရင်းပါ လူ ၉၂၉ ဦးတို့ကို ပြန်လည်ပို့ဆောင်ရေးအတွက် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဆောလျင်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

**အိမ်နီးချင်းကောင်း စိတ်ဓာတ်**

ထို့ပြင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ Physical Arrangement တွင် သဘောတူညီထားချက်များအရ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ လူစာရင်းများပေးပို့ရန်လိုအပ်ကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ အရေးကိစ္စနှင့် အခြားသော နှစ်နိုင်ငံဆိုင်ရာ အကျိုးတူကိစ္စရပ်များကို နှစ်ဖက်စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ အိမ်နီးချင်းကောင်း စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြေရှင်းသွားစေလိုကြောင်း သံအမတ်ကြီးအား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**




ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ခန့်မှန်းပေ ၂၀ ခန့်အကွာ နေရာတွင် မြေသားဘန်ကာ တည်ဆောက်ထားမှုကို တွေ့ရစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ခန့်မှန်း ပေ၂၀ ခန့်အကွာ နေရာတွင် ကွန်ကရစ်ဘန်ကာ တည်ဆောက်ထားမှုကို တွေ့ရစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် ခန့်မှန်း ၁၅ ပေခန့်အကွာ နေရာတွင် သဲအိတ်၊ မြေသား အိုဗာဟက်ပစ်ကျင်းတည်ဆောက်ထားမှုကို တွေ့ရစဉ်။



နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရှိ တရားမဝင်နေထိုင်ကြသည့်သူများအား NGO အဖွဲ့အစည်းများမှ ထောက်ပံ့ပေးသည့်ပစ္စည်းများ ခွဲဝေပေးနေမှုကို တွေ့ရစဉ်။



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင် ၃၄ နှင့် ၃၅ ကြားတွင် လုံခြုံရေးဆိုလာမီးတိုင်များ စိုက်ထူထားသည်ကို တွေ့ရစဉ်။

# ကချင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများသိရှိရန် သတင်းမီဒီယာအဖွဲ့က တွေ့ဆုံမေးမြန်း

**ရန်ကုန် မေ ၁၁**

ကချင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှုခက်ခဲလျက်ရှိသော နေရာများမှ ပြည်သူများအား လုံခြုံစိတ်ချရသောနေရာများသို့ ပြောင်းရွှေ့နေရာချထားရေးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို မီဒီယာများမှ တစ်ဆင့် ပြည်တွင်း ပြည်ပက ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ်(နိုင်ငံခြား) စာတည်းမှူးချုပ် ဦးသာစိန် ဦးဆောင်သော သတင်းမီဒီယာအဖွဲ့သည် မေ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တာသွားရောက်၍ သတင်းရယူခဲ့ကြသည်။



သတင်းမီဒီယာအဖွဲ့သည် မေ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် တန်ဖရဲမြစ်ဆုံကျေးရွာရှိ မာရီယာကောင်းကင်ဘုံသခင်မ ဘုရားကျောင်းနှင့် ကဝါးခ၊ နောင်နန်းကျေးရွာအုပ်စု တြီနတီနှစ်ခြင်းဘုရားကျောင်းတို့၌ လုံခြုံရေးအခြေအနေကြောင့် နေရပ်ကိုခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။ မေ ၁၀ ရက်တွင် တပ်မတော်မှ ထိန်းချုပ်ထားသည့် KIA တပ်မဟာ (၂) ဌာနချုပ်တည်ရှိရာ တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ သွားရောက်၍ တပ်မဟာ (၂) နှင့် အောင်လော့ဒ်ကျေးရွာထိခိုက်ပျက်စီးမှု ရှိ၊ မရှိ အခြေအနေတို့ကို ကြည့်ရှုသည်။

သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်



တွေ့ဆုံစဉ် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရယ်၊ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနက်(စ်)၊ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးစီးကော်မတီဝင်များအား သတင်းမီဒီယာအဖွဲ့က သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တေဇကျော်ကို သွားရောက်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း တပ်မတော်၏ သဘောထား၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေနှင့် ကချင်ပြည်နယ် ကျေးရွာအချို့မှ လုံခြုံရေးအခြေအနေကြောင့် နေရပ်ကိုခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများအတွက် တပ်မတော်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့ကို မေးမြန်းသည်။

သတင်းမီဒီယာအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်မှ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့အား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် မေးမြန်းဖြေကြားခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ နိုင်ငံတကာက အကူအညီပေးချင်တယ်။ ဒါကို ကချင်ပြည်နယ်အစိုးရက ငြင်းပယ်နေတယ်ဆိုတာ ဟုတ်ပါသလား။**

**ဝန်ကြီးချုပ်ဖြေ။** ။ တပ်နဲ့ KIA နဲ့ ထိတွေ့တဲ့ နေရာတွေမှာ ကျွန်တော်တို့အစိုးရအနေနဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ညှိနှိုင်းပြီးတော့ သွားပြီးကူညီမယ့်သူတွေရဲ့ လုံခြုံရေးကိုညှိနှိုင်းပြီး ခွင့်ပြုရခြင်းဖြစ်တယ်၊ မသွားပါနဲ့ ဆိုတာမျိုးမရှိပါဘူး၊ ပြည်နယ်အစိုးရကို သွားရောက်ကူညီဖို့ တောင်းဆိုတာရှိပါတယ်၊ အခုက မိုင်းထောင်ထားတာတွေ ရှိတယ်၊ နိုင်ငံတကာအဖွဲ့အစည်းတွေက သွားရောက်ကူညီတဲ့အခါ တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့အစိုးရရဲ့ တာဝန်ဖြစ်မယ်၊ ကျွန်တော်တို့က သက်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခနယ်မြေတွေကို သွားရမှာဖြစ်တဲ့အတွက် သက်ဆိုင်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ ညှိနှိုင်းပြီး သွားလို့ရတဲ့အချိန် ခွင့်ပြုပါတယ်၊ မသွားရဘူးဆိုတာတော့ မရှိပါဘူး။

**မေး။ ။ ဒီဒေသထဲမှာ တိုက်ပွဲကြောင့်ပဲ ဖြစ်ဖြစ်၊ လုံခြုံရေးကြောင့်ပဲဖြစ်ဖြစ် ပိတ်မိနေသူတွေ မရှိဘူးလို့ ပြောနိုင်ပါမလား။**

ဖြေ။ ။ မရှိဘူးဆိုတာတော့ ပြောလို့မရဘူး၊ တလောက လူငယ်တွေ ဆန္ဒပြတယ်၊ လူငယ်တွေကို ကျွန်တော်တို့ ပြောတယ်၊ လူငယ်တွေနဲ့ ကျွန်တော်တို့ ရည်ရွယ်ချက်ချင်းတူတယ်၊ ကယ်ထုတ်နိုင်ဖို့အတွက်ဆို ကျွန်တော်တို့ကို ပြောပါ၊ ဘယ်နေရာမှာ ဘယ်သူတွေ ဒုက္ခရောက်နေသလဲ၊ ကျန်းမာရေးအရ ဘယ်သူတွေက အရေးပေါ်စောင့်ရှောက်ဖို့ လိုသလဲဆိုတာပြောပါ၊ ကျွန်တော်တို့အစိုးရက သက်သက်ကူညီနိုင်တာဆိုရင် ကျွန်တော်တို့ပဲ ကူညီမယ်၊ တပ်နဲ့ ညှိနှိုင်းပြီးမှ ကူညီရမယ်ဆိုရင်လည်း ညှိနှိုင်းပြီး ကူညီမယ်၊ ပိတ်မိသူတွေဆိုပြီး အလျှိုလျှိုတော့ ထွက်လာကြပါပြီ၊ အဲ့ဒီမှာရှိနေတဲ့ ပြည်သူတွေ အသံပေးမှ ကျွန်တော်တို့သိရမယ်၊ ကျွန်တော်တို့ ကော်မတီတွေဖွဲ့ထားပြီးသား၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်၊ ကျေးအဆင့်ထိ ကူညီဖို့အတွက် အဆင်သင့်ရှိနေပါတယ်။

**မေး။ ။ စွပ်စွဲမှုတွေပေါ်ပေါက်နေတယ်၊ လူတွေ စိုးရိမ်နေတယ်၊ ဒါဟာ နိုင်ငံရေးပယောဂတွေ ပါနေလား၊ ပုံမှန်ပြန်ဖြစ်သွားဖို့ ဘယ်လိုဆောင်ရွက်မလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံရေးပယောဂ ပါကောင်းပါလိမ့်မယ်၊ အဓိကက ငြိမ်းချမ်းရေးမရသေးတာပါ၊ ငြိမ်းချမ်းရေးရဖို့ ကျွန်တော်တို့ ဝိုင်းပြီးလုပ်ရမယ်။

**မေး။ ။ ပိတ်မိတယ်လို့ ပြောနေကြတယ်၊ အရင်ဘယ်နေရာ၊ လူဦးရေ ဘယ်လောက်ရှိတယ်ဆိုတာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ရှိမှာပါ၊ အခုပြေးလာတယ်ဆိုတာနဲ့ ဘယ်လောက် ကွာဟနေပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့မှာ အစိုးရအုပ်ချုပ်နိုင်တဲ့ ဧရိယာရှိတယ်၊ လက်လှမ်းမမီတဲ့ ဧရိယာရှိတယ်၊ မနေ့က သတင်းထောက်အဖွဲ့တွေသွားခဲ့တဲ့ အောင်လော့ဒ်ဆိုတဲ့ နေရာဟာ အရင်ကဆို အစိုးရဧရိယာ မဟုတ်ဘူးပေါ့၊ အခုမှ ကျွန်တော်တို့ အစိုးရအုပ်ချုပ်တဲ့နေရာကို ရောက်လာတာပါ၊ ပထမ မန်ဝယ်မှာဆို ကယ်ထုတ်ဖို့ သတင်းရတာ လူ ၁၆၀ ရှိတယ်၊ အဲ့ဒီမှာ လူ ၃၀ က အိမ်ထောင်စုစာရင်း မရှိသေးဘူး ပြောတယ်၊ အဲ့ဒီမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဒါဟာ ပြည်ထောင်စုနိုင်ငံသားတွေဖြစ်တယ်၊ မှတ်ပုံတင်လုပ်ပေးလိုက်ဆိုပြီး ကျွန်တော်တို့ ညွှန်ကြားခဲ့ပါတယ်၊ အသေးစိတ်သိချင်ရင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးရှိတယ်၊ ပြည်နယ်မှူးရှိတယ်၊ လူမှုရေးဝန်ကြီးရှိတယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရှိတယ် အသေးစိတ်ဖြေပါလိမ့်မယ်။



ဗိုလ်မှူးကြီး သူရမျိုးတင်



ဦးဂဲနက်(စ်)



ဒေါက်တာသင်းလွင်

**မေး။ ။ ခေတ္တနေရပ်စွန့်ခွာသူတွေကို ပြည်နယ်အစိုးရဖွဲ့ပေးထားတဲ့ ကော်မတီတွေက IDP စခန်းတွေ မပို့ဘဲ သူတို့နဲ့နီးစပ်တဲ့ ဆွေမျိုးအိမ်တွေကို ပို့တယ်လို့ ပြောနေပါတယ်၊ တနိုင်းမှာ စစ်ရှောင်စခန်း (IDP) လုပ်ခွင့်မရှိဘူးဆိုတဲ့အပေါ်မှာရော ဘယ်လိုများ ပြောပြချင်ပါသလဲ။**

ဖြေ။ ။ ဆွေမျိုးအိမ်ကို ပို့တယ်ဆိုတာ သူတို့ရဲ့သဘောဆန္ဒအတိုင်း လုပ်ပေးတာပါ၊ နောက်လုံခြုံရေး မရှိခင်စပ်ကြားမှာ ဘုရားကျောင်းတို့၊ ဘုန်းတော်ကြီးကျောင်းတို့မှာ ခဏထားတဲ့အနေအထားပါ၊ နောက် IDP ရှိနေပြီးသား၊ IDPs Camp တွေက များနေပါပြီ၊ နောက်ထပ်စခန်းတွေထပ်ဖွင့်ဖို့ အစီ အစဉ်မရှိဘူး၊ လိုအပ်တာတွေကိုတော့ ပြည်ထောင်စုအစိုးရနဲ့ ကျွန်တော်တို့အစိုးရ ဝိုင်းဝန်းပံ့ပိုးပါမယ်။ လူမှုရေးအသင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့၊ NGO၊ INGO တွေကလည်း ကူညီပါတယ်၊ အခုခေတ္တခဏ သူတို့ရဲ့ နေရပ်ကို မပြန်နိုင်သေးခင် လိုအပ်တဲ့ ကူညီမှုတွေ လုပ်ပေးမှာပါ။ ကျန်းမာရေးစောင့်ရှောက်မှုက အစပေါ့။

**မေး။ ။ ပိတ်မိသူတွေရှိတယ်လို့ ပြည်နယ်အစိုးရက ကူညီဖို့ ဖွဲ့ထားတဲ့ ကော်မတီတွေက ပြောလာရင် ကူညီဖို့ အသင့်ပါပဲလို့ ပြောပါတယ်၊ ဘယ်လိုဆောင်ရွက်သွားဖို့ ရှိမလဲ။**

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖြေ** ။ ပိတ်မိနေတယ်ဆိုရင် နေရပ်အိမ်အထိရောက်ဖို့ ကူညီမယ်လို့ တပ်မတော်ပိုင်းက တာဝန်ရှိတဲ့သူတွေက ပြောပြီးပါပြီ၊ ကျွန်တော်တို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ တိုင်းမှူးကိုယ်တိုင်ကလည်း ပြောပြီးပါပြီ၊ ထမ်းပိုးဖို့လိုအပ်တဲ့ ပစ္စည်းတွေကအစ ကူညီထမ်းပိုးပါမယ်၊ ကားလိုအပ်ရင် ကား၊ နောက်ဆုံး ကျန်းမာရေးအတွက် လိုအပ်ရင် ရဟတ်ယာဉ်နဲ့ အသုံးပြုပြီး ရွှေ့ပြောင်းကူညီပေးပါမယ်လို့ ပြောထားတာရှိပါတယ်၊ အဓိက အရေးကြီးတာက ကာယကံရှင်ပေါ့၊ IDP နဲ့ ပတ်သက်ရင်လည်း ကျွန်တော်ထပ်ပြီး ပြောပြပါမယ်၊ ကျွန်တော်တို့ဆီမှာ အစိုးရထိန်းချုပ်ထားတဲ့ Government Area နဲ့ ထိန်းချုပ်မှုမရှိတဲ့ Non-Government Area တွေမှာပါ စစ်ရှောင်စခန်း ( IDPs) ၉၀ ကျော် ၁၀၀ နီးပါး ရှိပါတယ်၊ ဒါဟာ မကောင်းတဲ့လက္ခဏာပါ၊ မန်ဝယ်ကသူတွေ ဆွေမျိုးတွေဆီပို့တာ သူတို့ရဲ့ဆန္ဒအရပါ၊ ဒေသထဲမှာ နေလို့ရပါတယ်၊ နေပါလို့ ပြောတာကို ထွက်ချင်တယ်ဆိုပြီးပြောလို့ ချက်ချင်းခေါ်ထုတ်ပြီး သူတို့ဆွေမျိုးတွေဆီ ပို့ပေးတာပါ၊ အိမ်ပြန်ဖို့အတွက် တစ်ခုခုရဲ့လွှမ်းမိုးမှု ဖိအားကြောင့် သူတို့တွေမှာ တွေဝေနေတဲ့ လက္ခဏာရှိပါတယ်။

**လူမှုရေးဝန်ကြီးဖြေ။** ။ မန်ဝယ်ဒေသ၊ လိုင်နောင်ခူးကနေ ကာမိုင်းကို ရွှေ့ပေးပါတယ်၊ ရွှေ့ပေးတဲ့နေရာမှာလည်း အတင်းအဓမ္မရွှေ့တယ်ပြောတယ်၊ ပထမဦးဆုံး ကျွန်တော်တို့ တတိယအဖွဲ့အစည်းဖြစ်တဲ့ ကြက်ခြေနီကိုစေလွှတ်ပါတယ်၊ အဲ့ဒီမှာ ဘယ်သူကတော့ ဘယ်ဆွေမျိုးသားချင်းအိမ်မှာ နေချင်ပါတယ်ဆိုပြီး သူတို့ကိုယ်တိုင် ဆန္ဒပြုထားတဲ့စာရင်းကို ကျွန်တော်တို့ရပါတယ်၊ အဲ့ဒီစာရင်းကို ကချင်ပြည်နယ် ကြက်ခြေနီဥက္ကဋ္ဌ ဦးဂဲနက်(စ်)ဆီက ယူကြည့်နိုင်ပါတယ်။ ဦးဂဲနက်(စ်) ဖြေကြားပေးစေချင်ပါတယ်။

**ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဖြေ** ။ ပထမဆုံးအနေနဲ့ကျွန်တော်တို့ အဲ့ဒီဒေသကိုရောက်တော့ ဘယ်သူက ဘယ်ဆွေမျိုးအိမ်မှာ နေချင်ပါတယ်ဆိုပြီး ဆန္ဒပြုလွှာတွေရပါတယ်၊ အိမ်ထောင်စု ၂၈ စုမှာ ဘယ်မှာသွားနေချင်ပါတယ်ဆိုတဲ့ ဆန္ဒပြုလွှာတွေရတော့ ပြည်နယ်အစိုးရဆီကို ပေးပါတယ်၊ တစ်ယောက်ဆို သူ့အိမ်က ကာမိုင်းမှာရှိတယ်၊ အဲ့ဒီမှာပဲ နေမယ်လို့ ပြောပါတယ်၊ သူတို့ရဲ့ ဆန္ဒအရ ပြည်နယ်အစိုးရက လိုက်လံပို့ဆောင်တဲ့အခါ ကျွန်တော်တို့ ကြက်ခြေနီလည်း ပါပါတယ်။

**မေး။ ။ သတင်းအမျိုးမျိုးထွက်နေတဲ့အချိန်မှာ ဝန်ကြီးချုပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားတဲ့ အရေးကြီးတဲ့အချက်တွေနဲ့ သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေက ဘာတွေများ ဖြစ်မလဲဆိုတာကို ဖြေကြားစေချင်ပါတယ်။**

**ဝန်ကြီးချုပ် ဖြေ။** ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ နံပါတ်တစ်က ငြိမ်းချမ်းရေးမြန်မြန်ရဖို့နဲ့ နောက်တစ်ခုက တရားဥပဒေစိုးမိုးဖို့ပါပဲ၊ တရားဥပဒေစိုးမိုးဖို့ မူးယစ်ဆေးဝါးကအစ အကုန်ပါတယ်၊ ဒါပေမယ့် ငြိမ်းချမ်းရေးမရသေးခင်မှာ အပြည့်အဝ အကောင်အထည်မဖော်နိုင်ဘူး၊ နောက် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ပါတယ်၊ Social economic development ပေါ့၊ ပြည်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ပါ၊ ငြိမ်းချမ်းရေးမရသေးတော့ ကျွန်တော်တို့ တစ်တိုင်းပြည်လုံးရှိပြီးသားပြဿနာကို ရင်ဆိုင်နေရပါတယ်၊ နှုတ်ကနေ ငြိမ်းချမ်းရေးလိုချင်ပါတယ် မပြောဘဲ တကယ့်ကို ရင်ထဲစိတ်ထဲကနေ နိုင်ငံသူနိုင်ငံသားကိုချစ်တဲ့စိတ်၊ တိုးတက်ဖွံ့ဖြိုးချမ်းသာစေချင်တဲ့စိတ်ကို အရင်မွေးပြီးမှ ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာကို သွားရင် ငြိမ်းချမ်းရေး ရကိုရတယ်။

ကျေးဇူးတင်ပါတယ်။ ။

**သတင်း-ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-ဖိုးထောင်**




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် တေဇကျော်က သတင်းအဖွဲ့နှင့်တွေ့ဆုံ၍ မေးမြန်းမှုကို ဖြေကြားစဉ်။

# ရန်ကုန်-ပြည် အဝေးပြေးကားလမ်းတွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်၍ ရှစ်ဦးသေ၊ ၂၀ ဒဏ်ရာရ



သဲကုန်း မေ ၁၁

**ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက် ရန်ကုန်-ပြည် အဝေးပြေးကားလမ်းတွင် မေ ၁၁ ရက် နံနက် ၁ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်ရှစ်ဦး သေဆုံးကာ ၂၀ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။**

ရန်ကုန်-ပြည် ကားလမ်းအတိုင်း မြောက်မှတောင်သို့ ကိုဖြိုး(ခ) ဖြိုးလေး (၂၅ နှစ်) တောင်တွင်းကြီးမြို့နေသူ မောင်းနှင်သည့် ခရီးသည်တင်ယာဉ် သည် သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက် ကားလမ်းမိုင်တိုင် အမှတ် ၁၅၃/၅ အနီး အရှိန်လွန် တိမ်းမှောက်ခဲ့ရာ အခင်းဖြစ်ပွား ရာသို့ ပြည်၊ ရွှေတောင်၊ အင်းမမြို့များမှ အရေးပေါ်ကူညီရေးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၄၈ ဦးအနက် ကလေးနှစ်ဦး အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦး သေဆုံးသွားပြီး ၂၀ ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား အင်းမမြို့နှင့် ပြည်မြို့ ဆေးရုံများသို့ အရေးပေါ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် တောင်တွင်းကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာခြင်းဖြစ်ပြီး အင်းမနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြိတ်-ထားဝယ်လမ်းပိုင်း၌ ကွန်တိန်နာယာဉ်တစ်စီး မီးလောင်မှုဖြစ်

မြိတ် မေ ၁၁

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မြိတ်-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် ၅၄/၇ နှင့် ၅၅ မိုင်ကြားတွင် မေ ၁၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ကွန်တိန်နာတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။**



ရန်ကုန်မှ မြိတ်သို့ ယာဉ်မောင်း အောင်အောင်(ခ)ကစ္စနား(၂၃ နှစ်) ကန်ဖျားရပ် မြိတ်မြို့နေသူနှင့် ယာဉ်ပေါ်ပါ သုံးဦးတို့လိုက်ပါပြီး ကြက်စာ၊ ဘဲစာ ကြိတ်ရန် ကဗျက်ခေါင်းငါး ၆၀၀၀ ကီလိုဂရမ် တင်ဆောင်မောင်းနှင်လာသည့် ယာဉ်အမှတ် 6N/----အီစူဇူး ကွန်တိန်နာယာဉ်သည် နောက်ဘီး ဘရိတ်ရှူးငြိကာ အပူလွန်ကဲ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ သရက်ချောင်းမီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပလောက်မြို့ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်နှင့်ကုန်ပစ္စည်းများ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် သိန်း ၄၀၀ ကျော်ခန့်ရှိခဲ့ပြီး ယာဉ်မောင်း အောင်အောင်(ခ)ကစ္စနားအား သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စန်းထူး (မြိတ်ကိုယ်ပွား)**

# ဇမ္ဗူသီရိမြို့နယ် အိမ်ရာစီမံကိန်းရုံးအတွင်းမှ ပစ္စည်းခိုးယူမှု စစ်ဆေးချက်အရပေါ်ပေါက်

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အိမ်ရာစီမံကိန်းရုံး အတွင်းမှ ပစ္စည်းခိုးယူသူအား စစ်ဆေးချက်အရ ပေါ်ပေါက်၍ အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဒက္ခိဏသီရိမြို့နယ် ညောင့်ဂေဟာရဲစခန်းမှ ပုဒ်မ-၃၇၉/၅၄ အမှုအား နေပြည်တော်ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ ရဲအုပ်နိုင်လင်းဦးက ပြစ်မှုကျူးလွန်သူ ကျော်မင်းဝင်း(ခ)ငှက်ပျောသီး ရွာမကျေးရွာ ဒက္ခိဏသီရိမြို့နယ်နေသူအား စစ်ဆေးရာ ပြီးခဲ့သည့် မတ် ၂၀ ရက် ည ၁၀ နာရီခန့်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်စည်ပင်ဘဏ် ဝန်ထမ်းအိမ်ရာဝင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ထားသော ရုံးအဆောက်အအုံအတွင်းမှ DELL တံဆိပ်ပါ I 3 အမျိုးအစား လက်ပ်တော့တစ်လုံးကို



ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုသောကြောင့် ဒက္ခိဏသီရိမြို့နယ် ညောင့်ဂေဟာရဲစခန်းမှ မေ ၉ ရက်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ် ၁ မြို့မရဲစခန်းသို့ ကျော်မင်းဝင်း(ခ)ငှက်ပျောသီး **(အပေါ်ပုံ)**အား လွှဲပြောင်းပေးအပ်ရာ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မိုးမောက်မြို့၌ ဘိန်းဖြူ ၉ ဒသမ ၄၄၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

မူးယစ်တပ်ဖွဲ့စု ၁ ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် ညနေ ၈ နာရီက မိုးမောက်မြို့နယ် ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ခေါဘောမ်မောင်းနှင်လာသည့် တိုယိုတာဟိုင်းအေ့စ် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ခေါင်းမိုးပေါ်ရှိ အံဝှက်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၈၅၉ ခွက်(ဘိန်းဖြူ အလေးချိန် ၉ ဒသမ ၄၄၉ ကီလို)၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၄၅၀၀၀၀ ကို လည်းကောင်း။

မေ ၈ ရက် ညနေ ၄ နာရီခွဲက မကွေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာအုပ်စု နတ်မောက်-စိုင်ကောင်းကားလမ်းတွင် ဇော်မင်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ခေါဘောမ်အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မိတ္ထီလာမြို့၌ မူးယစ်ဆေးဝါးများနှင့် လုပ်သေနတ်များ ဖမ်းဆီးရမိ

**မိတ္ထီလာ မေ ၁၁**

မိတ္ထီလာမြို့ အမှတ် ၂ ရဲစခန်းမှ ဒုရဲအုပ်လှမျိုးသူနှင့် ရဲတပ်ဖွဲ့ဝင်များသည် မေ ၁၀ ရက် ညနေ ၆နာရီ ၁၅ မိနစ်က ရန်မျိုးအောင်ရပ်ကွက် နယ်မြေ ၁ နေ ဝေမိုးလွင် (၂၇ နှစ်)နှင့် ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက် နယ်မြေ ၈ နေ မိတ္ထီလာဟိုတယ်ဝန်ထမ်း ညီညီဝင်း (၂၇ နှစ်)တို့၏ နေအိမ်ကို ရှောင်တခင်ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့သည်။

ယင်းသို့ ရှာဖွေစစ်ဆေးရာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြားနှင့် မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်ရှာဖွေရာ ဝေမိုးလွင်နှင့် ညီညီဝင်းတို့ နေအိမ်ကြမ်းပြင်အောက်တွင် ဝှက်ထားသော လုပ်သေနတ်ဟု ယူဆရသည့် အရှည် ၁၁ လက်မခန့်ရှိ သံဘောစေ့ဖြင့် ထည့်ပစ်ရသော OPSMRPCAL 45 တံဆိပ်ပါ သေနတ်တစ်လက်၊ အရှည် ၁၀ လက်မခန့်ရှိ ဘောစေ့ထည့်ပစ်ရသော သေနတ်တစ်လက်၊ အရှည် ၁၁ လက်မ ခန့်ရှိ M 1911,A1 US ARMY တံဆိပ်ပါ သံဘောစေ့ထည့်ပစ်ရသော သေနတ်တစ်လက်၊ အရှည် ၃၉ လက်မခန့်ရှိ သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော ဂက်စ်အိုးပါ သေနတ် တစ်လက်နှင့် ဖိုက်ဘာဖြင့်ပြုလုပ်ထားသော ၁၄ လက်မရှိ သေနတ်ဒင်တစ်ခုနှင့် သံဘောစေ့ ၃၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေမိုးလွင်နှင့် ညီညီဝင်းတို့ကို မိတ္ထီလာမြို့ အမှတ် ၂ ရဲစခန်းတွင် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဝက်လက်မြို့နယ် မကျီးဖြူကျေးရွာ၌ မီးကူးစက်လောင်မှုကြောင့် နေအိမ် ၂၈ လုံး ဆုံးရှုံး

**ဝက်လက် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွှေပန်းကုံးနယ်မြေရဲစခန်းအပိုင် မကျီးဖြူကျေးရွာ ဦးသိုက်၏ နေအိမ်၌ မေ ၁၀ ရက် ညနေ ၄ နာရီခွဲက ထမင်းအိုးတည်ရာမှ ထရံကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ ၎င်း၏ ထရံကာ၊ ထန်းရွက်မိုးနေအိမ် မီးလောင်ကျွမ်းခဲ့ရာမှ အနီးပတ်ဝန်းကျင်ရှိ နေအိမ် ၂၈ လုံးနှင့် နွားစာတိုက် ၁၄ လုံး လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်၊ ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဝက်လက်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း နွားတစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးသိုက်အား ရွှေပန်းကုံးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆီဘောက်ဆာယာဉ် တိမ်းမှောက်မှုဖြစ်

**မြိုင် မေ ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဗဟင်းကျေးရွာအနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ မြိုင်-ဗဟင်း-ခင်အေး ကားလမ်း မိုင်တိုင်အမှတ် ၂၉/၀ နှင့် ၂၉/၁ ကြားတွင် မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာနေ ကျော်နိုင်ထွန်း (၃၂ နှစ်) မောင်းနှင်သော SGG 4I/---- ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် သပြေညို ရေနံမှော်မှ ရေနံစိမ်းများ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်လဲကျရာ ကျော်နိုင်ထွန်းနှင့် ယာဉ်နောက်လိုက် အောင်သန်းဇော်တို့ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ဆီယိုဖိတ်မှု၊ လမ်းပျက်စီးမှု လမ်းပိတ်ဆို့မှုများ ဖြစ်ပွားမှုမရှိကြောင်းနှင့် ယာဉ်မောင်း ကျော်နိုင်ထွန်းအား ဗဟင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၃၅

**မီးလောင်လျှင်**

- ❒ ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- ❒ ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
- ❒ နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။
- ❒ ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
- ❒ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# မိုင်းနှင်းမိပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦး ဒဏ်ရာရ

**မြစ်ကြီးနား မေ ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ ထွယ်ဆန်ရပ်ကွက်နေ အမျိုးသားတစ်ဦး မေ ၁၀ ရက် နံနက် ၁၁ နာရီခန့်က မိုင်းနင်းမိပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၁၁ နာရီခန့်က မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ ထွယ်ဆန်ရပ်ကွက်နေ ဦးရှန်တိန်းလဒွဲ (၅၆နှစ်)သည် တူဖြစ်သူ မောင်လထွယ်နှင့်အတူ ညောင်တောကျေးရွာမှ မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ (ဒေသအခေါ် ဒိန်မလန်းကွင်း)သို့ နွားရှာသွားစဉ် ကေအိုင်အေအဖွဲ့မှ ထောင်ထားသော မိုင်းနင်းမိပေါက်ကွဲမှုကြောင့် ဦးရှန်တိန်းလဒွဲတွင် ဝဲခြေဖျားပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မောင်လထွယ်က နေအိမ်သို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမိုင်းထိလူနာအား လမ်းခွကျေးရွာ နာရေးကူညီမှုအသင်း မော်တော်ယာဉ်ဖြင့် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**မင်းမင်းဦး**

## မြန်မာ့ရုပ်မြင်သံကြား

၁၂.၅.၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း ၀၀ - Breakfast News
၁၂း၄၅ - "ဖူးငုံပန်းတို့ ဂုဏ်ဝင့်ချိန် " (ချစ်စနိုးဦး၊ အိမ့်ကြာဖြူ၊ သီသီဆွေ၊ နန်းယွန်းဝတီ၊ ကလေးသရုပ်ဆောင်- ယွန်းမေ)
၁၄း၂၀- နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင် " (အပိုင်း- ၃၂)

**ညပိုင်း**

၁၇း၀၅ - "မေလအတွက် လပတ် မိုးလေဝသ "
၁၇ း ၂၀- ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇ း ၄၅- NHK Program "Mathematica " (I want to be an adult) (လူကြီးတစ်ယောက်ဖြစ်ချင်ပြီ)
၁၈ း ၃၀- Tasty Trip
၁၉း ၁၅- အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာ လှည့်ကွက် " (အပိုင်း- ၈၈)
၂၀ း၀၀- ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ
၂၀ း ၃၅- Big Step (Singer - ဝေလ နှင့် Runner Band အဖွဲ့)
- ဂီတသမား ၊ ဂီတစကား
- ပြည်သူ့နီတိ "လမ်းပြကြယ်" (ထွန်းထွန်းဝင်း၊ နိုင်ဝင်း၊ ရဲမိုး၊ ဝင်းတေဇာဦး) (ဒါရိုက်တာ- မိုးဇော်ကို)

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်ပြီ

**ဂျကာတာ(အင်ဒိုနီးရှား) မေ ၁၁**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီး ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများကို မြန်မာ စံတော်ချိန် ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးပွဲများတွင် မြန်မာအသင်းက လာအိုအသင်းကို ပယ်နယ်တီ အဆုံး အဖြတ် ခြောက်ဂိုး-ငါးဂိုး၊ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် လာအိုအသင်းနှင့် သာမန်ပွဲချိန်အတွင်း တစ်ဂိုးစီသရေ၊ ပယ်နယ်တီတွင် ငါးဂိုး-လေးဂိုး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် ခြေစွမ်းပြခဲ့သည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး လာအိုအသင်းကို ရင်ဆိုင်ခဲ့သည်။

လာအိုအသင်းမှာလည်း ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် ကြိုးစားသည့်အပြင် မြန်မာအသင်းထက် နားရက်ပိုရထားသောကြောင့် အင်အားပြည့် ကစားနိုင်ခဲ့သည်။ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းမှ မြတ်နိုးခင် ဦးဆောင်သည့် တိုက်စစ်ကို လာအိုနောက်တန်း ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ၂၈ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် လာအိုအသင်း ချေပဂိုးပြန်ရခဲ့ပြီး ပွဲပြီးသည်အထိ ဂိုးထပ်မသွင်းနိုင်၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲ စည်းမျဉ်းအရ အချိန်ပိုမကန်ဘဲ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ရှစ်လုံးအထိ ကန်ခဲ့ရပြီး မြန်မာအသင်းက အနိုင်ရခဲ့ခြင်း ဖြစ်သည်။




ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ တတိယလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့ မေ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ- MFF**

# MMA ကမ္ဘာ့မစ်ဒယ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ အောင်လအန်ဆန် ချန်ပီယံခါးပတ်ကာကွယ်ပွဲများအတွက် အပြင်းအထန်လေ့ကျင့်နေ

**ရန်ကုန် မေ ၁၁**

လာမည့် ဇွန်လကုန်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မိုးလုံ လေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည့် MMA (Mix Martial Art)



ပြိုင်ပွဲကြီး၏ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံဆုရှင် မြန်မာနိုင်ငံ ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် အဆိုပါ ချန်ပီယံခါးပတ်ကာကွယ်ပွဲများကို ယခုနှစ်အတွင်း ကာကွယ်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ပြီး အောင်နိုင်မှုရရှိရေး နည်းပြဆရာများနှင့် ပြောင်းလဲလေ့ကျင့်မှုများ ပြုလုပ်ကာ အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"လာမယ့် ဇွန်လကုန်ပိုင်းမှာ ကျွန်တော့်ရဲ့ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲရှိပါတယ်၊ ပွဲစီစဉ်ပေးတဲ့ ONE Championships အဖွဲ့နဲ့ သဘောတူလက်မှတ်ရေးထိုးထားပြီးပါပြီ၊ ခုချိန်ထိတော့ ဘယ်သူနဲ့ဆိုတာ အတိအကျမသိရသေးပါဘူး၊ အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားယှဉ်ပြိုင်ထိုးသတ်သွားမှာပါ၊ ဒီပွဲအတွက်လည်း အချိန်ယူပြီး အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြီး အပြင်းအထန် လေ့ကျင့်နေတယ်" ဟု MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်ထားသော အောင်လအန်ဆန်က ပြောသည်။

စင်ကာပူနိုင်ငံ အခြေစိုက် ONE Championships အဖွဲ့က ကမ္ဘာ့နိုင်ငံတစ်ဝန်း လစဉ်ကျင်းပလျက်ရှိသော MMA (Mix Martial Art) ပြိုင်ပွဲကြီးကို လာမည့် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံ၌ ခုနစ်ကြိမ်မြောက် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ ခြေချလာသော MMA ပြိုင်ပွဲများတွင် မြန်မာနိုင်ငံသား လက်ရှိ ရွှေခါးပတ်နှစ်ခုပိုင်ရှင် အောင်လအန်ဆန်အနေဖြင့် ငါးကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးကြိမ်စလုံးအနိုင်ရခဲ့ပြီး MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံကို လက်ဝယ်တွင် ပိုင်ဆိုင်ထားပြီဖြစ်၍ မကြာမီ ဆက်လက်ထိန်းသိမ်းကာကွယ်နိုင်ရန် ယှဉ်ပြိုင်ထိုးသတ်ရတော့မည်ဖြစ်သည်။

အောင်လအန်ဆန်သည် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် အမှတ်နှင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး MMA လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ပြီးခဲ့သော ဖေဖော်ဝါရီ ၂၃ ရက်က ဘရာဇီးနိုင်ငံသား အလက်စန္ဒားမချာဒိုကို ပထမအချီ ၅၆ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရကာ ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ MMA ချန်ပီယံခါးပတ်နှစ်ခု ပိုင်ရှင် အောင်လအန်ဆန်မှာ လာမည့် ဇွန်လကုန်ပိုင်းတွင် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ယင်းနောက် စက်တင်ဘာလတွင် လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်၊

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်4C/8411, Nissan Fair Lady S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မိုး ၁၂/မရက(နိုင်)၁၀၁၇၀၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်4K/6284,Mitsubishi MinicabU61Tp/u(4×2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းထွေး ၁၂/လကန(နိုင်)၀၄၀၉၄၉က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းခြံမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း၊ ကျောင်းဝင်းအမှတ်-၀၂၅၈မှ မချစ်သင်းဖြူ၏ဖခင် ဦးထွန်းကျော်နှင့် ဦးထွန်းအောင်ကျော် ၉/မခန(နိုင်)၁၈၈၄၉၆ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဖခင်အမည်မှန်**

စလင်းမြို့နယ်၊ အထက(၁)၊ ပဉ္စမတန်း(D) အောင်မှ မဇူးဝင့်အောင်(ခ) မနှင်းဒါး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၄-၂၀၀၆ နှင့် ဖခင်အမည်မှန်မှာ ဦးမင်းမင်း၁၃/လလန(နိုင်)၀၀၀၉၃၇ ဖြစ်ပါကြောင်း။ **ဦးမင်းမင်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/9521 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြောအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ဗန်းမော်တက္ကသိုလ်**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဗန်းမော်တက္ကသိုလ်၏တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာအထိ (၆)လခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင် အသိအမှတ်ပြု လိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း RC (ရေမီးအပါအဝင်) (၄၆'×၅၀')
(ခ) Internal (0.4)Copper ADC Cable 95mm2 ဖြင့် (0.4)KV Line ပေ(၂၅၀၀)ခန့် သွယ်တန်းခြင်း
(ဂ) ဘောလုံးကွင်းပတ်လမ်းပြေးလမ်းခင်းခြင်း (၁၃၀၀'×၂၉'×၄")
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာအား ရုံးချိန်အတွင်း ဗန်းမော်တက္ကသိုလ် ဘဏ္ဍာရေးရာဌာနရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၈ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့)
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗန်းမော်တက္ကသိုလ် ဘဏ္ဍာရေးရာဌာန ဖုန်း-၀၉-၂၅၀၁၈၆၇၂၃၊ ၀၉-၄၀၂၆၄၅၀၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဗန်းမော်တက္ကသိုလ်**

**ဇနီးဖြစ်သူမဆုရည်ဖြိုးနှင့်အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ ၃လမ်း၊ အမှတ် (၅၆၈-က)နေ ဦးကျော်မျိုးထွဋ် ၁၂/ဥကတ(နိုင်)၁၇၄၉၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ မဆုရည်ဖြိုးမှာ ဦးကျော်မျိုးထွဋ်၏ဇနီးဖြစ်ပြီး ၁၀-၅-၂၀၁၈ရက်တွင် နေအိမ်မှထွက်ခွာသွားပြီးယနေ့အချိန်အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိပါ။ မဆုရည်ဖြိုးနှင့်အတူ အသက်(၄)လအရွယ်သာရှိသေးသော သားဖြစ်သူလည်းပါသွားသည့်အတွက် ဇနီးနှင့်သားအား များစွာစိုးရိမ်ပူပန်နေရပါသည်။

သို့ဖြစ်ပါ၍ မဆုရည်ဖြိုးမှ ဤသတင်းစာကြော်ငြာအားတွေ့ရှိပါက နေအိမ်သို့ ပြန်လာရန်နှင့် မဆုရည်ဖြိုးအား အလုံးစုံခွင့်လွှတ်ပါကြောင်း မဆုရည်ဖြိုးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ထို့ပြင် မဆုရည်ဖြိုးအားလက်ခံထားသူများကို တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလည်း ထပ်လောင်းအသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေစည်သူဇော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**
**ရန်ကုန်ရုံးခန်းလိပ်စာ-အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**မန္တလေးရုံးခန်းလိပ်စာ- ၈၈-၂၀/၁၇၊ အောင်သစ္စာလမ်း၊ ၅၁လမ်း×၅၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ကျောက်ဆည်ရုံးခန်းလိပ်စာ-ဆက-၆၃၊ အိမ်တော်လမ်းကြား၊ ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

**အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)**
**တည်ဆောက်ရေးလုပ်ငန်းများအတွက်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)တွင်(က)ကျောင်းသားကျောင်းသူ အိပ်ဆောင် (RC) လေးခန်းတွဲ လေးထပ် (၇၈'×၉၄')တစ်လုံး၊ (ခ) အလုပ်ရုံ တစ်ထပ် Steel Structure (၁၅၀'×၇၅')တစ်လုံး အသစ်ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၁၁-၅-၂၀၁၈ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** -ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** -၁၀-၆-၂၀၁၈ရက် ညနေ ၄နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန -ဖုန်း-၀၆၃-၂၈၁၃၁
အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ)-ဖုန်း-၀၉-၄၀၁၅၃၂၇၈၅

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

**ဝန်ထမ်းအလိုရှိသည်**

- ဒီဇယ်ပန့်၊နော်ဇယ်နှင့် EFI နော်ဇယ်အမျိုးမျိုး ကျွမ်းကျင်ပိုင်နိုင်စွာ ပြုပြင်ချိန်တွယ်တပ်ဆင်နိုင်ပြီး စီမံကွပ်ကဲနိုင်သော စက်ဆရာတစ်ဦး
- ကားအောက်ပိုင်းနှင့် အင်ဂျင်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်စွာပြုပြင်တပ်ဆင်နိုင်သော စက်ဆရာတစ်ဦး
- Engine Diagnostic စက်ဖြင့် ကားအင်ဂျင်ပိုင်းဆိုင်ရာနှင့် အင်ဂျင်ရောဂါအားကျွမ်းကျင်ပိုင်နိုင်စွာ ရှာဖွေပြုပြင်နိုင်သော ဝါယာရိန်းဆရာတစ်ဦး အလိုရှိသည်။
- ညှိနှိုင်းလစာဖြင့် ခန့်ထားမည်။
- နယ်မြို့တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- အိမ်ထောင်သည်များအတွက် နေရာထိုင်ခင်းစီစဉ်ပေးမည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၉၅၅၃၁၁၂၁၂၊၀၉-၇၈၃၇၈၃၂၀၂**

**အများသိစေရန်ကြေညာချက်**

၂၁-၆-၂၀၁၇ရက်နှင့် ၆-၈-၂၀၁၇ ရက်စွဲဖြင့် မြန်မာ့အလင်း သတင်းစာတွင်ပါရှိသော MP Myanmar Co.,Ltd.၏ ဦးဉာဏ်ထွန်းမော်မှ ဦးကျော်ကျော်နိုင်နှင့် ဦးကျော်ကျော်လတ်တို့၏ အများသိစေရန် ကြေညာချက်များကို ယခုအခါ နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းပြီးဖြစ်ပါသဖြင့် အထက်နေ့စွဲပါအကြောင်းအရာများကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးဉာဏ်ထွန်းမော် ၁၂/ရပသ(နိုင်)၀၂၂၄၃၄**
**အမှတ်၇၉၊ အရှေ့ရွှေဂုံတိုင်လမ်း/ရပ်ကွက်၊ ဗဟန်းမြို့နယ်**

**အမည်မှန်**

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ၊ အထက၊ အဋ္ဌမတန်းမှ မသင်းမြင့်မြတ်ထွန်း၏အမည်မှန်မှာ မယွန်းပိုးနိုင် ဖြစ်ပါသည်။

**မယွန်းပိုးနိုင်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၅-၂၀၁၈ရက်ထုတ် စာ-၂၆ မြန်မာ့အလင်းသတင်းစာပါ ငြင်းချက်ထုတ်ရန် သမ္မန်စာ ကြော်ငြာတွင် အထည်ရောင်းဖိုးငွေကျပ် ၂၅၉၈၄၀၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။။

**အမည်မှန်**

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ ရပ်ကွက် ၃၊ အမှတ် ၁၈၆ နေ ဦးလူခမ်း၏သား ဦးညီညီ ၁၃/ကခန(နိုင်)၀၆၃၀၉၁အား ဦးအင်ခွန်ဘရန်ဒီးဟု ပြောင်းလဲခေါ်ပါရန်။

**အင်ခွန်ဘရန်ဒီး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းဇင်သန့် ၇/သနပ(နိုင်)၁၀၆၄၈၈ CDC-68828 ၏ SSO နှင့် BST လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၆၀၇၅၆၄**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းမူတောက် ၃/လဘန(နိုင်) ၁၅၀၁၃၄ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျောက်ကုန်းမြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဦးမြင့်နိုင် နှင့် ၁။ ဒေါ်စောသန်း
၂။ မောင်သန့်ဇော်
၃။ စန္ဒာဝင်း

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ကျောက်ကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဝါရောင်လမ်းနေ (၂) တရားပြိုင် မောင်သန့်ဇော်၊ (၃) တရားပြိုင် မစန္ဒာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးမြင့်နိုင်က အထည်မျိုးစုံ၊ စောင်၊ ဆန်ဖိုးငွေနှင့် ချေးငွေကျပ် စုစုပေါင်းကျပ် ၅၁၂၈၂၀၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၂၄ ရက် (၁၃၈၀ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆင့်ဆို သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောင်းကုန်းမြို့**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၆) ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကျင်းပ

**ရန်ကုန် မေ ၁၁**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏(၁၆)ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ JMC - U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တပ်မတော်သား ကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံနှင့် အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဓာတ်ပုံ-ဗဇော်

အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲက "ပြီးခဲ့တဲ့ရက်ပိုင်းက ကျင်းပခဲ့တဲ့ JMC ဒုတိယအကြိမ် မျက်နှာစုံညီ အစည်းအဝေး လုပ်ခဲ့တယ်၊ အဲဒီက ရရှိလာတဲ့ ဆုံးဖြတ်ချက်တွေ၊ မှတ်တမ်းတွေကို JMC မှာ ဆက်လက်ပြီး အတည်ပြုပေးဖို့ လိုအပ်တဲ့ ကိစ္စတွေကို JMC-U အစည်းအဝေးမှာပဲ အတည်ပြုတာမျိုး လုပ်ခဲ့ပါတယ်၊ ဒါ့အပြင် ရုံးလုပ်ငန်းလည်ပတ်ရေးကိစ္စတွေ၊ ဝန်ထမ်းကိစ္စတွေစတဲ့ လိုအပ်တဲ့ ဖွဲ့စည်းမှုတွေကိုလည်း အတည်ပြုပေးခဲ့ပါတယ်၊ နောက်တစ်ခုကတော့ လောလောဆယ်ဖြစ်နေတဲ့ KNU တပ်မဟာ(၅) ကိစ္စကိုလည်း ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်" ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို မေ ၁၀ ရက်မှ စတင်ကာ နှစ်ရက်ကြာပြုလုပ်ရာတွင် (၁၅)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC အဆင့်ဆင့်၏ အတွင်းရေးမှူးများ တွေ့ဆုံပွဲမှ ဆွေးနွေးချက်များအား တင်ပြခြင်း၊ တတိယအကြိမ် JMC အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံပွဲမှ ဆွေးနွေးချက်များအား တင်ပြခြင်း၊ JMC မျက်နှာစုံညီအစည်းအဝေး ဒုတိယအကြိမ် တွေ့ဆုံပွဲမှ ဆွေးနွေးချက်များအား အနှစ်ချုပ်တင်ပြခြင်း၊ JMC-U ၏ (၁၅) ကြိမ်မြောက်နှင့် (၁၆) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်းနှင့် အထွေထွေ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

နှစ်ရက်ကြာ ဆွေးနွေးခဲ့မှုများနှင့် ပတ်သက်၍ ယနေ့ အစည်းအဝေးအပြီးတွင် JMC-U တာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ပြီး မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာတွင် JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "ဖာပွန်ဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ JMC ဆိုတာ ပစ်ခတ်တိုက်ခိုက်မှု လျှော့ချရမယ်၊ ရပ်ဆိုင်းရမယ်ဆိုတဲ့ အခြေခံပေါ်မှာမူတည်ပြီးတော့ JMC မှာလည်း ဆွေးနွေးပါတယ်၊ ဆွေးနွေးတဲ့အခါကျတော့ ဘာလုပ်လုပ် နှစ်ဖက်ပူးပေါင်းပြီးတော့ ဆွေးနွေးညှိနှိုင်းရမယ်ဆိုတဲ့ အခြေခံတဲ့အတွက် ဆွေးနွေးခဲ့ပါတယ်၊ ဆွေးနွေးတဲ့အခါမှာ လိုအပ်ချက်အရလည်း JMC အရပ်သားတွေ ဖွဲ့စည်းပြီးတော့ ကြားဝင်စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွေလည်း စေလွှတ်ပြီးဆွေးနွေးခဲ့ပါတယ်၊ ဒါကြောင့် ဆွေးနွေးမှုတွေကိုလည်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်၊ သတင်းထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီးတော့လည်း တပ်မတော်ရဲ့ သတင်းထုတ်ပြန်ချက်ကို အားလုံးသိရှိပြီး ဖြစ်ပါတယ်၊ သတင်းထုတ်ပြန်ချက်တွေအပေါ်မှာတော့ လက်ရှိမြေပြင်အနေအထားအရ သတင်းထုတ်ပြန်နေတာ တွေ့ရှိပါတယ်၊ တပ်မတော်အနေနဲ့ သတင်းထုတ်ပြန်ချက်နဲ့အညီပဲ ဆွေးနွေးပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

အလားတူ JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲက "JMC ကတော့ စောင့်ကြည့်ရေးတာဝန်ယူရသလို ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ၊ ထိတွေ့မှုတွေကို ဘယ်လိုရှောင်ရှားမလဲ၊ လျှော့ချနိုင်မလဲ၊ ချုပ်ငြိမ်းသွားအောင် ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားခဲ့ပါတယ်၊ ဒါကြောင့် ပထမအနေနဲ့ ဖြစ်ပေါ်တဲ့ အခြေအနေအပေါ်မှာ JMC အနေနဲ့ တိုက်ရိုက်ဝင်ရောက်ဖြေရှင်းဖို့ မဖြစ်နိုင်တဲ့အတွက်ကြောင့် နည်းလမ်းအမျိုးမျိုးရှာခဲ့ပါတယ်၊ JMC ထဲမှာပါတဲ့ အရပ်သားတွေကို စေလွှတ်ပြီးတော့ သွားရောက်တွေ့ဆုံစေခဲ့ပါတယ်၊ နှစ်ကြိမ်ရှိသွားပါပြီ၊ အခု တတိယအကြိမ်လည်း သွားနေတုန်းပဲ ထင်ပါတယ်၊ အဲဒီလိုနည်းနဲ့ ပထမဖြေရှင်းပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "နောက်တစ်ခုကတော့ ဒီကိစ္စတွေမှာဆိုရင် အစိုးရဘက်က ဒီလမ်းကို ဘာကြောင့်ဖောက်လုပ်ရလဲဆိုတာ အသေးစိတ်ရှင်းပြတာတွေ ရှိပါတယ်၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် အကောင်းဆုံးကတော့ အချင်းချင်း နှစ်ဖက်တွေ့ဆုံပြီး ညှိနှိုင်းဖို့ စီစဉ်ခဲ့ပါတယ်၊ ပြီးခဲ့တဲ့ မတ် ၂၉ ရက်နဲ့ ၃၀ ရက်လောက်က အစီအစဉ်တစ်ခု ပျက်ပြားသွားခဲ့ပါတယ်၊ ဒါကြောင့် ဒီတစ်ခေါက်မှာလည်း အချင်းချင်းပြန်လည်ပြီးတော့ အစည်းအဝေးမှာ ညှိနှိုင်းတာမျိုး မဟုတ်ဘဲနဲ့ အစည်းအဝေးပြင်ပမှာလည်း ညှိနှိုင်းမှုတွေ လုပ်ပြီးတော့ ဒီတစ်ခေါက်မှာ ထပ်မံတွေ့ဆုံနိုင်အောင် စီစဉ်နေပါတယ်၊ မေလ တတိယပတ်အတွင်းလောက် အမြန်ဆုံးတွေ့နိုင်ရေးအတွက် စီစဉ်နေပါတယ်"ဟု မီဒီယာများအား ရှင်းလင်းပြောကြားသည်။

JMC-U ၏ (၁၆)ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယအကြိမ် JMC မျက်နှာစုံညီ အစည်းအဝေးမှ ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများကို အတည်ပြုပေးနိုင်ခဲ့သည့်အပြင် KNU တပ်မဟာ (၅) ဖြစ်စဉ်ကိုလည်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ JMC အဆင့်ဆင့်၏ အတွင်းရေးမှူးများ အစည်းအဝေးကို မေ ၇ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ် JMC မျက်နှာစုံညီ အစည်းအဝေးကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် လည်းကောင်း ရန်ကုန်မြို့၌ အသီးသီး ကျင်းပခဲ့သည်။ **ဇော်ကြီး**

# အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဇွန် ၁၂ ရက်တွင် စင်ကာပူ၌ ထိပ်သီးအစည်းအဝေးကျင်းပမည်

**ဝါရှင်တန် မေ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့သည် လာမည့်ဇွန် ၁၂ ရက်တွင် စင်ကာပူ၌ ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပသွားတော့မည်ဖြစ်သည်ဟု ထရန့်က ကြေညာလိုက် ကြောင်းသိရသည်။

ထရန့်သည် ယင်းကြေညာချက် ကို ကြာသပတေးနေ့က တွစ်တာပေါ် တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့် ခေါင်းဆောင်ကင်တို့သည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အင်မတန်အရေးကြီးသည့် အခြေအနေတစ်ရပ်ကို နှစ်ဦးစလုံးက ဖန်တီးရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။

စင်ကာပူသည် အမေရိကန် ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံ နှစ်နိုင်ငံလုံးတို့နှင့် သံတမန်ရေးရာ ရင်းနှီးဆက်ဆံမှုရှိလာခဲ့သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယူဆနိုင်ပြီး ခေါင်းဆောင်ကင်ကို ၎င်း၏ကိုယ်ပိုင်လေယာဉ်ဖြင့် တိုက်ရိုက်ဝင်ရောက်ခွင့်ကိုလည်း ပေးအပ်ထားသည်။ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပမည့် အစီအစဉ်တွင် ပါဝင်သည့် ထိပ်တန်း အကြောင်းအရာတစ်ခုမှာ ခေါင်းဆောင်နှစ်ဦးတို့သည် မြောက်ကိုရီးယား နျူကလီးယားလက်နက် လျှော့ချရေးအတွက် ကြိုတင်လမ်းခင်းမှုများနှင့် ကိုရီးယားစစ်ပွဲ ရပ်ဆိုင်းမှုနေရာတွင်အစားထိုးနိုင်မည့် ထာဝစဉ်တည်မြဲသည့် ငြိမ်းချမ်းရေး မူဘောင်သစ်ကို ဖန်တီးနိုင်မှု ရှိမရှိဆိုသည့် အကြောင်းအရာဖြစ်လာမည်ဖြစ်သည်။

နောက်ထပ်အာရုံစိုက်ဖွယ် အချက်မှာ မြောက်ကိုရီးယား ထောက်လှမ်းရေးအဖွဲ့များက လွန်ခဲ့သော ဆယ်စုနှစ်အကြာက အတင်းအကျပ် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့် ဂျပန်နိုင်ငံသားများကိစ္စကို ထရန့်က ထည့်သွင်းဆွေးနွေးသွားနိုင်ခြင်းရှိ မရှိဆိုသည့် အကြောင်းအရာဖြစ်သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုသည် ယခုရက်သတ္တပတ် အစောပိုင်းက မြောက်ကိုရီးယားသို့ အလည်အပတ်လာရောက်ခဲ့ပြီး ပြံုယမ်းမှ ပြန်လွှတ်ပေးလိုက်သည့် ဖမ်းဆီးထိန်းသိမ်းခံ အမေရိကန်နိုင်ငံသားသုံးဦးနှင့်အတူ နေရပ်ပြန်သွားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




# အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခြင်းမှာ မှားယွင်းကြောင်း အာဒိုဂန်နှင့် ပူတင်တို့ပြော

**အန်ကာရာ မေ ၁၁**

တူရကီသမ္မတ ရီဆက်ပ်တေရစ် အာဒိုဂန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က အီရန်နျူကလီးယား သဘောတူညီမှုမှ အမေရိကန်ထွက်ခွာသွားခြင်းကို မှားယွင်းသည့် လုပ်ရပ်တစ်ခုအဖြစ် သဘောတူခဲ့ကြကြောင်း တူရကီသမ္မတနှင့် နီးကပ်သော သတင်းရပ်ကွက်မှ သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မေ ၇ ရက်က ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဆန္ဒကိုဖော်ပြခဲ့ကာ အမေရိကန်နိုင်ငံအနေဖြင့် သမိုင်းတွင်စေမည့် အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်အား ပိတ်ဆို့မှုအသစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်သမ္မတ ထရန့်၏ အီရန်နျူကလီးယား ဆုံးဖြတ်ချက်သည် မှားယွင်းကြောင်း အာဒိုဂန်နှင့် ပူတင်တို့က ထောက်ပြခဲ့ပြီး နျူကလီးယား သဘောတူညီချက်သည် သံတမန်ရေးရာအရ အီရန်နျူကလီးယားအပေါ် ပိတ်ပင်တားဆီးနိုင်သည့် ကိစ္စဖြစ်ကြောင်း ပြောခဲ့သည်။ သဘောတူညီချက်၏ ပင်ကိုရည်ရွယ်ချက်များသည် နိုင်ငံတကာနှင့် ဒေသတွင်း လုံခြုံရေးအတွက် အထူးအရေးကြီးကြောင်း ကရင်မလင်၏ ဖော်ပြချက်တွင် ဖော်ပြခဲ့သည်။ ထို့ပြင် အီရန်နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်သွားပြီးနောက် ရုရှားနှင့် အီရန်နိုင်ငံတို့သည် အီရန်နျူကလီးယား အစီအစဉ်ဆိုင်ရာ နှစ်နိုင်ငံပြည့်စုံသည့်လုပ်ငန်းအစီအစဉ်ကို အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



# ဒုတိယပိုင်းသွင်းဂိုးများဖြင့် လိဒ်စ်ယူနိုက်တက် အသင်းအနိုင်ရ



**လိဒ်စ်ယူနိုက်တက်နှင့် မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ -စိုးညွန့်

**မန္တလေး မေ ၁၁**

AYA Bank Tour အစီအစဉ်အရ မြန်မာနိုင်ငံ၌ ခြေစမ်းပွဲ လာရောက်ကစားနေသည့် အင်္ဂလန်ကလပ် လိဒ်စ်ယူနိုက်တက်၏ ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပွဲကို ယနေ့ ညနေ ၆ နာရီက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ လိဒ်စ်ယူနိုက်တက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပထမပွဲတွင် ရှုံးထားသည့် လိဒ်စ်ယူနိုက်တက်အသင်းသည် အနိုင်ရရေး အားပိုထည့်ကစားခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်၍ ဂိုးမရဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲကို ပရိသတ် ၂၇၀၀၀ကျော် လာရောက်အားပေးခဲ့ပြီး နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ခံလူ ဇော်မင်းထွန်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ မျိုးကိုထွန်း၊ ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ တင်ဝင်းအောင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ စည်သူအောင်၊ မောင်မောင်စိုး၊ ဝင်းနိုင်စိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ လိဒ်စ်ယူနိုက်တက်အသင်းမှာလည်း ပထမပွဲကစားခဲ့သည့် လူစာရင်းကို အပြောင်းအလဲလုပ်ကာ အေလင်၊ ကီဗင်စသည့်အမာခံကစားသမားအများစုကို အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက ပွဲကိုထိန်းကစားနေ၍ လိဒ်စ်ယူနိုက်တက်အသင်း အခွင့်အရေးသိပ်မရခဲ့သလို မြန်မာအသင်းလည်း ဂိုးသွင်းခွင့် အနည်းငယ်သာရခဲ့သည်။ ၂၅ မိနစ်တွင် မြန်မာအသင်း ဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း ဝင်းနိုင်စိုး၏ ကန်သွင်းမှုကို လိဒ်စ်ယူနိုက်တက် ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့် အနည်းငယ်ရခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေကျခဲ့သည်။

ဒုတိယပိုင်းအစတွင် မိုးရွာလာ၍ နှစ်သင်းစလုံး ပုံမှန်ထက် ပိုအားထုတ်ခဲ့ရပြီး လိဒ်စ်ယူနိုက်တက်အသင်း အနိုင်ဂိုးရရန် အားထည့်ကစားခဲ့သည်။ ၅၈ မိနစ်တွင် လိဒ်စ်ယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ရိုင်ယန်ဒေးဗစ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်း ချေပဂိုးရရန် ကြိုးစားလာသလို ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ ကစားအားမြှင့်တင်ခဲ့သည်။ မြန်မာအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ လိဒ်စ်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ၈၅ မိနစ်တွင် ဂျေးရှိုင်က သွင်းယူခဲ့သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီဂျစ်တပ်ဖွဲ့ဝင်များက ဆိုင်းနိုင်းရှိ အကြမ်းဖက်သမား ၂၁ ဦးကို သုတ်သင်

**ကိုင်ရို မေ ၁၁**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် အီဂျစ်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် ရက်အနည်းငယ်က အကြမ်းဖက်မှု နှိမ်နင်းရေး စီးနင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့စဉ်အတွင်း ဆိုင်းနိုင်းမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အကြမ်းဖက်သမား ၂၁ ဦးကို သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အီဂျစ်လေတပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်လေးစီးကို ပစ်မှတ်ထားကာ အကြမ်းဖက်သမားသုံးဦးကို သုတ်သင်သတ်ဖြတ်ခဲ့ပြီး ဆိုင်းနိုင်းမြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ အကြမ်းဖက်အုပ်စုပုန်းခိုရာနေရာများတွင် စီးနင်းတိုက်ခိုက်စဉ် အပြန်အလှန်ပစ်ခတ်မှုများအတွင်း အကြမ်းဖက်အဖွဲ့ဝင် ၁၈ ဦးကို နှိမ်နင်းနိုင်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ တမ်မာ အယ်လ်ရီဖေက ပြောကြားခဲ့သည်။

တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်အုပ်စုတို့ ပုန်းခိုရာနေရာပေါင်း ၃၉၁ ခုနှင့် ကတုတ်ကျင်း ၁၅ ကျင်းတို့ကိုလည်း ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ကင်ညာတောင်ပိုင်း၌ ဆည်ကျိုးရာ လူ ၂၇ ဦးသေဆုံး

**နိုင်ရိုဘီ မေ ၁၁**

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ကင်ညာနိုင်ငံတောင်ပိုင်းရှိ ဆည်တစ်ခု ကျိုးကျခဲ့ရာ အနီးဝန်းကျင်ဒေသများသို့ ရေများလွှမ်းမိုးခဲ့ပြီး လူနေအိမ်များ ရေစီးထဲမျောပါသွားသောကြောင့် အနည်းဆုံး လူ ၂၇ ဦးသေဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆည်ကျိုးကျခဲ့မှုသည် ရက်ဖ်တောင်ကြား မြို့တော် နာကူရူအနီး၊ ဆိုလိုင်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲအကြီးအကဲ ဂျီဒီယွန်ကီဘွန်ဂျာ့က အေအက်ဖ်ပီသို့ ဖုန်းဖြင့်ပြောဆိုခဲ့သည်။ ဆည်ကျိုးကျမှုကြောင့် ယခုအခါတွင် လူပေါင်း ၃၆ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး လူသေအလောင်းများကို ထပ်မံတွေ့ရှိခဲ့ကြောင်း သေဆုံးမှုသည် ယခုအခါ ၂၇ ဦးအထိရှိလာပြီဖြစ်ကြောင်း ကီဘွန်ဂျက်က ပြောခဲ့သည်။

ဆည်ကျိုးကျမှုသည် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူများအိပ်မောကျချိန်တွင် ကျိုးကျခဲ့ခြင်းဖြစ်ကြောင်း၊ ဆည်ကျိုးကျမှုကြောင့် လူနေအိမ်များ ရေစီးထဲမျောပါသွားကြကြောင်း သိရသည်။

ကျိုးကျခဲ့သည့်ဆည်မှာ ပုဂ္ဂလိကပိုင်ဆည်ဖြစ်ပြီး ရေသွင်းစိုက်ပျိုးရေးလုပ်ဆောင်ရန်နှင့် ငါးဖမ်းရန်အတွက် အသုံးပြုနေသည့် ဆည်ဖြစ်ကြောင်း သိရသည်။

ဆည်ကျိုးကျမှုကြောင့် မိသားစုဝင်ပေါင်း ၅၀၀ ခန့် ဘေးအန္တရာယ် ခံစားခဲ့ရကြောင်း၊ အဆိုပါ ဆည်ကျိုးကျမှုသည် နိုင်ရိုဘီ၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# တစ်နှစ်တည်းမှာ ရွေးကောက်ပွဲနှစ်ကြိမ် ကျင်းပရတော့မယ့်အခြေအနေဖြစ်နေတဲ့ အီတလီ

**ချူးစန္ဒီမွေး**



ဖိုက်စတားလှုပ်ရှားမှုပါတီခေါင်းဆောင် Luigi Di Maio (ဝဲ) နှင့် Northern League ပါတီခေါင်းဆောင် Matteo Salvini

အီတလီနိုင်ငံမှာ ရွေးကောက်ပွဲ ကျင်းပပြီးတာဆိုရင် နှစ်လကျော်ကြာပြီပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်သူက တိုင်းပြည်ကို ဦးဆောင်မှာလဲဆိုတာကတော့ အခုထက်ထိ အဖြေမရသေးပါဘူး။ အီတလီဟာ ၁၉၄၆ ခုနှစ်မှာ သမ္မတနိုင်ငံ ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း အီတလီနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေဟာ ကြိုတင်ခန့်မှန်းလို့ရတဲ့ အနေအထားပါပဲ။

### ညှိနှိုင်းခြင်းတို့အပေါ် မှီခို

နိုင်ငံရေးမှာ ဘယ်ပါတီကမှ အနိုင်ရတယ်လို့ မရှိပါဘူး။ ပြည်သူတွေက မဲပေးတိုင်း မဲပေးတိုင်း ဘယ်ပါတီကတော့ ပြတ်ပြတ်သားသား နိုင်သွားတယ်။ ဘယ်ပါတီကတော့ ရှုံးနိမ့်သွားတယ်။ အဲသလိုမျိုး မရှိပါဘူး။ မဲမကွဲတဲ့အတွက် ညွန့်ပေါင်းအစိုးရပဲ ဖွဲ့လို့ရပါတယ်။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုပါပဲ။ ဒီစနစ်ဟာ အပေးအယူနဲ့ ညှိနှိုင်းခြင်းတို့အပေါ် မှီခိုနေပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်းမှာ ဒီလိုမျိုး ပြတ်ပြတ်သားသား မဲမရှိမှုတွေကြောင့် နှစ်တစ်နှစ်အတွင်းမှာ ရွေးကောက်ပွဲ နှစ်ခါထပ်ပြီး မကျင်းပရအောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။

### အစိုးရအဖွဲ့ကို အုပ်ချုပ်ဖူးတဲ့ အတွေ့အကြုံ မရှိ

၁၉၄၆ ခုနှစ်ကစလို့ အီတလီနိုင်ငံမှာ အထွေထွေရွေးကောက်ပွဲ ၁၉ ကြိမ် ကျင်းပခဲ့ပါတယ်။ ဒါဟာ ယူကေမှာ ကျင်းပခဲ့တဲ့ အကြိမ်အရေအတွက်နဲ့ အတူတူပဲဖြစ်တယ်။ ၂၀၁၈ ခုနှစ် အီတလီရွေးကောက်ပွဲမှာတော့ အဓိက အင်အားကြီး အုပ်စုနှစ်ခု ပေါ်ထွက်ခဲ့ပါတယ်။ သူတို့ကတော့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို ဦးစားပေးတဲ့ ဖိုက်စတားလှုပ်ရှားမှုပါတီနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာသူတွေကို ဆန့်ကျင်တဲ့ Northern League ပါတီတို့ဟာ ရှေ့တန်းထွက်လာခဲ့ပါတယ်။ ထူးခြားတာတစ်ခုကတော့ ဒီပါတီနှစ်ခုစလုံးရဲ့ ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့ကို အုပ်ချုပ်ဖူးတဲ့ အတွေ့အကြုံ မရှိကြပါဘူး။

### ဖိုက်စတား လှုပ်ရှားမှုပါတီ

ဖိုက်စတားလှုပ်ရှားမှုပါတီရဲ့ ပူးတွဲတည်ထောင်သူဖြစ်တဲ့ ဟာသပညာရှင် Beppe Grillo ဟာ နိုင်ငံရေးကို အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ လုပ်ကိုင်တာ၊ အကျင့်ပျက်ခြစားတာတွေကို ဆန့်ကျင်တဲ့လုပ်ငန်းကို နှစ်မြှုပ်လုပ်ဆောင်ခဲ့သူလည်း ဖြစ်တယ်။ သူဟာ ၂၀၀၉ ခုနှစ်ကတည်းက သူ့ရဲ့လှုပ်ရှားမှုတွေကို စတင်ခဲ့တာလည်း ဖြစ်တယ်။ မတ်လအတွင်းမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာတော့ ဖိုက်စတားလှုပ်ရှားမှုပါတီဟာ တစ်ခုတည်းသော အင်အားတောင့်တင်းတဲ့ ပါတီအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ ဒီပါတီကို အခု ဦးဆောင်နေတဲ့သူကတော့ အသက် ၃၁ နှစ်အရွယ် Luigi Di Maio ပဲဖြစ်တယ်။ သူဟာ ဥပဒေကျောင်းသားဟောင်းတစ်ဦးလည်း ဖြစ်တယ်။ မစ္စတာ Luigi Di Maio ဟာ ပုံမှန်အရပ်သားတွေလိုပဲ နေ့စဉ်ပြုမူတယ်ဆိုတာကို လူထုကို ပြသလိုပါတယ်။ ဘာလို့လဲဆိုတော့ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်စဉ်အတွင်းမှာ သူဟာ သူ့ရဲ့ ကားငယ်လေးကို ကိုယ်တိုင်ပဲမောင်းနှင်ပြီး သမ္မတနန်းတော်ကို လာခဲ့ပါတယ်။ တခြားနိုင်ငံရေးသမားတွေလို ကိုယ်ပိုင်ယာဉ်မောင်းနဲ့၊ ဇိမ်ခံကားနဲ့ လာတာမျိုး မရှိပါဘူး။

### နိုင်ငံတော်အဆင့် ပါတီတစ်ခုဖြစ်အောင် ဆောင်ရွက်ခဲ့

Northern League ပါတီကိုတော့ ၁၉၉၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး အီတလီနိုင်ငံမြောက်ပိုင်း ချမ်းသာကြွယ်ဝတဲ့ ဒေသကနေ ပေါ်ပေါက်လာတဲ့ လှုပ်ရှားမှုတစ်ခုလည်း ဖြစ်တယ်။ ၂၀၁၃ ခုနှစ်မှာတော့ ပါတီခေါင်းဆောင်အဖြစ် Matteo Salvini က တာဝန်ယူခဲ့ပါတယ်။ ဒေသတွင်းလှုပ်ရှားမှုကနေ နိုင်ငံတော်အဆင့် ပါတီတစ်ခုဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ သူရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံကို ဦးဆောင်နိုင်ခွင့်ရှိဖို့ပါပဲ။ အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ Matteo Salvini ဟာ ရေးရိုးစဉ်လာ နိုင်ငံရေးသမားတစ်ဦးအဖြစ်မှ ကွဲထွက်လိုတဲ့ဟန် ရှိပါတယ်။ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားရတာကိုပဲ စိတ်မသက်မသာဖြစ်နေတဲ့ဟန် ရှိပါတယ်။ Northern League ပါတီဟာ ဗဟိုလက်ယာယိမ်း အုပ်စုတွေကို ဦးဆောင်လာခဲ့ပါတယ်။

### စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းလာ

ဖိုက်စတားလှုပ်ရှားမှုပါတီနဲ့ Northern League ပါတီတို့ ရှေ့တန်းရောက်လာရတဲ့အကြောင်းကတော့ အီတလီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုမှာ အားနည်းလာလို့ပါပဲ။ စီးပွားရေးမှာ အားနည်းလာတဲ့အတွက် လက်ရှိစနစ်ကို ပြည်သူတွေက သံသယဝင်လာပါတယ်။ လူငယ်တွေရဲ့ အလုပ်လက်မဲ့ပမာဏဟာလည်း ၃၂ ရာခိုင်နှုန်း ရှိပါတယ်။ ဒီတော့ ပြည်သူတွေဟာ လူမှုစီးပွားနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေ ပေါ်ပေါက်လာတယ်။ အထွေထွေရွေးကောက်ပွဲအပြီး အီတလီသမ္မတ Sergio Mattarella ဟာ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့အတွက် ကြိုးစားခဲ့ပါတယ်။ ဆွေးနွေးမှုတွေဟာလည်း သုံးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဘယ်ဘက်ကမှ အလျှော့ပေးဖို့ မရှိဘူးဖြစ်နေတယ်။ ဒီအတွက်လည်း သမ္မတဟာ အတော်ကလေး စိတ်ကသိကအောက် ဖြစ်ရပါတယ်။

ဖိုက်စတား လှုပ်ရှားမှုပါတီရော၊ Northern League ပါတီပါ နှစ်ခုစလုံးဟာ ယာယီအာဏာရရှိဖို့တော့ ဘယ်သူမှ စိတ်မဝင်စားကြပါဘူး။ သမ္မတအကြံပြုချက်ကို ပယ်ချဖို့ ပါလီမန်မှာလည်း ပါတီနှစ်ဖက်စလုံးအတွက် မဲဆန္ဒတွေ ရှိပါတယ်။ ပါတီနှစ်ခုစလုံးဟာ သမ္မတရဲ့ နောက်ဆုံးအကြံပြုချက်ဖြစ်တဲ့ နှစ်တစ်နှစ်တည်းမှာပဲ ဒုတိယအကြိမ် ရွေးကောက်ပွဲ ထပ်ပြီးကျင်းပဖို့ကို ကျော်လွှားလိုပါတယ်။ ဒုတိယအကြိမ် မဲပေးခြင်းဖြင့် သူတို့ရဲ့အနေအထားတွေကို ပိုမိုခိုင်မာစေမယ်လို့ ယူဆရပေမယ့် ဒုတိယအကြိမ်မဲပေးမှုမှာလည်း ပထမအကြိမ်တုန်းကလိုပဲ ပြည်သူတွေက မဲပေးကြမယ်ဆိုရင်ကော ဘယ်လိုလုပ်ပါ့မလဲ။

### နောက်တစ်ကြိမ် ရွေးကောက်ပွဲ

ဒါပေမယ့်လည်း ညွန့်ပေါင်းအစိုးရဖွဲ့ဖို့အတွက် ဆွေးနွေးမှုတွေ မအောင်မြင်တော့ဘူးဆိုရင်တော့ ရွေးကောက်ပွဲအသစ် ကျင်းပရတော့မှာပါ။ လက်ရှိအခြေအနေတွေအရဆိုရင်တော့ ရွေးကောက်ပွဲအသစ်တစ်ခု ထပ်ပြီးကျင်းပရတော့မှာပါ။

### ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်

လတ်တလောမှာတော့ ကြားနေယာယီအစိုးရတစ်ရပ်က အုပ်ချုပ်ထားရမယ့် အခြေအနေရှိပါတယ်။ ဒါတွေကတော့ မတ်လရွေးကောက်ပွဲအတွင်းမှ မဲမပြတ်ခဲ့တဲ့ ရလဒ်တွေပဲ ဖြစ်တယ်။ ပြည်သူတွေရဲ့ ထောက်ခံမှု အများဆုံးရရှိထားတဲ့ ပါတီတွေဖြစ်တဲ့ ဖိုက်စတားလှုပ်ရှားမှုပါတီနဲ့ Northern League ပါတီတို့ဟာ ဇူလိုင်လအတွင်းမှာ မဲပေးမှုတွေ အသစ်ထပ်မံပြုလုပ်ဖို့ အလေးသာနေပါတယ်။ ညွန့်ပေါင်းအစိုးရဖွဲ့ရေးအတွက် နောက်ဆုံးပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲမှာတော့ ဖိုက်စတားလှုပ်ရှားမှုပါတီဟာ လက်ယာယိမ်း မဟာမိတ်ပါတီဖြစ်တဲ့ ဖရိုဇာအီတလီယာပါတီနဲ့ရော ဗဟိုလက်ဝဲ ဒီမိုကရက်တစ်ပါတီနဲ့ပါ နောက်ဆုံး Northern League ပါတီနဲ့ပါ ပူးပေါင်းဖို့ သဘောမတူခဲ့ပါဘူး။ မတ်လ ၄ ရက်နေ့နောက်ပိုင်း ဆွေးနွေးပွဲတွေမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွေကနေ ကျော်လွှားနိုင်ဖို့ ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ပါတီတွေရဲ့ ရပ်တည်ချက်တွေဟာလည်း မပြောင်းလဲသေးပါဘူး။ ညွန့်ပေါင်းဖွဲ့ဖို့အတွက် ဆွေးနွေးပွဲ မအောင်မြင်တော့တဲ့အခါမှာတော့ အီတလီသမ္မတဟာ ကြားနေအစိုးရတစ်ရပ်ဖွဲ့စည်းဖို့ ပါတီတွေကို တိုက်တွန်းခဲ့ပါတယ်။

ပါတီတွေကိုလည်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့်ပေးထားတယ်။ အကြံပြုချက်တွေကို လက်မခံဘူးဆိုရင်တော့ ဇူလိုင်လအတွင်းမှာ နောက်ထပ်ရွေးကောက်ပွဲတစ်ရပ် ကျင်းပရတော့မှာပဲ ဖြစ်တယ်။ ဒီထက်ပိုပြီးတော့လည်း အချိန်မစောင့်နိုင်တော့ဘူးလို့ သမ္မတက ပြောပါတယ်။ နှစ်တစ်နှစ်တည်းမှာပဲ ရွေးကောက်ပွဲအသစ်တစ်ခု ထပ်မံကျင်းပရမယ်ဆိုရင် ထိခိုက်ရမယ့် ကိစ္စတွေလည်း ရှိပါသေးတယ်။ ကုန်ကျစရိတ်တွေ၊ စီးပွားရေးအခြေအနေတွေကို ထည့်တွက်ရဦးမှာပါ။ ဒါကြောင့် ညွန့်ပေါင်းအစိုးရဖွဲ့ဖို့ တိုက်တွန်းခဲ့ပေမယ့် မအောင်မြင်တဲ့အဆုံးမှာတော့ နောက်ထပ်ရွေးကောက်ပွဲပဲ ထပ်ကျင်းပမလား ဒါမှမဟုတ် သမ္မတက တိုက်တွန်းထားသလို ယာယီအစိုးရနဲ့ပဲ ဒီနှစ်ကုန်ပိုင်းအထိ အုပ်ချုပ်သွားမလားဆိုတာကတော့ အခုထက်ထိ အဖြေမပေါ်သေးပါဘူး။ အီတလီနိုင်ငံမှာတော့ တိုင်းပြည်ကို ဦးဆောင်နိုင်မယ့် ခေါင်းဆောင်ကောင်းကို ရှာဖွေနေရဆဲပါ။ ။

**ကိုးကား- ဘီဘီစီ**

> **"မတ်လ ၄ ရက်နေ့နောက်ပိုင်း ဆွေးနွေးပွဲတွေမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွေကနေ ကျော်လွှားနိုင်ဖို့ ကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး၊ ပါတီတွေရဲ့ ရပ်တည်ချက်တွေဟာလည်း မပြောင်းလဲသေးပါဘူး၊ ညွန့်ပေါင်းဖွဲ့ဖို့အတွက် ဆွေးနွေးပွဲ မအောင်မြင်တော့တဲ့အခါမှာတော့ အီတလီသမ္မတဟာ ကြားနေအစိုးရတစ်ရပ်ဖွဲ့စည်းဖို့ ပါတီတွေကို တိုက်တွန်းခဲ့"**

# ရေယာဉ်အန္တရာယ်စုပေါင်းကာကွယ်၍ အဆင်ပြေချောမွေ့စွာ သွားလာနေသည့် ရေကြောင်းခရီး

မောင်တင်လှိုင်(ဟိုတယ် / ခရီး)

**နွေအကုန် မိုးရာသီအဝင် မိုးဦးလေဦးကာလတွင် လေမုန်တိုင်းကျရောက်တတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ပင်လယ်ကမ်းရိုးတန်းသွား ရေယာဉ်များနှင့် မြစ်ချောင်းများတွင် သွားလာနေကြသည့် ရေယာဉ်များအတွက် အန္တရာယ်များပြားသည့် ကာလဖြစ်ပေသည်။**



မိုးသက်လေပြင်းများ ကျရောက်ခြင်း၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာသည့်အခါ လူသားများအတွက် ဘေးအန္တရာယ်များ ကြုံတွေ့ကြရတတ်ပေသည်။ ရေကြောင်း ခရီးသွားလာသူများ၊ ပင်လယ်ပြင်ရှိ ရေလုပ်သားများအနေဖြင့် သဘာဝဘေးအန္တရာယ်များ မကြုံတွေ့စေရန် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။ စာရေးသူသည် ရန်ကုန်၊ မအူပင်၊ ရွှေလောင်း၊ သံပရာချောင်း၊ စပါးရိုး၊ ကြီးနီစု၊ သရွက်မြိုက်၊ ကျုံမငေး၊ ကကရံ၊ ကန်ဘက်၊ ဘီတွတ်၊ လပွတ္တာမြို့များသို့သွားသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများဖြင့် မကြာခဏသွားလာခဲ့ပါသည်။

### ကြိုးပမ်းဆောင်ရွက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မုန်တိုင်းအကြောင်း သိကောင်းစရာများနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအကြောင်း သိကောင်းစရာများကိုလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောဖြစ်စဉ်များအကြောင်း သိကောင်းစရာများအား ညွှန်ကြားလေ့ရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို ထာဝစဉ်အမြဲမပြတ် ပြန်လည်သုံးသပ်ကြပြီး အားနည်းချက်များကို သင်ခန်းစာရယူကာ အားသာချက်များကို ဆက်လက်သယ်ဆောင်ပြီး ပို့ဆောင်ဆက်သွယ်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရပေသည်။

### ကုန်စည်စီးဆင်းမှု

စာရေးသူသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ကျေးဇူးတင်မိသည်။ အကြောင်းကား ကျေးလက်တောရွာများသို့ သင်္ဘောများဆိုက်ကပ်သွားလာစေခြင်းကို ဆောင်ရွက်သည့်အတွက် တောနှင့်မြို့စီးပွားရေး၊ လူမှုရေး၊ ပညာရေးကွာဟချက်များ လျော့နည်းပြီး ဒေသအလိုက် အချိုးကျကျဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို များစွာအထောက်အကူပြုလျက်ရှိခြင်းကြောင့် ဖြစ်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရည်မှန်းချက်ဆောင်ပုဒ်များဖြစ်သော ရေယာဉ်နှင့် ခရီးသည်အန္တရာယ်ကင်းရှင်းရေး (Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး (Service)၊ လုပ်ငန်းခွင်အသွင်အပြင် ကောင်းမွန်ရေး (Image) ဆောင်ပုဒ်များနှင့်အညီ ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသည်နှင့်မော်တော်ယာဉ်များသွားလာမှုအဆင်ပြေစေရေးအတွက် ကူးတို့လမ်းများပြေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင်ကုန်ပစ္စည်းများ၊ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ၊ နိုင်ငံပိုင်စက်ရုံများမှထုတ်လုပ်သော ကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကပစ္စည်းများကို နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် စီးပွားရေးစနစ်ဦးတည်ချက်နှင့်အညီ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအလေးထားဆောင်ရွက်လျက်ရှိပေသည်။ ရေယာဉ်ဝန်ထမ်းများသည် စက်၊ ရေ၊ လေတို့ကောင်းမွန်ပါကရေယာဉ်များကို လိုအပ်သည့်နေရာသို့ ချောမွေ့ကောင်းမွန်စွာ ဆိုက်ကပ်သွားလာနိုင်အောင် စွမ်းဆောင်ပေးကြသည်။

### ပြည်သူ့ဝန်ထမ်းကောင်းများ

ရေယာဉ်မှူး၊ စက်ဆရာနှင့် ဝန်ထမ်းများသည် အသက်နှင့်ဥစ္စာကို မငဲ့ကွက်ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် ကြိုးစားဆောင်ရွက်မှုသည်ကား အံ့မခန်းဖြစ်မိသည်။ ၎င်းတို့၏ကောင်းမြတ်သော ဆောင်ရွက်မှုကြောင့် နိုင်ငံပိုင်ပစ္စည်းများ၊ သမဝါယမပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ပြည်သူများ၏ အသက်မဆုံးရှုံးရအောင် ကာကွယ်နိုင်ကြသည်မှာ ချီးကျူးဂုဏ်ပြုစရာပင်ဖြစ်ပေသည်။ ရေယာဉ်မှူးနှင့်အသက်ကိုပဓာနမထားဘဲ ကြိုးစားဆောင်ရွက်လုပ်ကိုင်သွားသော စက်ဘက်ဆိုင်ရာ ဝန်ထမ်းများ၏ ဆောင်ရွက်မှုသည်ကား စံပြုစရာ၊ ဂုဏ်ပြုစရာကောင်းလှသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ပေသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ဦးဆောင်ညွှန်ကြားရေးမှူးက ဌာနအကြီးအကဲတာဝန်ယူ ထမ်းဆောင်ပြီး (၁) စီမံရေးရာဌာန၊ (၂) သယ်ယူပို့ဆောင်ရေးဌာန၊ (၃) အင်ဂျင်နီယာဌာန၊ (၄) ရေကြောင်းဌာန၊ (၅) ငွေစာရင်းဌာန၊ (၆)ကုန်ပို့ဆောင်ရေးဌာန (၇) စစ်ဆေးရေးဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ခရီးလမ်းမိုင်ပေါင်း ၉၂၁၉ မိုင်ကို ပြေးဆွဲ၍လုပ်ငန်းများအား လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်ဆောင်ရွက်လျက်ရှိသည်။

### ညှိနှိုင်းဆောင်ရွက်

လုပ်ငန်းစွမ်းဆောင်မှုသည် ပြေးဆွဲရမည့် ခရီးလမ်းအသီးသီးအတွက်ရေယာဉ်များပေးစွမ်းနိုင်မှုအပေါ် မူတည်လျက်ရှိပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် သယ်ယူပို့ဆောင်ရေး ဌာန၏ လိုအပ်ချက်နှင့်အညီ ရေယာဉ်များအပြည့်အဝသုံးစွဲနိုင်ရန် ပြုပြင်ပေးနေသည့် ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ သံလွင်သင်္ဘောကျင်း (မုတ္တမ)၊ ရတနာပုံ သင်္ဘောကျင်း (မန္တလေး)၊ ချင်းတွင်းသင်္ဘောကျင်း၊ မုံရွာတည်ဆောက်ဆဲ စုစုပေါင်းသင်္ဘောကျင်း ခြောက်ကျင်းရှိပြီး လွန်းကျင်းလမ်း ၂၅ လမ်းဖြင့် တစ်ကြိမ်လျှင်ရေယာဉ် ၄၆ စင်းက ကျင်းတင်နိုင်စွမ်းရှိပြီး အများဆုံးကျင်းတင်နိုင်သည့်ဝန်မှာ တန် ၁၄၀၀ ဖြစ်ပါသည်။ ရေယာဉ်ပေးစွမ်းနိုင်မှု ကျဆင်းမသွားစေရေးအတွက် အထူးရေယာဉ်ပြင်ဆင်ခြင်းလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်လုပ်ကိုင်စေလျက်ရှိပါသည်။

### ရပ်တည်လျက်ရှိ

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ခေတ်စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်း၌ ရေယာဉ်သစ်များတည်ဆောက်ခြင်း၊ ပုံစံပြောင်း အကြီးစား မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်သည့်နည်းတူ ပြည်ပနိုင်ငံများမှလည်း ရေယာဉ်သစ်များ ဝယ်ယူဖြည့်တင်းဆောင်ရွက်ခဲ့သည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ပြည်သူများ လိုရာခရီးသို့ လုံခြုံချောမွေ့စွာ သွားလာနိုင်ရန်အတွက် ပို့ဆောင်ပေးနိုင်ခြင်း၊ ကုန်စည်အများအပြားကို တစ်နေရာမှ တစ်နေရာသို့ ဈေးနှုန်းသက်သာစွာ ပို့ဆောင်ပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်စီးပွားရေးအဆောက်အအုံ၏ ဝန်ဆောင်မှုကဏ္ဍတစ်ရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှ ယနေ့အထိ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဌာနကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါသည်။

### ထူးခြားချက်များ

ကုန်စည်ပို့ဆောင်ရေးဌာနတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်ဝကျွန်းပေါ်ဒေသများ ဆန်စပါး၊ ဘိလပ်မြေ၊ သစ်လုံး၊ သစ်ခွဲသား၊ ရေနံ၊ မီးသွေး စသည်ဖြင့် ဝန်ကျယ်ပြီး တစ်ကြိမ်တည်း အမြောက်အမြားသယ်ရမည့် ကုန်ပစ္စည်းများကို ဦးစားပေးသယ်ယူပို့ဆောင်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းလိုအပ်ချက်အရ ပို့ဆောင်ရန်ရှိသည့် စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်ကြီးများနှင့် လေးလံသည့် ကုန်ပစ္စည်းများအား ဦးစားပေးသယ်ယူပို့ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ထူးခြားချက်များရှိလေသည်။ ဈေးနှုန်းချိုသာခြင်း၊ အများစုသုံးစွဲနိုင်ခြင်း၊ စိတ်ချရခြင်း၊ ကြီးကြပ်ကွပ်ကဲမှုကောင်းမွန်ခြင်း၊ ခရီးသည်များကို ဦးစားပေးခြင်း၊ အခြားသောအစိုးရဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးနိုင်ခြင်း၊ တစ်ကြိမ်တည်းတွင် အများဆုံးတင်နိုင်ခြင်း၊ လူများစွာစီးနင်းလိုက်ပါနိုင်ခြင်း၊ မော်တော်ယာဉ်များ မောင်းတက်၊ မောင်းဆင်းနိုင်ခြင်းတို့ ဖြစ်သည်။

### အခမဲ့ပြေးဆွဲပေးလျက်ရှိ

စာရေးသူသည် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ နာဂစ်မုန်တိုင်းတိုက်စဉ် ဝေပုလ္လနှစ်ထပ်ရေယာဉ်ကြီးဖြင့် ရန်ကုန်မှ လပွတ္တာသို့သွားခဲ့ရာ မုန်တိုင်းဒဏ်ကိုခံခဲ့ရပြီး ဗန္ဓုလရေယာဉ်ဖြင့် ရန်ကုန်သို့ အသက်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ပေးခဲ့သည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကို မမေ့နိုင်တော့ပါ။ မအူပင်၊ ရွှေလောင်း၊ ကျုံမငေး၊ လပွတ္တာ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းစသည့် မုန်တိုင်းဒဏ်ခံရသည့်မြို့နယ်များသို့ ရေယာဉ်ဝန်ထမ်းများသည် အသက်အန္တရာယ်ကို ဂရုမစိုက်၊ ပြည်သူများ၏အဆင်ပြေချောမွေ့စေရေးအတွက်ခရီးသည်နှင့်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ယနေ့တိုင်ကျေးဇူးတင် လျက်ရှိနေပါသည်။ မြောင်းမြမြို့ကြိုးတံတားပြတ်ကျခဲ့ပြီးနောက် ပြည်သူများခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွား ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရန် တောသူမယ်နှစ်ထပ်ရေယာဉ်ကို အခမဲ့ပြေးဆွဲပေးလျက်ရှိကြောင်း တွေ့မြင်ကြားသိရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။ ။

> **“ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ခေတ်စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်း၌ ရေယာဉ်သစ်များတည်ဆောက်ခြင်း၊ ပုံစံပြောင်း အကြီးစားမွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်သည့်နည်းတူ ပြည်ပနိုင်ငံများမှလည်း ရေယာဉ်သစ်များ ဝယ်ယူဖြည့်တင်း ဆောင်ရွက်ခဲ့”**

## ဂန့်ဂေါ- ကျောက်ထု- ဆော ကားလမ်းနှင့် ယောမြို့(မြို့ဟောင်း) တို့ကိုဆက်သွယ်သည့် ချီးချောင်းကူးကြိုးတံတားဖွင့်



**ကျောက်ထု မေ ၁၁**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ ဂန့်ဂေါ- ကျောက်ထု- ဆော ကားလမ်းနှင့် ယောမြို့(မြို့ဟောင်း) တို့ကို ဆက်သွယ်သည့် ချီးချောင်းကူး ကြိုးတံတား ဖွင့်လှစ်ပွဲကို မေ ၈ ရက်က အဆိုပါ တံတားထိပ် ယောမြို့ (မြို့ဟောင်း) ရွာဘက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် မြို့နယ် စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ တံတားကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အခွန်ထောက်ပံ့ ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀၀ တို့ဖြင့် အရှည် ၃၄၈ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၃၈ ပေရှိ၍ သံချည်သံကွေးအသုံးပြုကာ ကွန်ကရစ်တိုင်များဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

### ဖြတ်ကူးသွားလာနိုင်

ယခင်ကာလများက ယောမြို့သည် မိုးရာသီကာလ၌ ဂန့်ဂေါ- ကျောက်ထု- ဆော မော်တော် ကားလမ်းသို့ မိုးရာသီတွင် ချီးချောင်းကိုဖြတ်၍ သွားလာရန် ခက်ခဲခဲ့သော်လည်း ယခုအခါ ကြိုးတံတားဖြင့် ဖြတ်ကူးသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ ယောမြို့(မြို့ဟောင်း) မှာ ကုန်းဘောင်ခေတ် ယောမြို့စားယောမင်းကြီးဦးဖိုးလှိုင်ကို အကြောင်းပြု၍ လူသိများခဲ့သည့် မြို့ဟောင်းဖြစ်ပြီး ယောမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ကျောင်းကြီးရှင်ချစ် စေတီတော်သို့ လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်ပြီဖြစ်သည့်အပြင် ယောမြို့ဒေသမှ ဆော- ဂန့်ဂေါတို့သာမက ချင်းပြည်နယ် ကန်ပက်လက်၊ မင်းတပ်မြို့များ၊ မကွေးတိုင်းဒေသကြီး ပေါက်- ပခုက္ကူမြို့များသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

၁၀၁

# ကုန်ကားပိုင်ရှင်များ တက်ရောက်သင့်သည့် လုပ်ငန်းဆိုင်ရာပြပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၁**

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ မေ ၁၂ ရက်နှင့် ၁၃ ရက် နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း ရှစ်ရက်ဆက်တိုက်ကုန်တင်ယာဉ်ကြီးများပိုင်ရှင်များနှင့် Logistics ဝန်ဆောင်မှု ဆိုင်ရာ Expo နှင့် ပြပွဲများကျင်းပရန်ရှိရာ မြန်မာပြည်တွင်းရှိ ကုန်ကားပိုင်ရှင်များထံဖိတ်စာများ ပေးပို့ထားသည်ဟု ကုန်ကားနှင့်ကုန်ကားဂိတ်ပိုင်ရှင် ဦးလှဦးက ပြောသည်။

ယင်းပွဲကို MI -Myanmar Transport & Logistics Team မှ ခေါင်းဆောင် ဦးသန်းဝင်းအောင်နှင့်အဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပွဲသို့ မြန်မာပြည်တစ်ဝန်းမှ ကုန်ကားပိုင်ရှင်များနှင့် ဆက်နွှယ်သည့် လုပ်ငန်းများမှ တာဝန်ရှိသူ ၈၀၀ ဝန်းကျင်ခန့် တက်ရောက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း ကုန်ကားပိုင်ရှင်အချို့ထံ ဖိတ်စာများပေးပို့နေသူ ဘုရင့်နောင်ပွဲရုံမှ ကုန်ကားနှင့် ကုန်ကားဂိတ်ပိုင်ရှင် ကိုဇော်သက်က ပြောသည်။




ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် ပြည်တွင်းသာမက နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများပါ ကာလအနည်းငယ်အတွင်းလုပ်ဆောင်လာမည်ဖြစ်ရာ ပြည်တွင်းကုန်ကားပိုင်ရှင်များအနေဖြင့် ယင်းလုပ်ငန်းများတွင် အသင့်ပါဝင်လုပ်ကိုင်လာနိုင်ရန် လိုအပ်ချက်များကို သိရှိထားရန်နှင့် ပြင်ဆင်လုပ်ကိုင်ထားရန် ယင်းပွဲ၌ ဆွေးနွေးပြောဆိုရန်ရှိသည်ဟု သိရသည်။

ပြည်ပနိုင်ငံများမှ ကုန်ကားများပြည်တွင်းသို့ ရောက်ရှိမောင်းနှင်ရာတွင် အခက်အခဲနည်းနိုင်သော်လည်း ပြည်တွင်းမှကုန်ကားအများစုသည် နယ်စပ်ဖြတ်ကျော် ၍ ပြည်ပကားလမ်းများ၌ မောင်းနှင်ရာတွင် ယာဉ်မောင်းလိုင်စင်မှစ၍ နိုင်ငံတကာအသိအမှတ်ပြုရန် လိုအပ်သည်။ သို့ဖြစ်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် ကုန်ကားဆိုင်ရာ လိုအပ်ချက်များကို ယင်းဆွေးနွေးပွဲ၌ သိခွင့်ရရှိလာမည်ဖြစ်သည်။

အထူးသဖြင့် ကားလမ်းခရီးများတွင် ခေါင်းစဉ်အမျိုးမျိုးတပ်၍ ငွေကြေးကောက်ခံနေခြင်းများရှိနေသော်လည်း ယင်းကောက်ခံရယူနေသော ငွေကြေးအများစုမှာ ကုန်ကားလောကအပေါ် အကျိုးပြုခြင်းနည်းပြီး ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေခြင်းကိုလည်း ကုန်ကားပိုင်ရှင်များအချင်းချင်းအကြား ပွင့်လင်းစွာ ဆွေးနွေးခြင်းဖြင့် ပြုပြင်ပေးသင့်သည့် အကြံဉာဏ်များထွက်ပေါ်လာမည်ဖြစ်သည်။

ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက်ပေးပို့သည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသဘာဝများ၊ လုပ်ငန်းသုံးယာဉ်အသုံးအဆောင်ပစ္စည်းများပါ ပြသထားရှိရာ ကုန်ကားပိုင်ရှင်များအနေဖြင့် တက်ရောက်သင့်သည့် လုပ်ငန်းဆိုင်ရာပြပွဲတစ်ခုဖြစ်သည်။ ကုန်ကားလုပ်ငန်းအပေါ်များစွာ အကျိုးပြုအထောက်အပံ့ရနိုင်မည်ဟု မျှော်လင့်ထားရာ ကုန်ကားပိုင်ရှင်များ မိမိတို့တွေ့ကြုံနေရခြင်းများကို လုပ်ငန်းတူ အချင်းချင်း အမြင်ဖလှယ်ခွင့်၊ အကြံပြုခွင့်ရလာပြီး မကြာမီတွေ့ကြုံလာနိုင်သော နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအတွက်ပါ ကြိုတင်လုပ်ဆောင်ထားသင့်သည့် သတင်းအချက်အလက်များကိုပါ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဆိုင်**

# သီပေါကင်းထောက်မောင်မယ်များ တောစခန်းထွက်၍ တောတောင်ရေမြေသဘာဝအရင်းအမြစ်များလေ့လာ

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်သော နွေရာသီ ကင်းထောက်လူငယ်များသင်တန်းမှ ကင်းထောက်ဆရာ ဦးသန်းလွင်၊ ကင်းထောက် ဆရာမ ဒေါ်နုနုတင် ဦးဆောင်သော ကင်းထောက်လူငယ်မောင်မယ် ၁၀၀ ကျော်တို့သည် မေ ၉ ရက်က တောတောင်ရေမြေတို့၏ သဘာဝအရင်းအမြစ်ကို သိရှိနားလည်ရန်နှင့် စူးစမ်း လေ့လာဆည်းပူးရန်တို့ အတွက် စခန်းချထွက်ခွာခဲ့ကြသည်။



အဆိုပါကင်းထောက်မောင်မယ်များသည် တိန်းချေ တိန်းစံကျေးရွာအုပ်စု နောက်ကပ်ကျေးရွာ သဘာဝအရင်းအမြစ်များရှိရာ ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက်တို့တွင် စခန်းချရပ်နား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းစွမ်းတမံ စွမ်းဆောင်ရည် ပထမဆုရရှိသည့် စာရေးဆရာ ဇာဏီဟိန်း (သီပေါ)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး နောက်ကပ်ရွာရှိ ရွှေတောင်စာကြည့်တိုက်သို့ သွားရောက်ကာ စာအုပ်စာပေများကို လေ့လာဖတ်ရှုကြသည်။

ထို့နောက် ပြည်သူ့အတွက် အစဉ်အသင့် သီချင်းကို သီဆိုကပြတီးမှုတ်ကြလျက် တောစခန်းမှ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# သုံးခွမြို့ပေါ်ရပ်ကွက်အချို့တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေ

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ပေါ်ရပ်ကွက်အချို့တွင် လူဦးရေများပြားလာသောကြောင့် ရေသုံးစွဲသူများပြားလာခြင်းနှင့်အတူ နေပူရှိန်မြင့်မားလာမှုတို့ကြောင့် မြေသားမိုးရေလှောင်ကန် (ရေကန်) များခန်းခြောက်၍ သောက်သုံးရေပြတ်လပ်ကာ အခက်အခဲဖြစ်နေရကြောင်းသိရသည်။

အမှတ် ၉ ရပ်ကွက် ချောင်းဝပိုင်း၊ အောင်မင်္ဂလာပိုင်း၊ အမှတ် ၂ ရပ်ကွက် သဇင်လမ်း၊ မြနန္ဒာလမ်းသွယ်၊ ဦးဘကန်လမ်း၊ အမှတ် ၃ ရပ်ကွက် ကျန်စစ်လမ်း၊ ကြိုက်ဟုန်းလမ်း၊ အမှတ် ၅ ရပ်ကွက် သီပေါလမ်းသွယ်များ၊ အနောက်ကျေးရွာကိုင်းကန်ကွင်းတို့ဖြစ်ပြီး အဆိုပါနေရာများသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်လည်းကောင်း၊ အလှူရှင်များက လီတာ၂၀ ဝင် ရေသန့်ဘူးကြီးများကိုလည်းကောင်း၊ အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ သုံးခွမြို့ပေါ်တွင် မြို့နယ်စည်ပင်အဖွဲ့ပိုင် ရေကန် ၅၃ ကန်ရှိပြီး ထိုထဲမှ မြို့ရေပေးဝေရေး ကန်လေးကန်ရှိကြောင်း သိရသည်။ **ကိုကျော် (သုံးခွ)**

# ကြက်မောက်သီးနှင့် ဒူးရင်းသီးများဈေးကွက်ဝင်၍ ဒေသခံများအဆင်ပြေ

**ကျိုက်မရော မေ ၁၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မိုးများပြီးရာသီဥတုမှန်၍ ရာသီစာ သီးပင်များဖြစ်သည့် ကြက်မောက်သီးနှင့် ဒူးရင်းသီးများ လှိုင်လှိုင်ပေါ်၍ ခြံရှင်များ စီးပွားရေးအဆင်ပြေလျက်ရှိသည်။ ကြက်မောက်သီးတွင် အမျိုးအစားနှစ်မျိုးရှိသည့်အနက် ယိုးဒယား အမျိုးအစားကြက်မောက်သီးများမှာ အစေ့ကျွတ်၍အချိုစူးသဖြင့် လူကြိုက်များပြီး နတ်စမ်းရွာကြက်မောက်သီးများမှာ အစေ့မကျွတ်သေးပါ။ ဇူလိုင်လတွင် ကြက်မောက်သီးဈေးကွက်အနေဖြင့် ရန်ကုန်မြို့သို့ နေ့စဉ်ပို့နေရကြောင်း၊ ဒူးရင်းသီးမျိုးမှာလည်း ယိုးဒယားမျိုးနှင့် ကိုင်းကူးစိုက်ထားသည့်အသီးများဖြစ်၍ အချိုစူးပြီး ရောင်းပန်းလှကာ ဈေးကွက်ဝင်လျက်ရှိကြောင်း သိရသည်။ ယခုအခါကျိုက်မရောဒေသထွက် ကြက်မောက်သီး၊ ဒူးရင်းသီးများလှိုင်လှိုင်ပေါ်ထွက်နေပြီဖြစ်ရာ ဒူးရင်းသီးတစ်လုံးလျှင် အနည်းဆုံးငွေကျပ် ၅၀၀၀ အထိ ရရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာမြေသီးနှံလျော်ကြေးငွေ ပေးအပ်

**နောင်ချို မေ ၁၁**

နောင်ချိုမြို့ရှောင်ကားလမ်းနှင့် ဂုတ်တွင်းတံတားသစ်စီမံကိန်းတွင်ပါဝင်သော လယ်၊ ယာမြေ၊ သီးနှံများအတွက်လျော်ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက်က မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက တတိယအကြိမ်သဘောတူညီသော တောင်သူများအားမြေ၊ ယာ၊ သီးနှံလျော်ကြေးငွေ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီးနောက် နောင်ချိုမြို့နယ် လုံရိုးကျေးရွာမှတောင်သူ လေးဦး၊ ငုက္ခလေးကျေးရွာအုပ်စုမှ တောင်သူ ၃၈ ဦးအတွက် စုစုပေါင်းငွေကျပ် ၄၉၉၁၂၈၅၀၀ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း (နောင်ချို)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**မေ ၉ ရက်မှအဆက်**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁၉ | ပညာပါရမီနှင့် အတွေးအမြင်စာစု | ဒေါက်တာလှဘေ | ၃၅၀၀ | ရာပြည့် |
| ၂၀ | ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ (ဒုတိယအုပ်) | ဝဏ္ဏသီရိ | ၅၀၀၀ | အလင်းသစ် |
| ၂၁ | မြင့်သန်း၏ အတွေး နောက်ကအရေး | မြင့်သန်း | ၂၅၀၀ | နှစ်ကာလများ |
| ၂၂ | လျှော်ဖြူပင်စိုက်ပျိုးရေး | ခင်မောင်ဝင်း (စက်မှုသီးနှံ) | ၂၀၀၀ | ဖြူသဇင် |
| ၂၃ | စိတ်ခွန်အားကောင်းသူတို့ ရှောင်တတ်ကြတဲ့ ၁၃ ချက် | ကောင်းသာ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၄ | ဘာစကာဗီုလ်ခွေးကြီး | ရွှေဥဒေါင်း | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၅ | အိန္ဒိယ လွတ်လပ်ရေး ဖခင်ဂန္ဒီ | ဇင်မျိုး | ၉၀၀ | စိတ်ကူးချိုချို |
| ၂၆ | သင့်ဖူးစာရှင်ရဲ့ရုပ်ပုံလွှာ | ဒဿကျော်စွာ | ၂၀၀၀ | မျိုးဆက်သစ် |
| ၂၇ | ဇော်သပညာစစ်တမ်း | ဒီပံလင်း | ၅၀၀၀ | မိုးကျော်သူ |
| ၂၈ | မြန်ပြည်စစ်တမ်း (သို့မဟုတ်) မြန်မာပြည်မှာဆယ်ရက်ကြာ | မင်းချစ်ဖေ | ၃၀၀၀ | ယဉ်မျိုး |
| ၂၉ | လုပ်ငန်းဆိုင်ရာ အစည်းအဝေးများကျင်းပနည်း | အလင်းပွင့် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၃၀ | သစ်ရွက်ပေါ်ကပျားရည်စက်များ | မင်းချမ်းမွန် | ၃၀၀၀ | ရှင်မတောင် |
| ၃၁ | မြင်းမိုရ်တမ်းချင်း မြန်မာကဗျာ -၁၀၀ | ဝေမိုး (ကျွန်းလှ) | ၂၀၀၀ | ယဉ်မျိုး |
| ၃၂ | ရေချိုငါးမျိုးစုံမွေးမြူနည်း | မောင်သိက္ခာ | ၂၂၀၀ | စိတ်ကူးချိုချို |
| ၃၃ | မြန်မာ့သတ္တုတွင်း နည်းပညာဥပဒေများနှင့် အသုံးချ လျှောက်လွှာပုံစံများ | | ၆၀၀၀ | ရှုတိုင်းယဉ် |
| ၃၄ | သက်ရှိပန်းချီ | မောင်တူး | ၂၅၀၀ | ဆိပ်ကမ်းသာ |
| ၃၅ | Picture Dictionary for kids | Pyinsagam | ၃၀၀၀ | Pyinsagam |
| ၃၆ | မြန်မာ့စီးပွားရေး အခင်းအကျင်းသစ် | ခင်မောင်ညို (ဘောဂဗေဒ) | ၂၂၀၀ | စိတ်ကူးချိုချို |
| ၃၇ | အသေးစား ငွေရေး၊ ကြေးရေး လုပ်ငန်းဥပဒေ | ကျော်မောင်မောင် | ၇၀၀ | စိတ်ကူးချိုချို |
| ၃၈ | သူငယ်ချင်း ရှာတွေ့သွားတဲ့ ခွေးကလေးဘီတာစ် | လင်းလက်ကြယ်စင် | ၁၂၀၀ | စိတ်ကူးချိုချို |
| ၃၉ | ယပ်တောင် | နွေလယ်နေ့ | ၁၅၀၀ | Pica Media |
| ၄၀ | ကောင်းကင်၏မျှော်လင့်ခြင်း | နွေလေ | ၂၀၀၀ | Pica Media |
| ၄၁ | မြို့ဂျပိုး | မာန် (တောင်လုံးပြန်) | ၃၀၀၀ | Global Piece Group |
| ၄၂ | လုပ်ငန်းရှင်သူဌေးအဖြစ် တစ်မိနစ် | ညီညီနိုင် | ၂၅၀၀ | မဇ္ဈိမ |
| ၄၃ | ဆာနေတဲ့အသံတွေ | မောင်တိုင်းချစ် | ၁၅၀၀ | နှင်းလူစာပေ |
| ၄၄ | သူနိုင်ကိုယ်နိုင် | မောင်မိုးသူ | ၄၀၀၀ | ဘဝတက္ကသိုလ် |
| ၄၅ | မိစ္ဆာကျွန်း (Lord of the Filies) | ဝေယံဘုန်း | ၄၇၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၆ | ဆက်သွယ်ရေးဥပဒေ၊ ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများ | ကျော်မောင်မောင် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၄၇ | Real Lives, Real Stories Volume -44,2018 | ကလောင်စုံ | ၄၅၀၀ | the book house |
| ၄၈ | လေဘာတီ ရုပ်တုကြီး ဆိုတာဘာလဲ | ကိုအေးမြင့် | ၁၅၀၀ | ဇေယျာမြေ |
| ၄၉ | ယနေ့တိုင်မင်းမူနေဆဲ ခရိုနီကြီးများ | သန်းဝင်းလှိုင် | ၃၀၀၀ | အိပ်မက်သစ် |
| ၅၀ | ကဗျာကိုတွေ့ရှိခြင်း | ဒဂုန်တာရာ | ၄၅၀၀ | စိတ်ကူးချိုချို |
| ၅၁ | သမ္မာဇီဝနှင့် နုပျိုသော စာပေအနုပညာဘဝ | ဒဂုန်တာရာ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၅၂ | ကမ္ဘာကြီးရဲ့အော်သံကို နားနဲ့ဆတ်ဆတ်လိုက်နာလို့ မိတ်ဆွေတို့ရဲ့ခေါ်သံဆီ ဖဝါးထိပ်ချက် တိုက်ရှာဖို့ | ကိုသန်းထွန်း | ၂၅၀၀ | ဆိပ်ကမ်းသာ |
| ၅၃ | ကျောက်ဂူတံခါးက လက်ဝါးရာ | ZEPHYR | ၃၀၀၀ | နှင်းဆီဖြူ |
| ၅၄ | Longman အဘိဓာန်မှ စံပြဝါကျများ | ဘဝသစ် ဦးအောင်ကျော် | ၅၀၀၀ | ဆုစာပေ |
| ၅၅ | ဂရုမစိုက်ခြင်း အနုပညာ | ချမ်းမြေ့ဝင်း | ၄၀၀၀ | ဇစ်မြစ်စာပေ |
| ၅၆ | Eleven 2018 world Cup Guidebook | | ၅၀၀၀ | Eleven media |

# အိမ်တွင်းအကြမ်းဖက်မှုများ ကင်းဝေးစေရေး ရည်ရွယ်ပြုလုပ်သည့် အိမ်ထောင်ရှင်ပြိုင်ပွဲ

Mrs. G orgeous Of Myanmar 2018 အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲကို မေ ၁၄ ရက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel တွင် Mrs. Gorgeous Myanmar Organization မှ ဦးစီး ကျင်းပ ပြုလုပ်သွားမည်ကြောင်း သိရှိရသည်။

"အိမ်ထောင်ရှင် အမျိုးသမီးတွေဆိုတာ အိမ်ထောင့်တာဝန်တွေကို ထမ်းဆောင်ရင်း အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်သွားခဲ့ရပါတယ်၊ အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှုဆိုတဲ့ကိစ္စတွေ ဖြစ်လာတဲ့အခါ စိတ်ဓာတ်ပိုင်းကျဆင်းနေတဲ့ အမျိုးသမီးတွေအတွက် တစ်ဖက်တစ်လမ်းကနေ အားပေးနိုင်ဖို့၊ အထောက်အကူရစေနိုင်ဖို့ အခုလို ပြိုင်ပွဲတွေကို ကျင်းပပေးတာ ဖြစ်ပါတယ်၊ ဒီလိုပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ဖြစ်၊ ကြည့်ရှုအားပေးတာဖြစ်ဖြစ် လုပ်မယ်ဆိုရင် အရင်ကထက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိလာပါတယ်၊ ကျွန်မဆိုရင် MMPA ကနေ National Director အဖြစ် ခန့်အပ်ခဲ့တယ်၊ အဲဒီလိုခန့်အပ်တဲ့နေရာမှာ ကျွန်မလို အိမ်ထောင်ရှင်အမျိုးသမီးတွေကို အခွင့်အရေးတစ်ခုပေးချင်တဲ့ဆန္ဒကြောင့် ဒီလိုတာဝန်ကို ယူဖြစ်ခဲ့ပါတယ်၊ အမျိုးသမီးတစ်ဦးဟာ အိမ်ထောင်ကျပြီးပြီဆိုတာနဲ့ သူ့ဘဝက အဆုံးသတ်သွားတာ၊ လင်ယောကျ်ားနဲ့ သားသမီးတွေအတွက် ဘဝကို မြှုပ်နှံပစ်လိုက်ရတာ မဟုတ်ပါဘူး၊ အဲဒီအယူအဆကို ကျွန်မကတော့ မှားတယ်လို့ ထင်ပါတယ်၊ အိမ်ထောင်ရှင်အမျိုးသမီးတွေမှာ တာဝန်တွေ၊ မိသားစုတစ်စုလုံးရဲ့ အနာဂတ်တွေ၊ သားသမီးတွေအတွက် ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းထားရဦးမယ့်အရာတွေ အများကြီးရှိပါတယ်၊ အခုကျင်းပတဲ့အခါ နယ်တွေကပါ အမျိုးသမီးတွေ ပါဝင်လာတာကို တွေ့ရတယ်၊ သူတို့တွေကို မေးမြန်းကြည့်တဲ့အခါ ကျွန်မတို့နဲ့ အတွေးအခေါ်ချင်းတူပေမယ့် သူတို့က ဘယ်ကနေစပြီး ဘယ်လိုလုပ်ရမှန်း သိပ်မသိကြဘူး၊ ဒါကြောင့် ဝါသနာပါတဲ့အလုပ်ကို လုပ်ခွင့်ရဖို့ အတွေ့အကြုံတွေ ဖလှယ်ခဲ့ကြတယ်"ဟု ပွဲဖြစ်မြောက်ရေးတာဝန်ခံ ဒေါ်နန်းစန္ဒာမြင့်က ပြောသည်။

အဆိုပါ ပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ အရည်အချင်းရှိ အိမ်ထောင်ရှင် အမျိုးသမီး အယောက် ၃၀ ကို ယှဉ်ပြိုင်စေပြီး ထိုအထဲမှ Mrs Gorgeous Myanmar Winner ဆုကို ချီးမြှင့်သွားမည်ဖြစ်ပြီး အလှမယ် သုံးဦး သို့မဟုတ် ခုနစ်ဦး ရွေးချယ်သွားမည်ဖြစ်သည်။

**ကိုလင်း**




# တေးသံရှင် ဖြူသီနှင့် ရာဇာဝင်းတင့် တို့ မောင်နှမနှစ်ဦး၏ ရွှေစံပါယ်ရုံ

မြန်မာသံအဆိုရှင် မောင်နှမနှစ်ဦးဖြစ်သည့် အဆိုတော် ဒေါ်ဖြူသီနှင့် မောင်ဖြစ်သူ ရာဇာဝင်းတင့်တို့၏ "ရွှေစံပါယ်ရုံ "တေးသီချင်း အပါအဝင် "ဟိုတုန်းက လွမ်းမျက်ရည်" ဟု အမည်ပေးထားသော တေးစီးရီးကို လှိုင်တေးသံသွင်းမှ ယခုလဆန်းတွင် စတင်ဖြန့်ချိထားသည်။

"ဒီတေးစီးရီးလေး စဖြစ်လာရတာကတော့ ကျွန်မနဲ့ မောင်လေးဖြစ်သူတို့ နှစ်ဦး အတူဆိုမယ်ဆိုတဲ့စိတ်ကူး အရင်ကမရှိခဲ့ဘူး၊ ပထမတော့ ဖြူသီဆိုပြီးတော့ တစ်ကိုယ်တော်ခွေ ထုတ်မလို့ပေါ့နော်၊ ကိုယ့်ရဲ့မောင်လေးအသံကလည်း ကောင်းတယ်၊ သူက မြန်မာသံစစ်စစ်ပါ၊ အိမ်မှာသမီးတွေကတောင် ပြောကြတယ်၊ မေမေက လွန်တာပေါ့တဲ့၊ ခရီးတစ်ခုသွားရင်တောင် ကားထဲမှာ ကျွန်မမောင်ရဲ့သီချင်းတွေ အမြဲဖွင့်နေကျလေ၊ အခုခွေမှာ မောင်လေးလည်း သူ့ဟာသူ Solo ဆို၊ ကိုယ်လည်း Solo ပုံစံ ဆိုပေါ့၊ စုံတွဲမဟုတ်ပါဘူး၊ တစ်ယောက်တစ်ပုဒ် သီဆိုထားတာပါ၊ စီးရီးနာမည် စဉ်းစားရတဲ့အခါ သီချင်းကလည်း အများကြီး ပြင်ဆင်ပြီး ကြိုးပမ်းနေချိန်မှာ ကိုမောင်မောင်ကြီးက ရွှေဂျုံးဖြူ မြနှင်းလေပြေ၊ မယ်စာရွှေပြည် သီချင်းလေးတွေဆိုရင် သိပ်ကောင်းမှာပဲလို့ ပြောလာတယ်၊ ကိုယ်ကလည်း ကြိုက်တဲ့အတွက် တီးခတ်သူနဲ့ တိုင်ပင်ပြီး သီချင်းလေးတွေ သွင်းကြတယ်၊ အခွေခေါင်းစဉ်ပေးဖို့ သီချင်းနာမည်ရွေးကြတဲ့အခါ မောင်လေး ရာဇာဝင်းတင့် ဆိုထားတဲ့ ရွှေစံပါယ်ရုံဆိုတဲ့ သီချင်းလေးကို သွားမြင်မိတယ်၊ ရေးသူက ဦးမောင်မောင်လှ၊ မူရင်းဆိုသူက တက္ကသိုလ်ဖေသန်းပါ" ဟု ဒေါ်ဖြူသီက ပြောသည်။



အဆိုတော် ဒေါ်ဖြူသီသည် တက္ကသိုလ်ဖြူသီအဖြစ်နှင့် ရေဒီယို သီချင်းများသီဆိုခဲ့ပြီး စတီရီယိုဖြူသီအဖြစ် "ဝေးစမ်းပါစေ မိုင်ပေါင်းကုဋေ" စီးရီးပထမဆုံးထွက်ရှိခဲ့ပြီး လမ်းပြကြယ်၊ ပိုလာဘာလီ၊ ရွှေကျေးတမာစသည့် သီချင်းတွေဖြင့် မြန်မာစတီရီယို ခေတ်ပေါ်လောကတွင် အအောင်မြင်ဆုံး အမျိုးသမီး အဆိုရှင်ဖြစ်ခဲ့သည်။

အိမ်ထောင်ဖက်၏ မိဘများက သီချင်းဆိုခြင်းကို သဘောမကျသဖြင့် ပရိသတ်ရှေ့ထွက်ပြခွင့် မရခဲ့သူဖြစ်ခဲ့ပြီး "လှေကလေး" အမည်ရ တေးသီချင်းကိုလည်း မင်းသမီးကြီး ခင်ယုမေက တေးသရုပ်ဖော်ပေးခဲ့ရကြောင်း သိရသည်။ ယခု မောင်ဖြစ်သူ ရာဇာဝင်းတင့်နှင့်အတူ သီဆိုထားသောစီးရီးကို ဒေါ်ဖြူသီအနေနှင့် ပရိသတ်အတွက် တစ်ကိုယ်တော်အဖြစ် ဖန်တီးသော်လည်း မောင်ဖြစ်သူအသံကို ကြိုက်နှစ်သက်သောကြောင့် မောင်နှမနှစ်ဦး အမှတ်တရ ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးဂီတ စန္ဒရားဘိုတာထွန်းမြင့်က ဖန်တီးတီးခတ်ပေးထားကြောင်း သိရသည်။


**ကိုလင်း**

# ရဲလေးရဲ့ အသည်းကွဲတယ် ဆိုတာ

■ **ကိုလင်း**

ဂီတလောကသာမက သရုပ်ဆောင်ရာတွင်လည်း သွက်လက်ချက်ချာသူအဖြစ် မြင်တွေ့ရသည့် ရဲလေးက ပရိသတ်အတွက် သူ၏ ကိုးခွေမြောက်စီးရီးကို မကြာမီထွက်ရှိနိုင်ရန် ပြင်ဆင်နေပြီဟုသိရပြီး သူကိုယ်တိုင်ရေးသားထားပြီး "အသည်းကွဲတယ်ဆိုတာ" ဟု အမည့်ပေးထားသော တေးသီချင်း MTV တစ်ပုဒ်ကို YLJK Entertainment Page မှတစ်ဆင့် မေ ၉ ရက်တွင် စတင်ဖြန့်ချိပေးခဲ့သည်။

သရုပ်ဆောင် မေနဒီအောင်နှင့်အတူ တွဲဖက်သရုပ်ဆောင်ထားပြီး ယနေ့ခေတ် အသည်းကွဲနေသော လူငယ်များ၏ရင်ကို ထိရှစေနိုင်သော သီချင်းတစ်ပုဒ်ဟု သိရသည်။



"ကျွန်တော့်ရဲ့ ကိုးခွေမြောက်သီချင်းခွေအသစ်အတွက် အချိန်တွေပေးနေရတယ်၊ ရှိုးပွဲတွေလည်း ဆိုဖြစ်ပါတယ်၊ ဒီကြားထဲမှာလည်း ပရိသတ်တွေနဲ့ အချိန်လေးပေးဖို့ အစီအစဉ်လေး တစ်ခုစီစဉ်နေပါတယ်၊ ဒီအခွေထဲမှာ Hip Hop နဲ့ R & B ပုံစံလေးတွေ ပါမှာပါ၊ ပုံစံက တအားကွဲထွက်သွားလို့မရဘူး၊ အဟောင်းကြီးထဲမှာလည်း နေခဲ့လို့မရဘူး၊ သူ့ကို ညီမျှအောင် ရှေ့ကိုလည်း မီရမယ်၊ ပရိသတ်တွေလည်း ကြိုက်ရမယ်၊ ကိုယ့်ပုံစံနဲ့လည်း သိပ်ပြီးပြောင်းလဲမသွားတဲ့ပုံကိုလည်း ထိန်းရမယ်ဆိုတဲ့ အဲဒီအချက်သုံးချက်ကို ချင့်ချိန်ပြီးတော့ အလုပ်ကို အမြဲလုပ်ဖြစ်ပါတယ်၊ သီချင်းလေးတွေကလည်း အဲဒီလိုပုံစံလေးတွေနဲ့လာပါလိမ့်မယ်၊ အမြူးလေးတွေ၊ အေးအေးလေးတွေ၊ မမြူးတမြူးလေး၊ ကြည်နူးစရာလေးတွေ၊ အသည်းကွဲတာတွေ၊ ခုန်ပေါက်မြူးတာတွေရော အများကြီးလာပါလိမ့်မယ်၊ ဒီအခွေက မျှပါလိမ့်မယ်၊ သီချင်းအားလုံးပေါင်း ၁၂ ပုဒ်လောက်ပါမှာပါ၊ အခုက သီချင်းမစုံသေးဘူး၊ သီချင်းစုတဲ့အပိုင်းပဲ ရှိသေးတယ်၊ ၇၀ ရာခိုင်နှုန်းလောက်ပဲ ပြီးသေးပါတယ်"ဟု ပြောသည်။

အသည်းကွဲတယ်ဆိုတဲ့ တေးသီချင်းကို ဖန်တီးဖြစ်ခဲ့ပုံနှင့် ပတ်သက်ပြီးတော့ အသည်းကွဲသီချင်းဆိုပေမယ့် လုံးဝအီနေတာမျိုး မဟုတ်ဘဲ ပုံမှန် ရစ်သမ်လေးနဲ့ သွားထားပါတယ်၊ ဒီသီချင်းကို ထူးထူးခြားခြားအနေနဲ့ ဒရမ်ရယ် အခုနောက်ပိုင်း ခေတ်စားနေတဲ့ ကာကျူးဆိုတဲ့ တူရိယာတစ်မျိုးနဲ့ပဲ တီးခတ်ထားတာပါ၊ ကျွန်တော်ကိုယ်တိုင်ရေးပြီး ကိုယ်တိုင်ဆိုထားတာပါ၊ အားလုံး သဘောကျကြလိမ့်မယ်လို့ ထင်ပါတယ်၊ ပထမစီစဉ်ထားတာက မေ ၁၈၊ ဒါပေမယ့် ကျွန်တော့်မှာလည်း တခြားအလုပ်ကိစ္စတွေနဲ့ ကားရိုက်တွေလည်းရှိနေလို့ မေ ၉ ရက်ကို ပြောင်းလိုက်တာပါ၊ ကိုးနဝင်းကျေအောင်ပေါ့" ဟု ဆိုသည်။

# တစ်ကျော့ပြန် ရဲမင်းပိုင် လာပြီ

**မြန်မာ**ရုပ်ရှင်နှင့် ဗီဒီယိုလောကသို့ ၁၉၉၀ ပြည့်နှစ်တွင် အက်ရှင်မင်းသားအဖြစ်နှင့် ပထမဆုံး ဝင်ရောက်လာပြီး အက်ရှင်ဇာတ်ကားများစွာကို သရုပ်ဆောင်ရင်း ၂၀၀၄ ခုနှစ်တွင် ပြည်ပကို ထွက်ခွာခဲ့သူ သရုပ်ဆောင် ရဲမင်းပိုင် တစ်ယောက် ပရိသတ်တွေအတွက် ပြန်လည်ပြီး သူ၏အနုပညာအလုပ်များ ချပြသွားရန်ရှိကြောင်း သိရသည်။

သီဟရတနာ ရုပ်ရှင် ထုတ်လုပ်ရေးမှ ရိုက်ကူးပြီး ဒါရိုက်တာ ဂျိုး ပုံဖော်ရိုက်ကူးမည့် Cover (ကာဗာ ) ရုပ်ရှင်ဇာတ်ကားသစ်တွင် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီလူမင်းတို့နှင့် တွဲဖက်၍ တစ်ကျော့ပြန် ပွဲဦးထွက်အဖြစ် သရုပ်ဆောင်မည်ဟု သိရသည်။

"ရုပ်ရှင်ကားကြီးတွေ လာရောက်ကမ်းလှမ်းတာတွေ ရှိပါတယ်၊ ဒီလိုပဲ ကြိုးစားနေရပါတယ်၊ Cover(ကာဗာ)မှာ ဒါရိုက်တာခိုင်းတဲ့အပေါ်မှာ မူတည်ပြီး သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဇာတ်လမ်းနဲ့ ပတ်သက်ပြီးတော့ အကြံဉာဏ်ပေးတာမျိုးတော့ ကျွန်တော့်မှာ မရှိပါဘူး၊ ဒါရိုက်တာက သရုပ်ဆောင်ခိုင်းတဲ့ပေါ်မှာ မူတည်ပြီး လုပ်ဆောင်ရမှာပေါ့၊ အက်ရှင်ကားဟာ ဈေးကွက်မှာ ပြန်လည်တိုးဝင်လာနိုင်မယ်လို့ ထင်လားဆိုရင်တော့ လက်ရှိအနေအထားအရတော့ အက်ရှင်ကားကို ရိုက်ကူးမယ့် ဒါရိုက်တာတွေ တဖြည်းဖြည်းနဲ့ ပြန်လည်ပေါ်ထွက်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်၊ အက်ရှင်ကားဆိုတာလည်း မရှိရင်မဖြစ်ဘူးလေ၊ မြန်မာဗီဒီယိုလောက ဟိုတုန်းက ၁၉၉၀ ပြည့်နှစ် ဗီဒီယိုလောကမှာ စတင်ပြီး ဖိုက်တင်အက်ရှင်ကားတွေစပေါ်လာတယ်၊ ၁၉၉၄ ခုနှစ်လောက်ကျတော့ မြို့လယ်ကောင်မှာ ဖိုက်တင်ထိုးတာတွေ မရတော့ဘူး၊ ကျွန်တော်တို့ လောကသားတွေအဖို့ ဆုံးရှုံးမှုပေါ့လေ၊ တိုးတက်သင့်သလောက် မတိုးတက်နိုင်တော့ဘူး၊ ဆင်ဆာတားမြစ်လိုက်တယ်လေ၊ အက်ရှင်ကားတွေက အဲဒီလိုကျတော့ နယ်ကားတွေအဖြစ် ပြောင်းလဲသွားရပြီး နယ်ဘက်ကို အမှီပြုပြီး ရိုက်ကူးခဲ့ရတယ်၊ ဒါကြောင့် ဇာတ်လမ်းတွေက ထပ်လာတယ်၊ လွတ်လပ်ရေးမရမီက ဇာတ်တွေပြန်ပြီး ရိုက်ကူးခဲ့ကြရတယ်၊ နယ်ဘက်ကို အခြေခံရိုက်တော့ နယ်အကြိုက် နယ်မင်းသားတွေ ဖြစ်လာခဲ့တော့တယ်၊ အခုကျတော့ ဖိုက်တင်ကားတွေက သိပ်နည်းလာပြီး အချစ်၊ ဟာသတွေပဲ များလာတယ်၊ ကျွန်တော်တို့လည်း ရပ်တည်ဖို့ ခက်ခဲလာတယ်၊ ၂၀၀၄ ခုနှစ်လည်းကျရော ကျွန်တော် နိုင်ငံခြားကို ထွက်သွားခဲ့တယ်"ဟု ရဲမင်းပိုင်က ပြောသည်။



အက်ရှင်ကားရိုက်ကူးမှုသည် ကုန်ကျစရိတ်များပြားပြီး ဖန်တီးရာတွင် တင်ဆက်မှု၊ ရိုက်ကူးမှုတို့မှာ အန္တရာယ်ရှိခြင်း၊ လေ့ကျင့်မှု အချိန်ပေးရခြင်းတို့ကြောင့် ယခုကဲ့သို့ ရပ်ဆိုင်းသွားရခြင်းလည်းဖြစ်ကြောင်း သိရပြီး ယခုအခါ ဖိုက်တင်ဇာတ်ကားများ ပြန်လည်ရိုက်ကူးလာကြပြီး ပရိသတ်အားပေးမှုလည်း အထိုက်အလျောက်ရှိလာသည့်အတွက် ပရိသတ်အားပေးလျှင် အားပေးသကဲ့သို့ ဖိုက်တင်ကားများ ပြန်လည်ရိုက်ကူးရန်အတွက်လည်း အားရှိလာကြောင်း ရဲမင်းပိုင်က ဆိုသည်။

"အခုလို ဖိုက်တင်ကို ပြန်ပြီးစိတ်ဝင်စားလာတာတွေ့ရတော့ ပြန်လုပ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ ပြန်လည်းလေ့ကျင့်တယ်၊ ကိုယ်တတ်နိုင်တဲ့အနေအထားနဲ့ ပြန်လည်ရိုက်ကူးလိုတယ်၊ ကျွန်တော်တို့ မှာ ဘာတွေလိုအပ်သလဲဆိုရင် ကြိုတင်ပြင်ဆင်ထားရတဲ့ လေ့ကျင့်မှုမရှိကြဘူး၊ လူကြမ်းတွေဟာ ရိုက်ကွင်းပေါ်ကျမှ ထိုးတန်ထိုး၊ ရိုက်တန်ရိုက် ကြည့်ကောင်းအောင် လုပ်ကြရတယ်၊ ကြိုတင်ပြင်ဆင်မှုလည်း လုံးဝမရှိတဲ့အတွက် ဖိုက်တင်ကားတွေ တိုးတက်လာဖို့ဆိုတာကတော့ လိုအပ်ချက်တွေ ရှိနေသေးတယ်"ဟု သူက ပြောသည်။

**ကိုလင်း**

## အနုပညာသတင်း



# အရင်ကထက်ပိုပြီးချမ်းသာလာတဲ့ အက်ဒ်ရှီရန်၊ ရီတာအိုရာနဲ့ ကယ်ဗင်ဟာရစ်

အဆိုတော် အက်ဒ်ရှီရန်၊ ရီတာအိုရာနဲ့ ကယ်ဗင်ဟာရစ်တို့ဟာ ချမ်းသာကြွယ်ဝမှု စာရင်းမှာ အရင်ကထက် ပိုပြီးချမ်းသာကြွယ်ဝလာတာကို တွေ့ရပါတယ်။ ဆန်းဒေးတိုင်းမ်စ်ကဖော်ပြတဲ့ ချမ်းသာကြွယ်ဝမှုများစာရင်းမှာ အရင်သတ်မှတ်ချက်ထက် အဆင့်တိုးလာတာကို တွေ့ရပါတယ်။ အက်ဒ်ရှီရန်ရဲ့ ပိုင်ဆိုင်မှုဟာ ခန့်မှန်းခြေ ပေါင်သန်း ၈၀ ခန့်ရှိတယ်လို့ အဲဒီစာရင်းမှာ ဖော်ပြထားပါတယ်။ ဒီလိုမျိုးပိုင်ဆိုင်မှုတွေ တိုးလာပေမယ့် ဗြိတိန်ရဲ့အချမ်းသာဆုံး ဂီတပညာရှင်စာရင်းမှာတော့ အက်ဒ်ရှီရန်ဟာ နံပါတ် ၃၅ မှာ ရပ်တည်နေပါတယ်။ ဆာပေါလ်မက်ကတ်ဒ်နေးက ပေါင်သန်း ၈၂၀ နဲ့ ထိပ်ဆုံးက ရပ်တည်နေပါတယ်။ U2 ကတော့ နံပါတ် ၃ နေရာမှာ ပေါင် ၆၅၉ သန်းနဲ့ရပ်တည်နေပြီး ဆာအယ်တန်ဂျွန်ကတော့ ပေါင်သန်း ၃၀၀ နဲ့ စတုတ္ထနေရာမှာ ရပ်တည်နေပါတယ်။ ကယ်ဗင်ဟာရစ်ကတော့ ပထမဦးဆုံးအကြိမ်အဖြစ် ထိပ်ဆုံး ၂၀ စာရင်းမှာ ပါဝင်ခဲ့တာဖြစ်တယ်။ ရီတာအိုရာကတော့ပေါင် ၁၆ သန်းနဲ့ အချမ်းသာဆုံး လူငယ်ဂီတပညာရှင်များစာရင်းမှာ ပါဝင်ခဲ့တာပဲဖြစ်တယ်။ အချမ်းသာဆုံး အသက် ၃၀ အောက် ဂီတပညာရှင် စာရင်းမှာ ထိပ်ဆုံးကဦးဆောင်နေတဲ့သူကတော့ အဒဲလ်ပဲဖြစ်တယ်။ အဒဲလ်ဟာ ပေါင်သန်း ၁၄၀ ခန့် ကြွယ်ဝတယ်လို့ ခန့်မှန်းထားပါတယ်။ အရင်ကထက် ၁၅ သန်း ပိုပြီးချမ်းသာလာတာပါ။

**ဘီဘီစီ**



# သားဖြစ်သူအတွက် ဂုဏ်ယူမဆုံးဖြစ်နေတဲ့ စလင်းဒီယွန်

▪ မြူး

နာမည်ကျော်အဆိုတော် စလင်းဒီယွန်ရဲ့ သားဖြစ်သူဟာ မိခင်ဖြစ်သူရဲ့ခြေရာ နင်းနိုင်တယ်လို့ဆိုရမှာပါ။ စလင်းဒီယွန်ရဲ့သားဖြစ်သူ အသက် ၁၇ နှစ်အရွယ် ရီနေးလ်ချာလ်ဟာ မေ ၇ ရက်က သီချင်းနှစ်ပုဒ် ထွက်ရှိထားပါတယ်။ စလင်းဒီယွန်လိုပဲ သားဖြစ်သူဟာ ဂီတပညာကို ချစ်မြတ်နိုးပုံပါပဲ။ ဒါပေမယ့်လည်း သူရွေးချယ်လိုက်တဲ့ဂီတပုံစံဟာ သူ့အမေရဲ့ ဂီတပုံစံနဲ့ မတူပါဘူး။ စလင်းဒီယွန်ဟာ ပေါ့ဂီတရဲ့ဘုရင်မလို့ ပြောလို့ရပေမယ့် သူ့သားကတော့ ရက်ပ်ဂီတကို ရွေးချယ်ထားပါတယ်။ သူ့ရဲ့သီချင်းနှစ်ပုဒ်ဟာလည်း လူကြိုက်များတဲ့အတွက် မိခင်ဖြစ်သူကတော့ သားဖြစ်သူအတွက် ဂုဏ်ယူနေမှာ အသေအချာပါပဲ။ သည်ဝိခ်ကန်းရဲ့ Loft Music နဲ့ Catwalk ဆိုတဲ့ သီချင်းနှစ်ပုဒ်ကို ပြန်လည်သီဆိုထားတာပဲဖြစ်တယ်။ စလင်းဒီယွန်ရဲ့ခင်ပွန်းဖြစ်သူဟာ ထုတ်လုပ်သူ ပရိုဂျူဆာအဖြစ် နာမည်ကြီးပြီး သူမသေဆုံးမီအချိန်ထိ စလင်းဒီယွန်ရဲ့ ဂီတအလုပ်တွေကို ကူညီစီမံခန့်ခွဲပေးခဲ့ပါတယ်။ အနုပညာကို ဝါသနာကြီးတဲ့ မိဘတွေကပေါက်ဖွားလာတဲ့အတွက် သားဖြစ်သူဟာလည်း ဂီတမှာ ဝါသနာပါတာ မဆန်းပါဘူး။ စလင်းဒီယွန်တစ်ယောက်တော့ သားဖြစ်သူအတွက် ဂုဏ်ယူမဆုံးဖြစ်နေမှာ အမှန်ပါပဲ။

**ဟောလိဝုဒ်လိုက်ဖ်**

# ဘီလူးချောင်းအတွင်း အပျော်စီးရေယာဉ်များ ပြေးဆွဲ

**လှိုင်ကော် မေ ၁၁**



ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်များအတွင်း ဘီလူးချောင်းတစ်လျှောက် သဘာဝရှုခင်းအလှအပများ ကြည့်ရှုအပန်းဖြေနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(လွိုင်ကော်ရုံးခွဲ)၏ အစီအစဉ်ဖြင့် ခရီးသွားကုမ္ပဏီများ ပူးပေါင်းကာ ဘီလူးချောင်းအတွင်း အပျော်စီးရေယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဘီလူးချောင်းအတွင်း အပျော်စီးရေယာဉ်ပြေးဆွဲခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လွိုင်ကော်မြို့ ဥတ္တရာရုံတံတားအနီးတွင် အခြေစိုက်ကာ လွိုင်ကော်မြို့နယ် မှုံပြာကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာတို့အထိ ပြေးဆွဲပေးလျက်ရှိကြောင်း နိုင်းဂျင်နရေးရှင်းဖို့စ် ခရီးသွားကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးစိုးမောင်မောင်ထံမှ သိရသည်။

အမြန်ရေယာဉ်တစ်စင်းလျှင် လူ ၁၀ ဦးခန့် လိုက်ပါစီးနင်းနိုင်ပြီး မှုံပြာကျေးရွာအထိ အသွားအပြန် စင်းလုံးငှားလျှင် ငွေကျပ် ၃၀၀၀၀၊ ဘုရားဖြူကျေးရွာအထိ အသွားအပြန်စင်းလုံးငှားလျှင် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားရှိပြီး အသွားအပြန် မောင်းနှင်မှုကြာမြင့်ချိန်မှာ မှုံပြာကျေးရွာအထိ တစ်နာရီခန့်၊ ဘုရားဖြူကျေးရွာအထိ သုံးနာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ အပျော်စီးသက်သက်ဖြစ်၍ ဖြည်းဖြည်းမောင်းနှင်ကြောင်း၊ အပျော်စီးရေ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူများအနေဖြင့် ကြိုတင်မှာကြားထားပါကစား သောက်ဖွယ်ရာများကိုလည်း စီစဉ်ဆောင်ရွက်ပေးကြောင်း ၎င်းက ပြောသည်။

အပျော်စီးရေယာဉ် စီးနင်းသူများအနေဖြင့် ဘီလူးချောင်းတစ်လျှောက် သဘာဝအလှကြည့်ရှုခြင်း၊ နေဝင်ဆည်းဆာအလှကြည့်ရှုခြင်း၊ ငါးမျှားခြင်း၊ ဘီလူးချောင်းဘေးတစ်လျှောက်ရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းများတွင် ဟင်းသီးဟင်းရွက်ဝယ်ယူခြင်းတို့ ပြုလုပ်ကြကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# သုဝဏ္ဏဝတီမြို့မှ သိမ်ဆိပ်တိုက်နယ် စာကြည့်တိုက် ပြန်လည်ရှင်သန်စေလို

**သထုံ မေ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ တစ်ခုတည်းသောe - Library စာကြည့်တိုက်ဖြစ်သည့် လင်းရောင်နီဦး စာကြည့်တိုက်ကို ယခင်ကာလကအတိုင်း ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက်များကို ပြည်သူများက ပြန်လည်အသုံးပြုရန် ဆန္ဒများရှိနေကြောင်း ပြည်သူများထံမှ သိရသည်။

အဆိုပါ စာကြည့်တိုက်သည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက တည်ဆောက်ဖွင့်လှစ် ခဲ့ပြီး ကွန်ပျူတာ၊ အင်တာနက်၊ ဖက်စ်၊ စာအုပ်စာစောင်များနှင့် ပြည့်စုံစည်ကားခဲ့သည်။ ယခုအခါ e - Library စာကြည့်တိုက်တစ်ခုအဖြစ် စာကြည့်တိုက်လုပ်ငန်းများကို ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အသုံးမပြုနိုင်တော့သည့်အတွက် စနစ်ကျစွာ မလုပ်ဆောင်နိုင်တော့ကြောင်း သိရသည်။

ယခင်နှစ် မိုးရာသီအချိန်က ရေကြီးနစ်မြုပ်မှုကြောင့် ကွန်ပျူတာများ၊ စာအုပ် စာစောင်များ ပျက်စီးဆုံးရှုံးသွားပြီးနောက်ပိုင်း ယခုအချိန်တိုင်အောင် စာကြည့်တိုက် ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

“ဒီစာကြည့်တိုက်ကြီးက စာကြည့်တိုက်လုပ်ငန်းတွေအပြင် e - Library လုပ်ငန်းတွေ၊ အကျိုးရှိတဲ့ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ အပ်ချုပ် သင်တန်းတွေ၊ အခြားအကျိုးပြုလုပ်ငန်းတွေ ဖွင့်လှစ်သင်ကြားအသုံးချပေးနိုင်တဲ့ နေရာတစ်ခုဖြစ်လို့ ပြန်လည် ပြင်ဆင် ဖွဲ့စည်းဆောင်ရွက်စေလိုပါတယ်”ဟု သုဝဏ္ဏဝတီမြို့နေ ပြည်သူတစ်ဦးက ပြောသည်။

**ခွန် (ဝင်းပ)**

### စစ်ဘေးရှောင်ပြည်သူများအား စားသုံးကုန်ပစ္စည်းများထောက်ပံ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့

**တနိုင်း မေ ၁၁**

ကက်သလစ်အသင်းတော်မှ ဖာသာရ်နော်လတ် ဦးဆောင်သော အဖွဲ့များသည် မေ ၉ ရက်က တနိုင်းမြို့အောင်လော့ဒ်ဒေသရှိ စစ်ဘေးရှောင်ပြည်သူ အိမ်ထောင်စု ၆၇ စု၊ မိသားစုဝင် ၂၆၇ ဦးတို့အား မော်တော်ယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့ပြီး တနိုင်းမြို့ စိန်ဂျိုးဆက်ဘုရားကျောင်းတွင် ခေတ္တနေရာချထားပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ(မြို့နယ်အုပ်ချုပ် ရေးမှူး) ဦးကျော်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက သွားရောက်၍ ဆန် ငါးအိတ်၊ ဆီ ၁၀ ပိဿာ၊ ဆား ၁၅ ပိဿာ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားဝင်လမ်းကြောင်းကြောင့် ကျွဲ၊ နွားတင်ပို့မှုမြင့်တက်

**မူဆယ် မေ ၁၁**

လွန်ခဲ့သောလများက မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကျွဲ၊ နွားတင်ပို့မှုကို တရားဝင်ခွင့်ပြုလိုက်ပြီးနောက် နေ့စဉ် အကောင် ၄၀၀ မှ ၆၀၀ အကြား အရောင်းအဝယ်ဖြစ်ပြီး တရုတ်နိုင်ငံဘက်သို့တင်ပို့လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

“အခု ကျွဲ၊ နွားတင်ပို့မှုမှာ ကုမ္ပဏီတစ်ခုကို အကောင် ၁၀၀ ခွင့်ပြုပေးတယ်၊ တင်ပို့တဲ့ကုမ္ပဏီက အကောင် ၁၀၀ ပြည့်အောင် စုဆောင်းတယ်၊ ပြီးရင် တိရစ္ဆာန်ဆရာဝန်က ကျွဲ၊ နွားတွေကို ကျန်းမာရေး စစ်ဆေးတယ်၊ ပြီးရင် Permit ထုတ်ပေးတယ်၊ တစ်ရက်ကို အကောင် ၄၀၀ ကနေ ၆၀၀ လောက်အထိ အရောင်းအဝယ်ဖြစ်ပြီး တင်ပို့နေပါတယ်၊ ဒါက လွှတ်တော်မှာ တရားဝင်တင်ပို့ရေး ဖြစ်ပေါ်လာတဲ့ ကုန်သွယ်မှုလမ်းကြောင်းဖြစ်ပါတယ်”ဟု မူ ဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သူရက ပြောသည်။

နွားများတင်ပို့ရာတွင် အလျားရှည် ဒေါက်မြင့်သည့် နွားပြာမျိုးများ ဈေးကောင်းရကြောင်း၊ နွားနီ၊ နွားနက် အကြိုက်နည်းကြောင်း၊ နွားတစ်ကောင်လျှင် ငွေကျပ် ၁၃ သိန်းခွဲမှ ၂၃ သိန်း ဈေးရှိကြောင်း၊ သို့သော် ငွေကျပ် ၄၄ သိန်း အထိ အမြင့်ဆုံးဈေးရသည့် နွားလည်းရှိကြောင်း၊ ကျွဲဈေးမှာ တစ်ကောင်ပျမ်းမျှငွေကျပ် ၂၀ သိန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံ ကြယ်ဂေါင် ရွှေလီဘက်သို့ ကျွဲ၊ နွားအပြင် ဆိတ်ကိုလည်းတင်ပို့လျက်ရှိရာ ၂၂ ဘီးကားတစ်စီးကို အကောင် ၂၂၀ နှုန်းတင်ဆောင်၍ တင်ပို့ခွင့်ပြုထားကြောင်း၊ မတင်ပို့မီ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ရကြောင်း၊ ဆိတ်တင်ပို့သူအနေဖြင့် ပေါင် ၇၀ အရွယ်ရှိ ဆိတ်ကို ဝယ်ယူတင်ပို့လေ့ရှိကြောင်း၊ ဆိတ်တင်ပို့သူက ဆိတ်ကို ပေါင်ဖြင့်ဝယ်ပြီး တင်ပို့သည့်အခါ Kg ဖြင့် ပြန်ရောင်းကြောင်း၊ 1 Kg လျှင် ၂၁ ယွမ် ဈေးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်မှတင်သွင်းလာသော ကျွဲ၊ နွား၊ ဆိတ် တို့ကို တရုတ်စားသောက်ဆိုင်နှင့် ဟိုတယ်တို့တွင် ဟော့ပေါ့အစားအသောက်အတွက် အသုံးပြုမှုများလာခြင်း၊ တရုတ်လူမျိုးများအကြား အမဲသားစားသုံးမှု များပြားလာခြင်းတို့ကြောင့် ဝယ်လိုအားမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မြင့်မောင်စိုး**



# လူလိမ်များ၏ စားကျက်ဖြစ်လာနေသော ဖေ့စ်ဘုတ်နှင့် ငွေကြေးလိမ်လည်မှုများ

**သူရဖြိုး**

**မြန်မာနိုင်ငံ၏ လူသုံးအများဆုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖြစ်သော Facebook ကို ပြည်တွင်းမှ သုံးစွဲသူသန်းပေါင်းများစွာက ရည်ရွယ်ချက် အမျိုးမျိုးဖြင့် သုံးစွဲလျက်ရှိသည်။ အချို့က မိတ်ဆွေအချင်းချင်း ဆက်သွယ်ရန်၊ အချို့က သတင်းများဖတ်ရန်၊ အချို့က ရသစာပေများဖတ်ရန်၊ အချို့က အလုပ်အကိုင်များ ရှာဖွေရန်နှင့် အချို့က ဝန်ထမ်းရှာဖွေရန်၊ အချို့က နည်းပညာဆိုင်ရာ လေ့လာလိုသည်များကို ဖတ်ရန်၊ အချို့က ရုပ်ရှင်အကြောင်း၊ ဂီတအကြောင်းများကို ဖတ်ရန်စသည်ဖြင့် အမျိုးမျိုးသော ရည်ရွယ်ချက်များဖြင့် သုံးစွဲနေကြသည်။**



အချို့ကမူ စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူအဖြစ် သုံးကြပြီး ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို လူသိများအောင် ကြော်ငြာခြင်း၊ အွန်လိုင်းရှော့ပင်များ ဖွင့်ခြင်းတို့ဖြင့် ဖေ့စ်ဘုတ်လူမှုကွန်ရက်၏အားကို ထိထိရောက်ရောက် အသုံးချကာ စီးပွားရေး လုပ်ကြသည်လည်းရှိသည်။ သို့ရာတွင် ယခုနောက်ပိုင်း ဖေ့စ်ဘုတ်အပေါ်၌လုပ်သော စီးပွားရေးလုပ်ငန်းများဟု ဆိုရာတွင် မှန်မှန်ကန်ကန်လုပ်သော လုပ်ငန်းများထက် လူလိမ်များက ပိုများလာလျက်ရှိသည်ကို တွေ့လာရသည်။

လက်ရှိအချိန်တွင် ဘဏ်များက ငွေလွှဲဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေသလို Wave Money အပါအဝင် ငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများ ပေါ်လာခြင်းတို့ကြောင့် အွန်လိုင်းမှတစ်ဆင့် လူမမြင်ဖူးဘဲ ငွေပေးငွေယူကိစ္စများ ပေါ်လာပြီး ငွေကြေးလိမ်လည်မှုများ အများအပြား ဖြစ်လာကြသည်။ ငွေကြေးလိမ်လည်ရာတွင် အလွယ်တကူ ယုံအောင်ပြောပြီး ဖုန်းဘေ ၃၀၀၀ ကျပ်ခန့်ကို လိမ်ခြင်းမှအစ ကျပ်သိန်းပေါင်း ရာချီ၊ ထောင်ချီ၍ လိမ်လည်မှုများအထိ ရှိသည်။

ငွေကြေးပမာဏများသော လိမ်လည်မှုများတွင် ဖေ့စ်ဘုတ်ကို အဓိကထား၍ လိမ်ခြင်းမဟုတ်သော်လည်း လိမ်လည်မှုစတင်ရာ ဇာစ်မြစ်မှာ ဖေ့စ်ဘုတ်မှ စတင်ခြင်း ဖြစ်သည်။ ဖေ့စ်ဘုတ်မှ စတင်၍ ဆက်သွယ်သည်။ ယုံအောင်ပြောပြီး အပြင်တွင် တွေ့ဆုံသည်။ အပြင်တွင် ထပ်တွေ့ချိန်တွင် ယုံအောင်ပြောပြီး ငွေပမာဏ အများအပြားကို လိမ်သွားတော့သည်။

**ဖေ့စ်ဘုတ်ပေါ်မှ လိမ်နည်းများ**

ပြီးခဲ့သည့် ၂၀၁၇ နှင့် ယခု ၂၀၁၈ ခုနှစ်တို့မှာ မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်အသုံးပြုသူ များပြားလာသလို ဖေ့စ်ဘုတ်ပေါ်တွင် လူလိမ်များ အများဆုံးပေါ်ပေါက်လာသည့်နှစ်များဟုလည်း ဆိုနိုင်သည်။ ဖေ့စ်ဘုတ်ပေါ်တွင် လိမ်ကြသည့် လိမ်နည်းပေါင်းမှာ အမျိုးမျိုးရှိသော်လည်း အများစုမှာ ဆန်းသစ်သော လိမ်နည်းများ မဟုတ်ဘဲ လူတို့၏ ယုံကြည်လွယ်မှုနှင့် လောဘအပေါ် အခြေခံကာ မက်လုံးတစ်ခုခုပေးပြီး လိမ်သွားခြင်း ဖြစ်သည်။ ယုတ္တိရှိသည် မရှိသည်ကို အနည်းငယ်မျှ စဉ်းစားလိုက်လျှင်ပင် လိမ်နေကြောင်း သိနိုင်ပါလျက်နှင့် မစဉ်းစားသောကြောင့် အလိမ်ခံကြရခြင်း ဖြစ်သည်။

"ပိုက်ဆံ သုံးသိန်း၊ လေးသိန်းရင်း၊ ဆယ်ရက်လောက်စောင့်ပြီး ပိုက်ဆံတစ်သိန်း လောက်မြတ်တဲ့ မက်လုံးဟာ ငွေကြေးသိပ်အဆင်မပြေတဲ့ အိမ်ရှင်မတွေကို ဆွဲဆောင်နိုင်ပါတယ်။ ဒါကြောင့်လည်း ကလေးမီးဖွားစားရိတ် စုထားတာလေးကို မီးဖွားရက်မတိုင်ခင် မဲဝယ်ပြီးပိုက်ဆံရှာလိုက်တာ အလိမ်ခံရလို့ ဒုက္ခရောက်နေတဲ့သူ တွေလည်း ရှိပါတယ်။ မဲဝယ်ကြတဲ့သူ အများစုဟာ ငွေကြေးအဆင်မပြေကြပါဘူး။ သူတို့မှာ ခြစ်ကုပ်စုထားတဲ့ ပိုက်ဆံလေးကို ပွားလာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ လုပ်နေကြတာပါ"

လိမ်နည်းပေါင်း များစွာကို အဓိကအားဖြင့် အမျိုးအစားနှစ်ခု ခွဲလျှင် Account အစစ်၊ ပုံအစစ်များ သုံးလျက်လိမ်ခြင်းနှင့် Account အတု၊ ဓာတ်ပုံအတု များသုံးလျက် လိမ်ခြင်းဟု နှစ်မျိုးကိုတွေ့ရမည်ဖြစ်သည်။ အများအားဖြင့် ငွေကြေးပမာဏများများကို လိမ်မည့်သူသည် ဓာတ်ပုံအစစ်၊ Account အစစ်များဖြင့် လိမ်ကြပြီး နည်းနည်းသာ လိမ်မည့်သူများမှာကပုံ အတု၊အကောင့် အတုများကို အသုံးပြုကြသည်။ Account အစစ်တစ်ခုကို လူအများယုံကြည်လာအောင် Account အတုများက ဝိုင်းဝန်းထောက်ခံပေးပြီး လိမ်သွားသည်များလည်း ရှိသည်။ လိမ်ပုံလိမ် နည်းများမှာမူ အမျိုးမျိုးရှိရာ တစ်ခုချင်းကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**စုမဲလိမ်ခြင်း**

လတ်တလောတွင် နာမည်ကြီးနေသည်မှာမူ အွန်လိုင်းစုမဲ လိမ်လည်မှုဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်ဟုဆိုသူ အမျိုးသမီးတစ်ဦးထံ စုမဲစုသူ၊ စုမဲဝယ်သူများ၏ ငွေကျပ်သိန်းပေါင်း ခြောက်သောင်းခန့် ပါသွားသည်ဟု သတင်းများအရ သိရသည်။

စုမဲဆိုသည်မှာ ယခင်ကပင် ရပ်ကွက်များတွင် အမျိုးသမီးများ စုမဲစုကြသည့် ပုံစံကို အွန်လိုင်းတွင် လုပ်ကြခြင်းဖြစ်သည်။ လူ ၁၀ ယောက် အပတ်စဉ် မဲစုပါက တစ်ပတ်ချင်းစုသည့်ငွေကို မဲနှိုက်ကာ မဲကျသည့်အစဉ်အတိုင်း စုငွေကို အလှည့်ကျ ယူကြရသည်။ တစ်ခါတစ်ရံ နောက်ပိုင်းမဲများကို ရသူများက ငွေစောစောလိုချင်သည့်အခါ ရှေ့ပိုင်းမဲရသူကို အမြတ်ပေး၍ မဲနေရာလဲခြင်းမျိုး လုပ်ကြသည်။ အချင်းချင်း မလဲလိုသည့်အခါ စုမဲစုသည့် ၁၀ ဦးတွင် မပါသော ပြင်ပလူတစ်ယောက်ထံသို့ မိမိမဲ ထုတ်ရမည့်ရက်ကို ရောင်းချခြင်းမျိုး လုပ်လာသည်။ ဥပမာ၊ နောက် နှစ်လအကြာတွင် ကျပ် ၁၀ သိန်း စုမဲထုတ်ခွင့်ရမည်ဆိုပါက ပြင်ပမှ ငွေရှိသူတစ်ဦးထံသို့ ကျပ်ကိုးသိန်းဖြင့် စုမဲထုတ်ခွင့်ကို ကြိုတင်ရောင်းချလိုက်ခြင်းဖြစ်ပြီး ဝယ်လိုက်သူအဖို့မှာ မဲထုတ်သည့် ရက်တွင် ကျပ် ၁၀ သိန်းရ၍ တစ်သိန်းကို အမြတ်ရရှိမည် ဖြစ်သည်။

နောက်တစ်မျိုးမှာ စုမဲအပေါ် အခြေခံ၍ ပုံစံပြောင်းထားသော လေလံမဲဖြစ်ပြီး အစောပိုင်းငွေထုတ်လိုသူက အနာခံကာ နောက်ပိုင်းထုတ်မည့်သူက အမြတ်ရသည့်ပုံစံ ဖြစ် သည်။ ကျပ် တစ်သိန်းစီ ၁၀ ယောက်စုပါက ပထမဆုံးထုတ်သူက ကျပ် ရှစ် သိန်း၊ ဒုတိယထုတ်သူက ကျပ် ရှစ်သိန်းခွဲ စသည်ဖြင့်သာ ရပြီး အမှတ်စဉ် (၉) တွင် ထုတ်သူက ကျပ် ၁၁ သိန်းခွဲ၊ အမှတ်စဉ် ၁၀ တွင် ထုတ်သူက ကျပ် ၁၂ သိန်း စသည်ဖြင့် ပိုရသည့်ပုံစံဖြစ်သည်။ လတ်တလော ငွေလိုသူများအဖို့ ရှေ့ပိုင်းပါတ်များကို အနာခံ၍ ယူကြပြီး ငွေချေးသကဲ့သို့ အတိုးပေးစရာ မလိုတော့သလို ချေးငွေကို ပြန်ခွဲဆပ်ရသည့် သဘောဖြစ်၍ အမှန်တကယ် လိုအပ်သူအဖို့ အဆင်ပြေနိုင်သော နည်းတစ်ခုဖြစ်သည်။

သို့ရာတွင် စုမဲဆိုသည်မှာ တစ်ရပ်ကွက်တည်း တစ်မြို့တည်းနေသူ အချင်းချင်းပင် ပြဿနာများ ဖြစ်လေ့ရှိရာ အွန်လိုင်းပေါ်တွင် လူမမြင်ဖူးဘဲ စုမဲစုခြင်း၊ စုမဲရောင်းခြင်းများ လုပ်သည့်အခါ ပို၍ ပြဿနာတက်တော့သည်။

စုမဲဒိုင်ကိုင်ပြီး ပထမဆုံး စုငွေကို ယူသူအဖို့ ဒိုင်ဖြစ်၍ လိမ်ရန်မလွယ်သော်လည်း ဒုတိယ၊ တတိယ နေရာမှ မဲထည့်သူများက စုငွေကို ထုတ်ပြီးသည်နှင့် နောက်အကြိမ်များတွင် ထပ်မထည့်တော့ဘဲ လိမ်ကြသည်၊ ထိုသို့ ငွေစုသူများက လိမ်သဖြင့် ဒိုင်ကိုင် သူမှာ မလိမ်လိုသော်လည်း ယိုင်လဲသွားပြီး လိမ်သည့်အခြေအနေ ဖြစ်သွားတော့သည်။ အချို့မှာမူ ဒိုင်သည် မှန်ကန်ကြောင်း၊ စိတ်ချရကြောင်း Account အတုများဖြင့် ထောက်ခံကြပြီး ထိုဒိုင်တွင် စုမဲစုသူများနှင့် ထိုဒိုင်တွင်မဲစုသူများထံမှ တစ်ဆင့် မဲပြန်ဝယ်သူများ အလွန်များကာ ငွေကြေးပမာဏ များလာသောအခါ ဒိုင်ကိုယ်တိုင်က လိမ်သွားတော့သည်။

ထိုသို့ ဒိုင်ကိုယ်တိုင်က လိမ်သွားသည့်အခါ ထိုဒိုင်တွင် မဲစုထားသူများရော တစ်ဆင့်ပြန်ဝယ်ထားသူများပါ ငွေကြေး အမြောက်အမြားနစ်နာရသလိုအချို့သော မဲစုသူများမှာ ကိုယ်တိုင်လည်း ဒိုင်ကိုင်သူဖြစ်ရာ တစ်နေရာတွင် အလိမ်ခံရ၍ ငွေကျပ်သွားပါက ဆင့်ပွားငွေကြေး အကျပ်အတည်းများဖြစ်လာပြီး မလိမ်ချင်သည့်တိုင် ကတိ ပျက်ကာ လိမ်သလိုဖြစ်တော့သည်။ လိမ်သွားသူမှာမူ လိမ်သည့် Facebook account ကို ဖျက်ပစ်လိုက်ပြီး Account ကို Hack ခံရလိုက်ရသည်ဟုကြေညာကာ နောက်ထပ် Account အသစ်တစ်ခုဖြင့် မသိသူများအားထပ်လိမ်ရန် ကြိုးစားတော့သည်။

မြန်မာ အိုင်တီနည်းပညာရှင် ဟက်ကာအဖွဲ့တစ်ခု ဖြစ်သည့် Myanmar Black Hacking မှ အဖွဲ့ဝင် တစ်ဦးက "စုငွေမဲတွေအကြောင်း စိတ်ဝင်စားသွားတာနဲ့ လေ့လာဖြစ်တယ်၊ အဲဒီမှာ ဘာကိုသတိထားမိလဲဆိုတော့ အုပ်စုလိုက် Social Engineering (SE) ကို သုံးနေတာတွေ့လိုက်တယ်၊ SE အကြောင်းကို ကျွန်တော်တို့ UG Magazine Vol2 ထဲမှာ ရေးပြ ထားပါတယ်၊ သူကတော့ ITပိုင်းအနေအထားနဲ့ ရေးပြထားတာပါ၊ တစ်ယောက်တည်းSEသုံးပြီး ဖောက်ပြတဲ့ပုံစံနဲ့ရေးထားတာ အတော်ကောင်းပါတယ်၊ အဲဒီဂရု (သိန်းပေါင်းခြောက်သောင်း လိမ်လည်မှုဖြစ်ပွားခဲ့သည့် ဖေ့စ်ဘုတ် Group)ထဲမှာတော့ အုပ်စုလိုက်သုံးတဲ့ နည်းကို မြင်ရပါတယ်၊ တစ်ယောက်က ဒိုင်ကိုင်မယ်၊ သုံး၊ လေးယောက်လောက်က Review ဝိုင်းရေးတယ်၊ လေး၊ ငါးယောက်လောက်က မဲဝယ်တဲ့ပုံစံတွေပေါ့၊ နောက် စိတ်မချရတဲ့ ဒိုင်တွေဆီမှာ ဝယ်ရင် အလိမ်ခံရပါတယ်ဆိုတဲ့ ပုံစံမျိုးတွေ ထပ်သုံးတယ်၊ သူတို့ဆီမှာ ဝယ်ရင် စိတ်ချရတယ်ပေါ့၊ ပိုက်ဆံ သုံးသိန်း၊ လေးသိန်းရင်း၊ ဆယ်ရက်လောက်စောင့်ပြီး ပိုက်ဆံတစ်သိန်း လောက်မြတ်တဲ့ မက်လုံးဟာ ငွေကြေးသိပ်အဆင်မပြေတဲ့ အိမ်ရှင်မတွေကို ဆွဲဆောင်နိုင်ပါတယ်၊ ဒါကြောင့်လည်း ကလေးမီးဖွားစရိတ် စုထားတာလေးကို မီးဖွားရက်မတိုင်ခင် မဲဝယ်ပြီးပိုက်ဆံရှာလိုက်တာ အလိမ်ခံရလို့ ဒုက္ခရောက်နေတဲ့သူတွေလည်း ရှိပါတယ်၊ မဲဝယ်ကြတဲ့သူ အများစုဟာ ငွေကြေးအဆင်မပြေကြပါဘူး၊ သူတို့မှာ ခြစ်ကုပ်စုထားတဲ့ ပိုက်ဆံလေးကို ပွားလာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ လုပ်နေကြတာပါ၊ ဒီခေတ်မှာ ပိုက်ဆံရှာရတာ အဲ့လောက်မလွယ်ဘူးဆိုတာ မေ့သွားပုံရပါတယ်၊ မက်လုံးကောင်းကောင်း ဘေးတီးတဲ့သူများများနဲ့ ဆွယ်လိုက်တော့ ရှိစုမဲ့စုလေးတွေ ကုန်သွားကြပါတယ်၊ စုငွေမဲဒိုင်တွေကတော့ အကောင့်လေးဖျက်ပြီး ခြေရာဖျောက်သွားပါတယ်၊ နောက်တစ်ကောင့်နဲ့ လုပ်စားဖို့ပြင်ပါတယ်၊ သူတို့ကိုအားကျပြီး စုငွေမဲဒိုင်ကိုင်ကြတဲ့အခါ လိမ်တဲ့အုပ်စုက မဲတွေဝယ်ပါတယ်၊ အမြတ်တွေထုတ်ပြီး ငွေမသွင်းတော့ ဒုက္ခရောက်ကြပြန်ပါတယ်၊ ဒီလိုနဲ့ မဲဒိုင်ကိုင်လိုက်၊ ပါသွားလိုက်၊ မဲဝယ်လိုက်၊ ခံရလိုက်နဲ့ ခဏခဏဖြစ်နေကြပေမယ့်လည်း သူတို့အုပ်စုရဲ့ ဘေးတီးတာက အတော်ကောင်းတော့ လူတွေက ယုံကြတာပါပဲ၊ လူဆိုတာကလည်း ရလိုက်တဲ့အကြောင်းပဲ မြင်ကြပြီ ပါသွားတဲ့အကြောင်းဆို မမြင်ချင်ယောင်ဆောင်နေကြပါတယ်၊ ငါ့လူကတော့ မလုပ်ပါဘူးလေဆိုပြီး ဖြေတွေးကြပေမယ့် ပါသွားတဲ့အချိန်ကျ ဒုက္ခ တွေ့ကြပါတယ်၊ Social Engineering ဆိုတာ လက်တွေ့ဘဝမှာလည်း အသုံးဝင်ကြောင်းကို လမ်းမှားကနေ သက်သေပြသွားကြပါပြီ၊ ဒီစုငွေမဲကိစ္စတွေမှာ အကောင့်ဟက်ခံကြရတာထက် အလိမ်ခံကြရတာက ပိုဖြစ်နိုင်တယ်လို့ပဲ မြင်ပါတယ်၊ တစ်ခုခုဆို အကောင့်ဟက်ခံရပါတယ်လို့ ပြောလိုက်ရင် ကာဗာတစ်ခုဖြစ်သွားတယ်လို့ ထင်ကြပုံပါပဲ"ဟု ပြောသည်။

ဖေ့စ်ဘုတ်ပေါ်တွင် စုမဲလိမ်သည့် လိမ်လည်မှုများမှာ နေ့စဉ်နီးပါးဖြစ်နေသော်လည်း ယုံကြည်နေကြသူများမှာ လက်ရှိအချိန်အထိ ရှိနေဆဲဖြစ်သည်။ လိမ်လည်မှုများ ကင်းဝေးစေရေးအတွက် လူတိုင်းအနေဖြင့် အယုံမလွယ်ကြရန်နှင့် မဖြစ်နိုင်သော မက်လုံးများနှင့် ကြုံတွေ့ရသည့်အခါ အမှန်တကယ် မိမိအကျိုးကိုလိုလားသော နားလည်သူများနှင့် တိုင်ပင်ကြရန်၊ အထူးသဖြင့် အိမ်ရှင်မများအနေဖြင့်ယောကျ်ားမသိအောင် စုမဲ စုခြင်းမျိုးမလုပ်ကြဘဲယောကျ်ားနှင့်တိုင်ပင်ပြီးမှ လုပ်ကြရန် လိုအပ်မည်ဖြစ်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

---

## ဝိုင်ယာလက်စ်နက်ဝပ် အခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Wireless Networking နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များ၊ လုပ်ငန်းခွင်ဝင်ရောက်မည့် အငယ်တန်းဝိုင်ယာလက်စ်နက်ဝပ်ပညာရှင်များနှင့် ဝိုင်ယာလက်စ်နည်းပညာ၏ အခြေခံသီအိုရီ သဘောတရားများကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိလိုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဝိုင်ယာလက်စ်နက်ဝပ် အခြေခံသင်တန်း အမှတ်စဉ်(၁၀)ကို မေ ၁၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု သိရသည်။

လက်ရှိ နည်းပညာခေတ်ကြီးတွင် အစိုးရအဖွဲ့အစည်းများ၊ ရုံးများ၊ အသင်းအဖွဲ့များနှင့် နေအိမ်များတွင်ပင် Wireless(Wi-Fi)နည်းပညာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာပြီဖြစ်၍ ဝိုင်ယာလက်စ်နက်ဝပ်နည်းပညာနှင့် ပတ်သက်၍ အခြေခံသီအိုရီပိုင်းကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်သော နည်းပညာရှင်များ ပေါ်ထွက်လာရန်နှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချနေသော စံနှုန်းများ၊ ဝိုင်ယာလက်စ်အင်တင်နာ အမျိုးအစားများ၊ Radio Frequency Behavior များ၊ ဝိုင်ယာလက်စ်၏ အားသာချက် အားနည်းချက်များ၊ ဝိုင်ယာလက်စ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခြေအနေများကို သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ နက်ဝပ်နည်းပညာရပ်နှင့်ပတ်သက်၍ အခြေခံသိရှိထားသူများသာ တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်ခြင်းဖြင့် နိုင်ငံတကာ နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်သော Certified Wireless Network Professional(CWNP)၏ အသိအမှတ်ပြုလက်မှတ်တစ်ခုဖြစ်သည့် Certified Wireless Technology Specialist(CWTS) စာမေးပွဲကို ဖြေဆိုနိုင်ရန်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဝိုင်ယာလက်စ်ချိတ်ဆက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ သီအိုရီသဘောတရားများနှင့် မဖြစ်မနေသိထားသင့်သည့် အချက်များကို စာတွေ့လက်တွေ့ သင်ကြား လေ့လာရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မေ ၁၉ ရက်မှ ဇွန် ၁၀ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းဖြစ်ကာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းဝင်ထားသူများအား ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း သင်တန်းကြေး လျှော့ပေးမည်ဖြစ်သည်။ သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၉) မြေညီထပ် ဖုန်း-၀၁-၆၅၂၂၇၆ သို့ စုံစမ်းမေးမြန်းနိုင်ပြီး သင်တန်းအတွက် မေ ၁၈ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**



---

## တယ်လီနောဖုန်းကတ်များကို ပြည်ပတွင် အသုံးပြုမှုမြင့်တက်

**ရန်ကုန် မေ ၁၁**

အာရှ ရှစ်နိုင်ငံတွင် ဖုန်းနှင့် မိုဘိုင်းဒေတာကို အထူးနှုန်းထားဖြင့် အသုံးပြုနိုင်ရန် တယ်လီနောက ပြုလုပ်ခဲ့သော Asia-8 ဝန်ဆောင်မှုကြောင့် ပြီးခဲ့သည့် ခရီးသွားကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက်လည်ပတ်သူများကြားတွင် တယ်လီနောဆင်းကတ် အသုံးပြုသူဦးရေမှာ စံချိန်တင်မြင့်တက်ခဲ့ကြောင်းနှင့် တယ်လီနော၏ ဒေတာအသုံးပြုမှု လေ့လာချက်အရ တယ်လီနောဆင်းကတ်ကို အသုံးပြုပြီး ပြည်ပနိုင်ငံများတွင် ဖုန်းပြောဆိုမှု၊ စာတို ပေးပို့မှုနှင့် အင်တာနက်အသုံးပြုမှုမှာ ၁၀ ဆခန့် တိုးလာခဲ့ကြောင်း သိရသည်။

"ပြည်ပနိုင်ငံတွေမှာ လွယ်ကူသက်သာစွာနဲ့ အသုံးပြုနိုင်တဲ့ တယ်လီနောရဲ့အထူးဝန်ဆောင်မှု အစီအစဉ်ကြောင့် တယ်လီနောအသုံးပြုသူတွေအနေနဲ့ အာရှရဲ့ရေပန်းအစားဆုံး ခရီးသွားဒေသတွေဖြစ်တဲ့ နိုင်ငံ ရှစ်နိုင်ငံကို သွားရောက်လည်ပတ်တဲ့အခါ ဆင်းကတ်ပြောင်းလဲစရာမလိုဘဲ မြန်မာပြည်တွင်းမှာသုံးတဲ့ ဈေးနှုန်းအတိုင်း အသုံးပြုနိုင်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောသည်။ အဆိုပါအစီအစဉ်ကို အသုံးပြုနိုင်သည့် အာရှရှစ်နိုင်ငံအနက် ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် တရုတ်နိုင်ငံများတွင် အသုံးအများဆုံးဖြစ်နေကြောင်းလည်း သိရသည်။

တယ်လီနော၏ Asia-8 roaming ဝန်ဆောင်မှု အထူးအစီအစဉ်ကို ဧပြီလမှ စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါအထူးအစီအစဉ်အရ ပြည်တွင်းမှ တယ်လီနောသုံးသူများသည် ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံများတွင် အလုပ်လုပ်ကိုင်လျှင်ဖြစ်စေ အလည်အပတ်သွားရောက်လျှင်ဖြစ်စေ အင်တာနက်ကို ပြည်တွင်းနှုန်းထားအတိုင်း တစ်မဂ္ဂါဘိုက်လျှင် ရှစ်ကျပ်နှုန်းဖြင့် သုံးစွဲနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ တယ်လီနောသုံးစွဲသူများအနေဖြင့် တယ်လီနောဆင်းကတ်ကို နိုင်ငံပေါင်း ၁၁၇ နိုင်ငံတွင် တယ်လီနော၏မိတ်ဖက် အော်ပရေတာပေါင်း ၁၅၂ ခု၏ ကွန်ရက်များမှတစ်ဆင့် သုံးစွဲနိုင်ပြီဖြစ်ပြီး 4G roaming ကို တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ယူအေအီး၊ ကနေဒါ၊ မကာအို၊ ထိုင်ဝမ်နှင့် နော်ဝေနိုင်ငံများတွင် သုံးစွဲနိုင်ပြီဖြစ်သည်။ တယ်လီနော၏ roaming ဝန်ဆောင်မှု အထူးအစီအစဉ်တွင် ကျန်ရှိသေးသည့် အခြားနိုင်ငံများကို ဆက်လက်ထည့်သွင်းပေးနိုင်ရန်လည်း ကြိုးပမ်းနေကြောင်း သိရသည်။ **သူရဖြိုး**



# ကျောက်တံခါးမြို့နယ်၌ မျက်စိဝေဒနာရှင်များအား ကုသပေး

**ကျောက်တံခါး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း(ခ)အောင်မြင်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ကျေးလက်နေပြည်သူများ၏ မျက်စိကျန်းမာရေးအတွက် ကွင်းဆင်းစမ်းသပ်ကုသမှုများကို ပဲခူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီး(၄)နှင့် ဂျင်ဗောဓိပရဟိတအလင်းအလှူ (မြဝင်းပြာကုမ္ပဏီ)တို့၏ ပံ့ပိုးမှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက မေ ၇ ရက်မှ ၉ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မျက်စိရောဂါများ ကုသပေးရာတွင် အောင်မြင်တိုက်နယ်ဆေးရုံ အပိုင်နယ်မြေများဖြစ်သော အောင်မြင်ကျေးရွာအုပ်စုမှ ရပ်ကွက် ၁၂ ခုအပြင် ကြာအင်းကုန်း၊ သပြေတန်း၊ တူမောင်၊ သရက်စိန်၊ ငတိုးခင်၊ သစ်ဖြူဆိပ်၊ ဆင်ဇလုပ်၊ ချောင်းစောက်၊ ဖြူးစု၊ ကညွတ်ကွင်း၊ ဇလုပ်၊ ဘိုကုန်း၊ ဆားပြင်၊ ကြို့ကုန်း၊ သနပ်ကွင်း၊ တိုက်ကြီးစုစသည့် ကျေးရွာများမှ မျက်စိဝေဒနာရှင် လူနာ ၄၀၀ ကျော်အား စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး ခွဲစိတ်ရန်လိုအပ်သော အတွင်းတိမ်မျက်စိဝေဒနာရှင် ၁၁၂ ဦးအား ပဲခူးမြို့ရှိ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံကိန်းဒေသကြီးတွင် ခွဲစိတ်ကုသရန်အတွက် စီမံပေးခဲ့ကြောင်း၊ မျက်မှန်တပ်ဆင်ရန်လိုအပ်သူ ၁၀၇ ဦးနှင့် အခြားမျက်စိဝေဒနာရှင် ၁၈၉ ဦးတို့အား မျက်မှန်အခမဲ့ချိန်ပေးခြင်း၊ မျက်စဉ်းဆေးနှင့်အခြားဆေးဝါးများပေးခြင်း၊ မျက်စိနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

ခွဲစိတ်ရန်လိုအပ်သော မျက်စိအတွင်းတိမ်၊ ရေတိမ်နှင့် အခြားမျက်စိဝေဒနာရှင်များအား မေ ၂၁ ရက်နှင့် ၂၂ ရက်တွင် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသိရသည်။ **ခင်ကို(ကျောက်တံခါး)**

# မိုးသည်းထန်၍ တနသ်ာရီမြို့ ကျန်းမာရေးလမ်းနှင့် လမ်းဘေးရေမြောင်းများ ရေကြီးရေလျှံဖြစ်

**တနသ်ာရီ မေ ၁၁**

မေ ၉ ရက်နေ့ ညနေ ၅ နာရီခွဲခန့်က တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့၌ အချိန်အခါမဟုတ် မိုးထစ်ချုန်း၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ချောင်းကြီးရပ်ကွက်အတွင်း ကျန်းမာရေးလမ်းနှင့် လမ်းတစ်လျှောက်ရှိ ရေမြောင်းများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးလမ်းသည် မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ ပြည်သူ့ဆေးရုံသို့ သွားလာရာတွင် အသုံးပြုနေရသည့်လမ်းဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းများ အပတ်စဉ်ကိုယ်ဝန်စမ်းသပ်ခံရန် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာနသို့ သွားလာရာတွင်လည်းကောင်း၊ အခြေခံပညာ ကျောင်းသူ ကျောင်းသားများ အခြေခံပညာအထက်တန်းကျောင်းသို့ သွားလာရာတွင်လည်းကောင်း အသုံးပြုနေရသည့် အဓိကကျသည့်လမ်းတစ်လမ်းလည်းဖြစ်ကာ ယခု မိုးတစ်ကြိမ်ရွာသည်နှင့် ရေလျှံသောကြောင့် လာမည့်မိုးရာသီကာလတွင်လည်း ရေလျှံမှုများဖြစ်မည်ကို ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**နွားထိုးကြီးမြို့နယ်အတွင်းမှ သောက်သုံးရေလိုနေသော ကျေးရွာများသို့ ရွှေညာမြေ ပရဟိတ လူမှုကူညီရေးအသင်းက ရေများလှူဒါန်းလျက်ရှိရာ ကြီးကြီးရွာနှင့် ပဒေါင်းရွာများမှ ပြည်သူများအတွက် သောက်ရေများကို အမြန်လမ်း ပြင်စည်မီးသတ်တပ်ဖွဲ့နှင့် ပြင်စည်ကျေးရွာ မီးသတ်တပ်ဖွဲ့တို့မှ မီးသတ်ကား အကူအညီဖြင့် ရွှေညာမြေ ပရဟိတ အသင်းဝင်များက သောက်သုံးရေများ မေ ၇ ရက်က သွားရောက်လှူဒါန်းစဉ်။**
ဌေးမြင့်မောင်

# ရုပ်ရှင်ကင်မရာသမားများအား နည်းပညာထောက်ပံ့ပေးရေးဆိုင်ရာဆွေးနွေး

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ARRI ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လုပ်ငန်းတွင် ရိုက်ကူးနေသော ကင်မရာသမားများအား နည်းပညာအထောက်အပံ့ပေးသော အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ မေ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးသည် ARRI ကင်မရာ အခြေခံနည်းပညာ၊ LED Lighting တို့နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။ ARRI ကင်မရာသည် ကမ္ဘာပေါ်ရှိ ရုပ်ရှင်ရိုက်ကူးသော ကင်မရာများအနက် နံပါတ်(၁) နေရာမှ ဦးဆောင်နေသောကင်မရာ အမျိုးအစားဖြစ်ကြောင်း၊ ဟောင်ကောင်နှင့် ဂျာမနီမှ နည်းပညာရှင်များက ဟောလိဝုဒ်တွင် အသုံးပြုနေသော ကင်မရာနှင့် ဆက်စပ်မှန်ဘီလူးများအကြောင်းကို လာရောက်ဆွေးနွေးပို့ချပေးခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကင်မရာသမား ၄၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။



မေ ၈ ရက် ဆွေးနွေးပွဲတွင် ကင်မရာအကြောင်းကို အဓိကဆွေးနွေးခဲ့ပြီး ကင်မရာသမားများက အုပ်စုလေးစုဖွဲ့ကာ စမ်းသပ်ရိုက်ကူးခဲ့ကြကြောင်း၊ မေ ၉ ရက်တွင် မီးအလင်းအမှောင်(Lighting) ပိုင်းကို ဆွေးနွေးကြပြီး မေ ၁၀ ရက်တွင် ပထမနေ့ကရိုက်ကူးခဲ့ခြင်းများကို ပြန်လည်ပြသကာ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“တကယ်ရိုက်နေတဲ့လူတွေက ကျောင်းတက်ဖို့လည်း အချိန်မပေးနိုင်ဘူးလေ၊ အလုပ်အပေါ်မှာပဲ မှီခိုပြီး ရပ်တည်နေတဲ့အခါကျတော့ ကာလရှည်တော့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကာလတိုသင်တန်းလေးတွေတော့ အမြဲလုပ်သွားဖို့ရှိတယ်၊ တခြားကုမ္ပဏီတွေကလည်း လာဆက်သွယ်ထားတာတွေ အများကြီးရှိပါတယ်”ဟု မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့်အစီအစဉ်နှင့် ပတ်သက်၍ စက်မှုအခြေခံ အလွှာမှ အမှုဆောင်တစ်ဦးဖြစ်သူ ကိုသားကျော်က ပြောသည်။

**သတင်း - ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ကျောက်ထုမြို့၌ လေပြင်းတိုက်ခတ်၍ လူနေအိမ်အချို့ပျက်စီး

**ဆော မေ ၁၁**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့တွင် မေ ၉ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်ခဲ့ရာ လေပြင်းဒဏ်ကြောင့် ကျောက်ထုမြို့ပတ်ဝန်းကျင်ရှိ လက်ပန်း၊ ကွမ်းခင်း၊ ကြူတော၊ ငလွန်း၊ မြောက်မကျင်း၊ သံပုရာ၊ ပဆုပ်၊ ကံအိုးကျေးရွာတို့မှ လူနေအိမ်အချို့ပြိုလဲခြင်းနှင့် အမိုးအကာ ပျက်စီးဆုံးရှုံးခြင်းများရှိခဲ့ကြောင်း သိရသည်။

ပျက်စီးမှုများအနေဖြင့် လက်ပန်းကျေးရွာ၌ အထက ကျောင်းအဆောက်အအုံနှစ်ခု အမိုးလန်ခြင်း၊ ပညာရေးဝန်ထမ်းနေအိမ်ခုနစ်လုံး အမိုးလန်ခြင်း၊ လူနေအိမ် ၁၉ လုံး အမိုးလန်ခြင်းများ ဖြစ်ခဲ့ကာ ကွမ်းခင်းကျေးရွာ၌ လူနေအိမ် ပြိုလဲ တစ်လုံး၊ အမိုးလန် လေးလုံး၊ ကြူတောကျေးရွာ၌ ဘုန်းကြီးကျောင်းအဆောက်အအုံ အမိုးလန် တစ်လုံး၊ အလက(ခွဲ) အဆောက်အအုံ အမိုးလန် တစ်လုံး၊ မူကြိုကျောင်း အမိုးလန်တစ်လုံး၊ ပညာရေးဝန်ထမ်းနေအိမ် အမိုးလန်ခြောက်လုံး၊ လူနေအိမ်ပြိုလဲ နှစ်လုံး၊ လူနေအိမ် အမိုးလန် ၁၅ လုံးတို့ ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ငလွန်းကျေးရွာတွင် လူနေအိမ် နှစ်လုံးပြိုလဲပြီး မြောက်မကျင်းကျေးရွာ၌ ဘုန်းကြီးကျောင်းအဆောက်အအုံ အမိုးလန်တစ်လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ အမိုးလန်တစ်လုံး၊ ပညာရေးဝန်ထမ်းနေအိမ် အမိုးလန် လေးလုံး၊ လူနေအိမ် အမိုးလန် ၂၄ လုံး၊ သံပုရာကျေးရွာတွင် အလက(ခွဲ) ကျောင်းဆောင် အမိုးလန်တစ်လုံး၊ ပညာရေးဝန်ထမ်းနေအိမ် အမိုးလန် ငါးလုံး၊ လူနေအိမ် အမိုးလန် လေးလုံး၊ ပဆုပ်ကျေးရွာ၌ လူနေအိမ် အမိုးလန် ငါးလုံး၊ ကံအိုးကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ အမိုးလန်တစ်လုံး၊ ပညာရေးဝန်ထမ်းနေအိမ် အမိုးလန် သုံးလုံး၊ လူနေအိမ် အမိုးလန် ၁၀ လုံးတို့ ရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

**၁၀၁**



# ဗိုက်ဘာက လုံခြုံသော စာပို့ဝန်ဆောင်မှုကို ဆက်လက်ပေးအပ်လျက်ရှိ

**ရန်ကုန် မေ ၁၁**

မိုဘိုင်းဖုန်းများတွင် အသုံးပြုသည့် စာတိုပေးပို့သော မက်ဆင်ဂျာအပလီကေးရှင်းများအနက် အချို့သည် အသုံးပြုသူများ၏ အချက်အလက်များကို စီးပွားရေးအရ ပြန်လည်အသုံးချခြင်းများ ရှိနေသော်လည်း ပြည်တွင်း၌ အသုံးအများဆုံး အပလီကေးရှင်းတစ်ခုဖြစ်သည့် Viber အနေဖြင့် လုံခြုံစိတ်ချရသော end-to-end encryption စနစ်ကို အသုံးပြုပြီး ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အချို့သော မက်ဆင်ဂျာအပလီကေးရှင်းများမှာ အသုံးပြုသူများ နှစ်ယောက်တည်း ပြောသော စကားများကို ကြားလူက ပြန်ကြည့်ခြင်း သို့မဟုတ် ကြားခံ အပလီကေးရှင်းများက ပြန်ကြည့်ခြင်းများ ပြုလုပ်နေကြပြီး ပြောသောစကားများအပေါ် မူတည်၍ သက်ဆိုင်ရာ စီးပွားရေးကြော်ငြာများပေးပို့ခြင်းများ ပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။ ဥပမာ၊ သူငယ်ချင်းတစ်ယောက်နှင့် ခရီးသွားရန် messenger တွင် ပြောလျှင် ခရီးစဉ်ကြော်ငြာများ၊ ဟိုတယ်ကြော်ငြာများကို ပေးပို့လာခြင်းမျိုး ဖြစ်သည်။

ထိုသို့ဖြစ်ရခြင်းမှာ ဆိုရှယ်မီဒီယာနှင့် မက်ဆင်ဂျာအပလီကေးရှင်းအချို့သည် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ချက်များနှင့် မကိုက်ညီစွာ အသုံးချလာခြင်းကြောင့် ဖြစ်သည်။ မက်ဆင်ဂျာတွင် သီးသန့်ပြောသော စကားများသည် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ ပြောဆိုသူနှစ်ဦးတည်း၏ ကိုယ်ပိုင်ဒေတာသာဖြစ်၍ အခြားမည်သူကမှ ဝင်ကြည့်ခြင်း၊ ကြော်ငြာခြင်းများ မဖြစ်သင့်ပေ။ ယခုနောက်ပိုင်းတွင် မက်ဆင်ဂျာများအတွင်းမှ private ပြောဆိုမှုများအပေါ် အခြေခံကာ ကြော်ငြာအီးမေးလ်များ လက်ခံရရှိခြင်း၊ ဖေ့စ်ဘုတ်တွင် ကြော်ငြာများ ပြသခံရခြင်းတို့ ရှိလာသဖြင့် အသုံးပြုသူများအနေဖြင့်လည်း မက်ဆင်ဂျာအပလီကေးရှင်းများအပေါ် သံသယရှိလာနေကြသည်ကို တွေ့ရသည်။

ဗိုက်ဘာအနေဖြင့်မူ အသုံးပြုသူများ၏ ဒေတာကို လုံခြုံမှုရှိစေရန် အဆင့်ဆင့် အထူးဂရုပြုပြီး ဆောင်ရွက်လျက်ရှိကာ end-to-end encryption စနစ်ကို အသုံးပြုထားသောကြောင့် အသုံးပြုသူများက ကိုယ်ရေးကိုယ်တာ စာတိုပေးပို့ခြင်းများတွင်ဖြစ်စေ၊ အဖွဲ့လိုက် ချိတ်ဆက်ဆက်သွယ်မှုများတွင်ဖြစ်စေ စာတိုပေးပို့ခြင်း၊ ဖုန်းခေါ်ခြင်း၊ ဗီဒီယိုဖုန်းခေါ်ခြင်းများ စတင်ပြုလုပ်လိုက်သည်နှင့် အဆိုပါဒေတာများကို encrypt ပြုလုပ်လိုက်ပြီးမှ ပို့ပေးခြင်းဖြစ်သည်။ ထိုစာ၊ အသံနှင့် ဗီဒီယိုများသည် ပေးပို့သူထံမှ လက်ခံရရှိသူထံသို့ သွားရာတွင် စာ၊ အသံ၊ ဗီဒီယိုအနေဖြင့် မသွားဘဲ encrypt လုပ်ထားသော scrambled code တစ်ခုအနေဖြင့်သာ ရောက်ရှိသွားကာ စာလက်ခံရရှိသူ၏ စက်ကသာလျှင် ထိုကုတ်ကို မူလပေးပို့ထားသော စာအဖြစ်သို့ ပြန်လည်ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လက်ခံရယူမည့်သူမှလွဲလျှင် ထိုဆက်သွယ်ပြောဆိုထားခြင်းများကို ဗိုက်ဘာအပါအဝင် အခြားမည်သူကမှ မြင်နိုင်ကြားနိုင်မည် မဟုတ်သည့် စနစ်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပေးပို့လိုက်သော စာတိုများသည် လက်ခံမည့်သူထံသို့ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် ဗိုက်ဘာ၏ ဆာဗာထဲတွင် ဆက်လက်သိမ်းဆည်းထားခြင်း မရှိတော့ဘဲ အကြောင်းအမျိုးမျိုးကြောင့် စာလက်ခံမည့်သူ offline ဖြစ်နေသောအခါမျိုးတွင်သာ စာလက်ခံရရှိသူ၏စက် အင်တာနက်ဖြင့် ချိတ်ဆက်သည့် အချိန်အထိသာလျှင် ပေးပို့ထားသောစာ၏ encrypted version ကို ဗိုက်ဘာက ခေတ္တသိမ်းဆည်းထားမည်ဖြစ်ကြောင်း သိရသည်။

အခြားသော messaging app များတွင်လည်း ဒေတာများကို encryption လုပ်သည့် လုပ်ဆောင်ချက် ပါဝင်လေ့ရှိပြီး အသုံးပြုသူက enable ပြုလုပ်နိုင်သော်လည်း ဗိုက်ဘာတွင်မူ encryption သည် မူလကပင် ပါဝင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဗိုက်ဘာအသုံးပြုနေသူများအနေဖြင့် အချင်းချင်း ကိုယ်ရေးကိုယ်တာပြောသော စကားများကို ဗိုက်ဘာအပါအဝင် မည်သူကမှ ဝင်မကြည့်နိုင်ဘဲ လုံခြုံစိတ်ချစွာ သုံးနိုင်အောင် ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။ **သူရဖြိုး**

# တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း တက်ရောက်လိုသည့် ကျောင်းသားသစ်များ လူတွေ့ရွေးချယ်

**ကျောက်တလုံးကြီး မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာတွင် ဖွင့်လှစ်မည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူငယ်များသင်တန်းကျောင်း(ဆိုက်ခေါင်)၌ ပညာသင်ကြားရန် တက်ရောက်လိုသည့် ကျောင်းသားကျောင်းသူသစ်များအား လျှောက်လွှာများ ခေါ်ယူလျက်ရှိကာ လူတွေ့ရွေးချယ်ခြင်းကို ကျောက်တလုံးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၈ ရက်က ပြုလုပ်ခဲ့သည်။

လူတွေ့ရွေးချယ်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်နှင့် ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးစောချမ်းတို့က ကျောက်တလုံးကြီးမြို့ဒေသတွင်းရှိ ကျေးရွာအသီးသီးမှ လာရောက်လျှောက်ထားကြသည့် ကျောင်းသား ကျောင်းသူများအား လူတွေ့ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်သင်တန်းသားရွေးချယ်ရေးအဖွဲ့က ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းစီတွေ့ဆုံကာ ပွင့်လင်းမြင်သာစွာဖြင့် လူတွေ့ရွေးချယ်ခဲ့သည်။



အဆိုပါ သင်တန်းကျောင်းသို့ ပညာသင်ကြားရန်အတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ပညာသင်ကြား တက်ရောက်လိုသည့် ကျောက်တလုံးကြီးမြို့ဒေသအတွင်းရှိ ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူများ လျှောက်ထားနိုင်ကြောင်း၊ တစ်တန်းလျှင် ငါးဦးနှုန်းဖြင့် လေးတန်းအတွက် စုစုပေါင်းကျောင်းသား ကျောင်းသူ ၂၀ ကို ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ဆက်စပ်သည့် မောက်မယ်မြို့နယ် အနောက်ဘက်ခြမ်းဒေသတို့တွင်လည်း လူရွေးချယ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း လုပ်ငန်းများကို ကိုရီးယားတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကိုရီးယားနိုင်ငံ စီမံကိန်းများ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့မှ Mr.Yong-gu Kang နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက်က လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

Mr.Yong-gu Kang နှင့် တာဝန်ရှိသူများသည် ကျွန်းကုန်းကျေးရွာ စီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကျေးရွာခန်းမ၌ တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို တွေ့ဆုံမေးမြန်းပြီး စီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများသည် ကျွန်းကုန်းကျေးရွာ ကျေးရွာသစ်စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းကပ်ပေါင်များပြုလုပ်ထားခြင်း၊ ရေနုတ်မြောင်းတူးဖော်ထားခြင်း၊ ရေစင်နှင့်ရေသန့်စက် တည်ဆောက်ထားခြင်း၊ အိမ်တိုင်ရာရောက် ရေပေးဝေခြင်း၊ ကျေးရွာသုံးခန်းမ တည်ဆောက်ထားခြင်းတို့ကို လိုက်လံကြည့်ရှုသည်။

ကျေးရွာသစ်စီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၁၁၀ ၌စိုက်ပျိုးရေးဦးစီးဌာနနှင့် KOICAတို့ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်၌ ဒက္ခိဏသီရိမြို့နယ်တွင် ၂၈ ရွာ၊ လယ်ဝေးမြို့နယ်တွင် ငါးရွာ၊ ပျဉ်းမနားမြို့နယ်တွင် လေးရွာနှင့် ဇမ္ဗူသီရိမြို့နယ်တွင် သုံးရွာ စုစုပေါင်း စီမံကိန်းကျေးရွာ ၄၀ ရှိသည်။ ကျေးရွာသစ်စီမံကိန်းထဲမှ ကျေးရွာတစ်ရွာသို့ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာနှစ်သောင်းစီ ချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၁၀ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုရကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာခေါင်းဆောင်များက ကြီးကြပ်၍ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရကြောင်း၊ နှစ်ကုန်အကဲဖြတ်ချက်များအရ (A)အဆင့်ရရှိသော ကျေးရွာများကို အမေရိကန်ဒေါ်လာနှစ်သောင်းနှင့် (B)အဆင့်ရရှိသော ကျေးရွာများကို အမေရိကန်ဒေါ်လာတစ်သောင်းစီ ထပ်ဆောင်းဆုငွေများ ချီးမြှင့်ပေးကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအရောက် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိတ္ထီလာ မေ ၁၁**

မိတ္ထီလာမြို့နယ်တွင် နွေရာသီ ကျောင်းပိတ်ရက်များအတွင်း ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကမ်းလက်များ ပရဟိတမိသားစု ရွှေလျားစာကြည့်တိုက်တို့ ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာအရောက် မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်က ချည်စက်ရပ်ကွက်သို့ ကွင်းဆင်းသွားရောက်ခဲ့ကြောင်း သိရသည်။



မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ပေးရာတွင် ကမ်းလက်ဓမ္မစကူးလ်မှ ဆရာတော် ဦးသာသနက ကျောင်းသား ကျောင်းသူများအား နွေရာသီ ကျောင်းပိတ်ချိန်ကို အကျိုးရှိအောင် နေ့စဉ် တစ်ရက် အနည်းဆုံး ၁၅ မိနစ်ခန့် စာဖတ်ကြရန်နှင့် စာဖတ်ခြင်းကြောင့်ရနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နှင်းရီကလည်း စာဖတ်ရခြင်းအကျိုးကျေးဇူးများကို ပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသားကျောင်းသူများ ဖတ်၊ မှတ်၊ ပြော စွမ်းရည်များ တိုးတက်စေရန် နှစ်သက်သည့် စာအုပ်များကို ရွေးချယ်ဖတ်ရှုစေပြီး ဖတ်ရှုသည့်စာအုပ်များအကြောင်းကို ပြန်လည်သုံးသပ်ဆွေးနွေးစေခဲ့ကာ အကောင်းဆုံး ဆွေးနွေးနိုင်သူများအား ဆရာတော် ဦးသာသနက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ထန်းတပင် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်ထွေးဝင်းက လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်သည့် မြို့နယ်တိုင်းတွင် စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ဌာနဆိုင်ရာများ၏ ဘတ်ဂျက်ဖြင့် နှစ်စဉ်နှစ်တိုင်း အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်စားနိုင်ရန်နှင့် စီမံကိန်းမှ ထောက်ပံ့ပေးမည့် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကိုလည်း ကျေးရွာများအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သော ကျေးရွာအုပ်စု(၅၄)အုပ်စုမှ လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌများက အုပ်စုငါးစုခွဲ၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ၊ လူမှုစီးပွားရေးလုပ်ငန်းကဏ္ဍများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကဏ္ဍများနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# ညောင်ဦးပြည်သူ့ဆေးရုံကြီး၌ အရိုး၊ အကြော၊ အဆစ် ဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**ညောင်ဦး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ အရိုး၊ အကြော၊ အဆစ် ရောဂါဝေဒနာ ခံစားနေရသည့် လူနာများအား ရန်ကုန်မြို့ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးမှ အရိုး၊ အကြော၊ အဆစ် ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာချစ်စိုးနှင့်အဖွဲ့က ညောင်ဦးမြို့ပြည်သူ့ဆေးရုံသို့ လာရောက်ပြီး မေ ၁၂ ရက်မှစ၍ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းက “ကျွန်တော်တို့ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းက ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ်နီးဒေသတွေက အရိုး၊ အကြော၊ အဆစ်နှင့် ပတ်သက်ပြီး ရောဂါဝေဒနာခံစားနေရတဲ့ လူနာတွေကို ပါမောက္ခ ဒေါက်တာချစ်စိုးနဲ့အဖွဲ့က ကျွန်တော်တို့ဆေးရုံကို လာရောက်ပြီး ဆေးဝါးများနဲ့ အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးသွားမှာဖြစ်ပါတယ်၊ အဲဒီအစီအစဉ်ကို ပြည်သူတွေ သိရှိနိုင်ရေးအတွက် လူစည်ကားရာနေရာတွေမှာ ဗီနိုင်းပိုစတာတွေနဲ့ အသိပေး ကြေညာချိတ်ဆွဲထားပါတယ်၊ အရိုး၊ အကြော၊ အဆစ်နဲ့ ပတ်သက်ပြီး ကုသချင်တဲ့သူတွေ စာရင်းပေးသွင်းလိုပါက ဆက်သွယ်မေးမြန်းနိုင်မယ့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းအသိပေးထားပါတယ်”ဟု ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။ ကုသမှုခံယူလိုသူများအနေဖြင့် ဖုန်း-၀၉-၂၀၄၂၇၇၉၁ နှင့် ၀၉-၄၀၂၅၀၀၆၉၂ သို့ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# စဉ့်ကူးမြို့နယ်အတွင်း ကုန်းပိုင်းနှင့် ကျွန်းပိုင်းဒေသများ၌ ပြည်ပဈေးကွက်ဝင် နှမ်းပဲတီစိမ်းများ စိုက်ပျိုး

**စဉ့်ကူး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ ကုန်းပိုင်းတောင်သူများသည် မိုးစပါးအလွန် အချိန်တွင်လည်းကောင်း၊ ကျွန်းပိုင်းတောင်သူများသည် ဆောင်းမြေပဲရိတ်သိမ်းပြီးချိန်တွင်လည်းကောင်း မြေကို အလပ်မထားဘဲ နှစ်သီးစားအဖြစ် ပြည်ပဈေးကွက်ဝင် နှမ်းပဲတီစိမ်းများကို စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

နှမ်းပဲတီများကို ကုန်းပိုင်းကျေးရွာများတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးကြပြီး မြစ်ရေဝင်ကျွန်းများမှ တောင်သူများသည် ရောဝတီမြစ်ဘေးကျွန်းမြေများတွင် မြစ်ရေတင်စနစ်ဖြင့်လည်းကောင်း၊ ငါးပေါက်တွင်းများတူး၍လည်းကောင်း မြေကို အလပ်မထားဘဲ အကျိုးရှိစွာ အသုံးချစိုက်ပျိုးလာခြင်းကြောင့် ဝင်ငွေနှစ်ဆတိုးကာ အကျိုးအမြတ်ရနေကြကြောင်းလည်း သိရသည်။

“နှမ်းပဲတီကို တပို့တွဲလမှာ စတင်စိုက်ပျိုးပါတယ်၊ စိုက်ပြီး နှစ်လခွဲမှာ ရိတ်သိမ်းရပါတယ်၊ ဒီဒေသမှာတော့ တောင်သူအကြိုက် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးဖြစ်တဲ့ ရေဆင်း (၁၄) ခေါ် ဘုံခုနစ်ဆင့်ပဲတီမျိုးပဲ စိုက်ကြပါတယ်၊ ဒီမျိုးက အဆင့်ဆင့်သီးတဲ့မျိုးဆိုတော့ အထွက်နှုန်းကောင်းပါတယ်၊ မိုးလွတ် လေလွတ် ပိုးမကျဘူးဆိုရင်တော့ မနှစ်ကထက် တွက်ခြေကိုက်၊ ဈေးကောင်းရမယ်လို့ မျှော်လင့်ထားပါတယ်၊ ပဲတီခင်းထဲ ခူကောင်တွေကျလာရင်တော့ အခင်းပျက်စီးတယ်၊ ခက်တာက ပဲတီပင်ကိုကိုက်တဲ့ခူကောင်ကို ကာကွယ်နိုင်တဲ့ဆေး မရှိသေးဘူးလို့ သိရပါတယ်”ဟု ပဲတီစိမ်းစိုက်ပျိုးခြင်း အခြေအနေနှင့် အခက်အခဲများကို ကြို့ပင်ကျေးရွာမှ ပဲတီစိုက်တောင်သူတစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးသော ပဲတီစိမ်းများ၏ အဓိကဖောက်သည်မှာ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြကာ အဆိုပါဈေးကွက်နှစ်ခုက နှစ်စဉ် မြန်မာပဲတီစိမ်းများကို ဝယ်ယူပြီး အခြားသော ပြည်ပဈေးကွက်များသို့ ပြန်လည်တင်ပို့ရောင်းချနေကြောင်း၊ လက်ရှိတွင် မြန်မာပဲတီစိမ်းများကို ပြည်ပတင်ပို့ရောင်းချမှု တိုးမြှင့်နိုင်ရန် ဆောင်ရွက်သည့်အနေဖြင့် ဥရောပဈေးကွက်များအထိ တင်ပို့နိုင်ရန်နှင့် ယခင်ကထက် နှစ်ဆပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပဲတီစိမ်းရောင်းဝယ်သူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**ဝင်းမောင်(စဉ့်ကူး)**

# မလှိုင်မြို့ ပန်းအိုင်ရွှေမုဋ္ဌောဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်



**မလှိုင် မေ ၁၁**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် သီရိမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ပန်းအိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တာဝန်ရှိအဖွဲ့အစည်း အဆင့်ဆင့်တို့၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီး အကြိုအဖြစ် နယုန်လဆန်း၇ ရက်မှ ၁၄ ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ပင့်သံဃာ ၄၇ ပါးဖြင့် ကျင်းပပြီး နယုန်လဆန်း ၁၄ ရက်တွင် ဘုရားကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင်လှူပူဇော်ကာ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘုရားပွဲတော်ကာလကို နယုန်လဆန်း ၁၅ ရက်မှ ဝါဆိုလဆန်း ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ နယ်လှည့်ဈေးသည်၊ မြို့ခံဈေးသည်များ၏ ပွဲဈေးတန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘုရားပွဲတော် ပွဲဈေးတန်းတွင် ဒေသခံပြည်သူများအတွက် လိုအပ်သော ထွန်တုံး၊ ထွန်တံ၊ သံထွန်၊ လှည်းမှ အစပြု၍ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ဇန်း စသည့် တောင်သူသုံးပစ္စည်းများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်းနှင့် အမြို့မြို့ အနယ်နယ်မှ နယ်လှည့် ဈေးသည်များက အဝတ်အထည်များအပါအဝင် လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို လာရောက်ရောင်းချကြခြင်းကြောင့် ပွဲတော်ရက်တွင် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

## မှုခင်းသတင်းတိုများ

### အာရှလမ်းမကြီး နတ်စင်ကွေ့အနီး ယာဉ်တစ်စီး ချောက်ထဲကျ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦးစလုံး သေဆုံး

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးတွင် မေ ၉ ရက် ညပိုင်းက စားအုန်းဆီနှင့် စားကုန်ပစ္စည်းအမယ်စုံတို့တင်ဆောင်လာသော ယာဉ်တစ်စီးချောက်ထဲထိုးကျတိမ်းမှောက်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် သေဆုံးသွားသည်။ မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ယာဉ်မောင်း အောင် နိုင်ဦး (၃၇နှစ်) မောင်းနှင်၍ ယာဉ်နောက်လိုက် ပြည့်စုံအောင် (၂၈နှစ်) လိုက်ပါ လာပြီး စားအုန်းဆီနှင့် စားကုန်ပစ္စည်းအမယ်စုံ တင်ဆောင်လာသော 8M/---- လိုက်ထရပ်ယာဉ်သည် မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီးအတိုင်း မောင်းနှင်လာစဉ် နတ်စင်ကွေ့အနီး ၁၅၄ နှင့် ၁၅၅ ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲလမ်း၏ ဝဲဘက်သို့ ရောက်ရှိတိမ်းမှောက်ကာ ၁၅ ပေခန့်အနက်ရှိ ချောက်အတွင်းသို့ ထိုးကျသွားကာ အခင်းဖြစ်နေရာတွင် နှစ်ဦးစလုံး သေဆုံးသွားခဲ့သဖြင့် အလောင်းများအား ရဲဆေးစာဖြင့် ကော့ကရိတ်ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

### ကျိုင်းတုံမြို့တွင် ထော်လာဂျီတိမ်းမှောက် နှစ်ဦးသေ၊ ငါးဦးဒဏ်ရာရ ယာဉ်မောင်းထွက်ပြေး

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းဇင်း (အထက်) ရွာအနီး ကျိုင်းတုံ-တာချီလိတ်ကားလမ်းမပေါ်တွင် မေ ၁၀ ရက်၊ နံနက်ပိုင်းက ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း သန်းထိုက်အောင် အပါအဝင် ခရီးသည်ရှစ်ဦးလိုက်ပါ လာသည့် ထော်လာဂျီယာဉ်တစ်စီးသည် မိုင်းဇင်း (အထက်) ရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းမကြီးဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ အမျိုးသားတစ်ဦးနှင့် အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦးတို့မှာ ပွဲချင်းပြီး သေဆုံးသွားပြီး ခရီးသည် ငါးဦးအနက် သုံးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သန်းထိုက်အောင်အား ကျိုင်းတုံမြို့မရဲစခန်းက ဖမ်းဆီးနိုင်ရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း (ပြန်/ဆက်)**

### ဆိုင်ကယ်အရှိန်လွန်ပြီး တမာပင်ကိုဝင်တိုက်၍ တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရ

မိတ္ထီလာမြို့နယ်အတွင်း မိတ္ထီလာ-သာစည် ကားလမ်းပေါ်၌ မေ ၈ ရက် ညနေပိုင်းက ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တမာပင်ကို ဝင်တိုက်မိ၍ လူတစ်ဦး အခင်းဖြစ်နေရာ၌ သေဆုံးကာ တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ ရေချိုရွာနေ ချစ်ကောင်း(၂၅ နှစ်)မောင်းနှင်လာပြီး နောက်မှ အမျိုးသားတစ်ဦး လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ တမာပင်ကိုဝင်တိုက်မိခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ချစ်ကောင်းမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး နောက်မှ လိုက်ပါလာသူ အမျိုးသားမှာ သတိလစ်ကာ စိုးရိမ်ရဒဏ်ရာများ ရရှိ၍ ဆေးရုံတင်ထားပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

### နတ်မောက်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နတ်မောက်-စိုင်ကောင်း တစ်ကြောင်းထိုးကားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးအား မေ ၈ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အေးမင်းထွန်းနှင့် နတ်မောက်မြို့နယ်မြို့မရဲစခန်းမှူး ဒုရဲအုပ်ရဲဇော်ထိုက်တို့ ပူးပေါင်းအဖွဲ့က ထိုလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် မြို့သစ်မြို့နယ်နေ ဇော်မင်းနိုင်(၂၇ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ၎င်းထံမှ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်လေးအိတ်အတွင်း ထည့်ထားသည့် 88/1 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသယ်ဆောင်လာသူ ဇော်မင်းနိုင်အား နတ်မောက်မြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**

# ညောင်ဦးမြို့နယ်၌ ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၄ ခု အကောင်အထည်ဖော်နေ

**ညောင်ဦး မေ ၁၁**
မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအောက်ရှိ ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးလက်နေပြည်သူများ၏ နေထိုင်မှုအဆင့်အတန်း တိုးတက်လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိစေရန် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင်လည်း ပထမခြောက်လပတ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန် "ကျွန်တော်တို့ ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာတွေကို ဘဏ္ဍာနှစ်အလိုက် ပထမဦးစားပေး၊ ဒုတိယ ဦးစားပေး၊ တတိယဦးစားပေးစနစ်တွေနဲ့ စာရင်းပြုစုထားရှိပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်၊ ကျေးရွာမီးလင်းရေးလုပ်



ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ပေးနေပါတယ်၊ ကျေးလက်နေ ပြည်သူတွေ ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လျှပ်စစ်မီးကိုအသုံးချပြီး ဝင်ငွေတိုးပြီး အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိလုပ်ကိုင်နိုင်စေမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် ကျေးရွာမီးလင်းရေးလုပ်ငန်းတွေကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုချထားငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၄ ခုကို စတင်ဆောင်ရွက်ပေးနေသည့် ကျေးရွာများမှာ သူကောင်းတည်ကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ ကန်ကြီးကုန်း(မ)ကျေးရွာ၊ ချောင်းဝကျေးရွာ ၊ ထန်းပေါက်ရုံကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ထရိုင်းတော ကျေးရွာ၊ ဇီးဇမျှင်ကျေးရွာ၊ ကန်ပေါက်(ရ+န)ကျေးရွာ၊ ကျွန်းခင်းကြီးကျေးရွာ၊ လက်ပံခြေပေါ်ကျေးရွာ၊ ကုက္ကိုကုန်းကျေးရွာ၊ သရက်ကုန်း-ဘက်တန်း(မ)-ခက်လန်းကန်(မ)ကျေးရွာနှင့် ငါ့သရောက်မြို့ ဖျောက်ဆိပ်ပင်ကျေးရွာတို့ဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် ကျွန်တော်တို့ ညောင်ဦးမြို့နယ်လျှပ်စစ်မန်နေဂျာရုံးအနေနဲ့ မီးလင်းခွင့်ရရှိတဲ့ ကျေးရွာတွေက ဒေသခံကျေးလက်နေပြည်သူတွေ အမြန်ဆုံး လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့်လည်း အနီးကပ်ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် မကြာမီအချိန်မှာ ကျေးလက်နေပြည်သူတွေ ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုခွင့် ရရှိတော့မှာဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ် မန်နေဂျာက ဆက်လက်ပြောကြားသည်။

အဆိုပါကျေးရွာများ၌ လက်ရှိအချိန်တွင် ကျေးလက်မီးလင်းရေးအတွက် ဓာတ်တိုင်စိုက်ထူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပြီး ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေများဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ကျေးရွာများ၏ လိုအပ်ချက်အလိုက် ၁၀၀ ကေဗွီအေ သို့မဟုတ် ၂၀၀ ကေဗွီအေ ထရန်စဖော်မာများ တည်ဆောက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်**

# သိမ်းဆည်းမြေနေရာကိစ္စများ လျော်ကြေးငွေပေးအပ်နိုင်ရေးဆွေးနွေး

**လောင်းလုံး မေ ၁၁**
ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာအုပ်စု ကဘူကျေးရွာရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ သိမ်းဆည်းမြေနေရာကိစ္စနှင့်ထားဝယ်တက္ကသိုလ် သိမ်းဆည်းမြေများ တတိယအကြိမ်လျော်ကြေးငွေပေးအပ်နိုင်ရေးအတွက် မေ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၁၈) ပြုလုပ်ရာ ပြည်သူ့လွှတ်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေး၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆွေးနွေးကြောင်း သိရှိရသည်။

**စိုးထွန်း(ပြန်/ဆက်)**


ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ


# ဆိုင်ကယ်များမှ ဖမ်းဆီးဖြုတ်သိမ်းခဲ့သော ဆူညံအိတ်ဇောများကို ဖျက်ဆီး

**ကသာ မေ ၁၁**
ကသာမြို့နယ်အတွင်း အသံဆူညံသော ပါဝါအိတ်ဇောများတပ်၍ မောင်းနှင်ခဲ့သည့် ဆိုင်ကယ်များကို ဖမ်းဆီးကာ ဖြုတ်သိမ်းခဲ့သော ပါဝါအိတ်ဇော ၁၂၆ ခုကို ကသာမြို့ အထက(၁)ကျောင်း လမ်းမဘေး၌ မေ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။



ကသာမြို့၌ အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်အောင် အသံဆူညံသည့် အိတ်ဇောများ တပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ် ၁၂၆ စီးကို ကသာမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် ၁၀၆ ကသာမှ ဒုရဲမှူးကျော်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က ဖမ်းဆီးအရေးယူခဲ့ပြီး အဆိုပါအိတ်ဇောများကိုဖြုတ်၍ အသစ်လဲလှယ်စေပြီးမှ ပြန်လည်မောင်းနှင်စေခဲ့ကြောင်း၊ ဖြုတ်သိမ်းခဲ့သော အိတ်ဇောများကို ယခု ဖျက်ဆီးခြင်းဖြစ်ကြောင်း ဒုရဲမှူးကျော်ဦးက ပြောသည်။

ဖြုတ်သိမ်းထားသော အိတ်ဇောများကို ဖျက်ဆီးရာသို့ ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေး ဌာနများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာများက လာရောက်ကြည့်ရှုခဲ့သည်။

**ငွေအိုး (ကသာ)**

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS

***ISO 9001: 2015 Certified***

GRADUATING CLASS OF 2018

# CONGRATULATIONS TO OUR GRADUATION CLASS OF 2018.

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိက ပညာရေးကဏ္ဍမှ အောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဂုဏ်ယူစွာ ကြေညာအပ်ပါသည်။

## Pearson (UK) HND Level 5 အတွက် Victoria University College မှ အောင်မြင်သူများ

### BUSINESS

1. Ma Kay Ko Win Hlaing
2. Ma Hla Myo Myat
3. Ma Nyein Sandi Htun
4. Ma Su Myat Shweli Kyaing
5. Ma Mya Thin Zar
6. Ma Win Sandi Aung
7. Ma Aye Thiri Tun
8. Ma Win Moh Moh Phyo
9. Ma Naw Hnin Wai Tun
10. Ma Thin Yati Htet
11. Mg Aye Zaw Min
12. Mg Si Thu@Shin
13. Ma Thae Thin Nu San
14. Ma Kay Thary Ko
15. Mg Ba Thet Khant
16. Ma Thet Thet Su San
17. Ma Nan Mo Kham
18. Ma Myat Mon Theint
19. Ma Hsu Sandi Naing
20. Ma Htet Htet Lin
21. Ma Sandi Win Aung
22. Ma Win War War Thein
23. Ma Myat Thae Thae Moe
24. Mg Thar Htet Aung
25. Mg Si Thu Phyo
26. Mg Wai Yan Aung
27. Mg Aung Moe Hein
28. Mg Ye Phone Khant
29. Mg Paing Min Thu
30. Mg Phyo Htet Kyaw
31. Ma Theint Nandar Tun
32. Mg Everest Moe

### HEALTH & SOCIAL CARE

33. Mg Saw Yu Nway
34. Mg Saw Thihan Oo*

### COMPUTING

35. Ma Htet Nandar Htun
36. Mg Htet Naing Aung
37. Mg Swan Htet Naing
38. Mg Saw Baw Mu Hsar Ka Nyaw
39. Mg Pau Swam Tuang
40. Mg Naing Win Htwe
41. Ma Kyi Lei Yee Oo
42. Mg Ye Htet Aung
43. Mg Soe Moe Aung
44. Mg Saw Aung Win Kyaw
45. Mg Naing Aung Wai

### ELECTRICAL & ELECTRONIC ENGINEERING

46. Mg Sai Nay Tun Lin
47. Mg Ziko
48. Mg Wai Linn Phyoe

### MECHANICAL ENGINEERING

49. Mg Min Htet
50. Mg Banyar Thiha Zaw
51. Mg Pyae Sone Oo
52. Mg Myint Myat Thu
53. Mg Ko Ko Aung
54. Mg Thant Htoo Naing
55. Mg Thu Rein Htay
56. Mg Soe Naing Oo
57. Mg Zwe Pyae
58. Mg Min Thet Thant
59. Mg Myo Myint Oo
60. Mg Khun Mya Than
61. Mg Min Thway Hlaing
62. Mg Zaw Zaw Tun
63. Mg Zin Hein
64. Mg Phone Pyae Hein
65. Mg La Min Pyae
66. Mg Min Htet Tun
67. Mg Saw Kaw Mu
68. Mg Zeyar Myo
69. Mg Soe Nyein
70. Mg Kyaw Win Tun
71. Mg Aung Soe Paing
72. Mg Kyaw Swar Winn
73. Mg Hein Wana Kyaw
74. Mg Zwe Sit Paing Soe

### CONSTRUCTION & THE BUILT-ENVIRONMENT (CIVIL ENGINEERING)

75. Mg Min Aung Pyae Sone
76. Mg Thit Lwin Oo
77. Mg Htet Naing Oo
78. Mg Linn Thet Oo
79. Mg Nyan Phone San
80. Ma Thida Ye Win
81. Mg Han Min San
82. Ma Eaindray Mie Mie Kyaw
83. Mg Zar Ni Tun
84. Mg Aung Khant
85. Mg Soe Ye Htet
86. Ma Thet Hnin Aung
87. Ma Phyo Nandar Htwe
88. Mg Thaw Zin Tunn
89. Mg Min Wai Yan Htet
90. Mg Phone Myo Mang
91. Ma Wint Honey Oo
92. Ma May Thu Phyo
93. Mg Nyan Lin Tun
94. Mg Kaung Htet Zaw
95. Mg Saw Joshua Htoo
96. Mg Thet Naing Tha Htay
97. Mg Aung Ngwei Oo
98. Mg Sai Arkar
99. Mg Zin Ko Ko Htun
100. Mg Kyaw Zin Thet
101. Mg Soe Wunna Tun
102. Ma Yamin Su Shin
103. Mg Pyae Phyo Paing
104. Mg Aung Ko Ko Lwin
105. Mg Aung Kaung San
106. Mg Khin Mg Htoo
107. Mg Set Paing Htoo
108. Mg Sai Khan Khon Pha
109. Ma Htet Wutt Yi Min
110. Mg Pyae Phyo Han
111. Mg Aung Zaw Tun
112. Mg Thet Paing Htoo
113. Ma Nway Nandar Htumn
114. Mg Thi Yein Win
115. Ma Phoo Pwint Eindray Maung
116. Mg Nay Htet Naing
117. Mg Van Bawi Cuan
118. Mg Augustin
119. Ma Phyu Phway Thant
120. Ma Htet Thinzar Aye
121. Mg Sai Zaw Moe Oo
122. Mg Htun Lin Aung
123. Mg Pyay Thein
124. Ma Hsu Thinzar Thwe
125. Mg Zayar Aung
126. Mg Thet Paing Hein
127. Mg Hein Htet Swe*
128. Mg Thu Ya Kyaw Lwin
129. Mg Zwe Wai Yan
130. Mg Swan Yee Htet Myat
131. Mg Soe Min Paing

ဖော်ပြပါ အောင်မြင်သူများသည် ၂၂.၅.၂၀၁၈ (အင်္ဂါနေ့) နေ့လည် (၁:၀၀) တွင် Novotel Hotel ၌ ကျင်းပမည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန်အတွက် မေလ (၁၅) ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာန - MMB Campus အမှတ် ၁၆၆၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၃၈၃၁၃၂၊ ၃၈၃၁၃၃ သို့ ဆက်သွယ်ရပါမည်။







## ပျောက်ဆုံးကြောင်း

PRINCESS STAR PALACE COMPANY LIMITED မှ သွင်းကုန်လိုင်စင်အမှတ် WQILV 17-18 15541 19/02/2018 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၂၂၂၂၈၀၀**

## ရောင်းမည်

ရွှေတောင်ကြား
0.2 ဧက RC2
**ဖုန်း-၀၉-၄၂၁၁၃၅၆၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၂၆၈၉၀ Wuyang Honda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိခိုင်မွန် ၉/ပဗသ(နိုင်)၀၁၂၇၆၁ က(ကမ-၃)နှင့် ဖောင်းကြွပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ နေပြည်တော်**

## ကွန်ဒိုတိုက်ခန်းရောင်းမည်

ရန်ကင်း Jewel Residence Condo အထပ်မြင့်ပြင်ဆင်ပြီး ၁၃၅၀ စတုရန်းပေ အကျယ်ရှိသော အခန်းရောင်းမည်။ **ဖုန်း-၀၉-၉၅၁၄၂၂၆၄၄၊ ၀၉-၉၆၅၄၇၈၆၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8955 Honda Fit GD1, S/W (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်း ၁၂/သဃက(နိုင်)၀၉၃၁၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## အမည်ပြောင်း

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့ အမက မူလွန်(မြို့မကျောင်း)ပဌမတန်းမှ (ဘ)ဦးကျော်သူရအောင် ၇/ကတခ(နိုင်)၀၉၉၂၂၇ ၏သမီး မနှင်းသုဝေအား မသံစဉ်အိမ့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသံစဉ်အိမ့်**

## ဝန်ချတောင်းပန်ခြင်း

ကျွန်မ မှတ်ပုံတင်အမှတ် ၅/တမန(နိုင်)၀၃၄၇၉၅ ကိုင်ဆောင်သူ မဥမ္မာဝင်း(ခ)မအိသုန်သည် Facebook account ဥမ္မာဝင်း(အိသုန်တမူး)ဖြင့် ၃-၅-၂၀၁၈ ရက်နှင့် ၄-၅-၂၀၁၈ ရက်များတွင် တင်ခဲ့သည့် ပို့စ်များတွင် သက်ဆိုင်မှုမရှိသော မင်္ဂလာဧည့်ခံပွဲဖိတ်စာနှင့်အတူ မဆင်မခြင် ပူးတွဲဖော်ပြမိပါသဖြင့် ဖိတ်စာပါ မိသားစုဝင်ပုဂ္ဂိုလ်များ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးကိစ္စရပ်များတွင် စိတ်အနှောင့်အယှက်ဖြစ်ရပြီး နစ်နာမှုရှိကြောင်း တွေ့ရှိရသောကြောင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် သက်ဆိုင်သူများအနေဖြင့် ကရုဏာရှေ့ထား၍ ခွင့်လွှတ်ပေးပါရန် အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။

**မဥမ္မာဝင်း(ခ)မအိသုန်**
**၅/တမန(နိုင်)၀၃၄၇၉၅**
**စော်ဘွား(၈)ရပ်ကွက်၊ တမူးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5269 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂) ရွှေဝတ်မှုန်အကွက်၊ ဦးပိုင်အမှတ် ၁၄၁၊ ဧရိယာ ၀ ဒသမ ၁၄၀ ဧကရှိမြေကို ဒေါ်ငွေငွေဝင်းအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/7124 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/9806 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် ၄၇ᵍ၊ ၄၇ᵍʰ၊ ဧရိယာ ၀ ဒသမ ၁၁၈ဧကရှိ ဦးဟန်ထွန်း ပါ-၂ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်နွယ်နွယ် ပါ-၉ ဦးနှင့် အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးမင်းဦး (ဘ)ဦးခင်မောင်အေး ၈/တတက(နိုင်)၀၁၃၆၅၂ မှ ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် ၂၉/၁၉၉၃၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၅၃/၂၀၁၈၊ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်၇၀/၂၀၁၈၊ ၇၁/၂၀၁၈နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများ တင်ပြ၍ မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျုံမငေးမြို့ မြစိမ်းရပ်ကွက်အမှတ် ၁၄/ခ၊ မြမာလာ (၂)လမ်းနေ ကျွန်တော် ဦးမောင်မောင်မျိုး၏ သမီးဖြစ်သူ မနွေးဝတ်ရည်ထွေး(ခ) နွေးနွေး ၁၄/ဝခမ(နိုင်)၂၂၀၃၄၂ သည် မိဘညီအစ်ကို မောင်နှမများအမည်ဖြင့် ငွေကြေးကိစ္စများ ရှုပ်ထွေးခြင်း၊ မိဘများဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စများ တာဝန်မယူပါ။
**ဦးမောင်မောင်မျိုး ၁၄/ဝခမ(နိုင်)၀၅၄၅၀၀**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ အမှတ် ၆၂ နေ ကိုသီဟန်ဝင်း ၇/ပမန(နိုင်)၁၈၃၃၁၈၏ဇနီး မငြိမ်းစန္ဒာလင်း ၇/ပမန(နိုင်)၁၈၂၆၆၂ သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ခြင်းကြောင့် ကြော်ငြာသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကိုသီဟန်ဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ မကြည်ငွေ ၃/ဘအန(နိုင်)၁၁၀၅၅၈ ၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## ပျောက်ဆုံးကြေညာ

ဝယ်ယူခွင့်ပါမစ်အမှတ် [SCP1 15-16 4297 10/12/2015]. [SCP1 15-16 5867 29/01/2016] နှင့် [SCP1 15-16 7006 30/03/2016] တို့၏ သွင်းကုန်လိုင်စင်အမှတ် ILV 15-16/0658, 08/06/2015 မူရင်း ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။


မော် SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်။ “ပွဲခ လုံးဝ မယူပါ”

09-33 333 511
09-33 333 514
09-33 333 644


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8162 (Maung Myanmar S90) ယာဉ်လက်ဝယ်ရှိသူ ဦးထန်ခန့်ကျင်း ၄/တတန(နိုင်)၀၂၂၉၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ အကွက်အမှတ် ၈/၁ ဦးပိုင် ၁၂၈/ဧရိယာ ၀ ဒသမ ၀၈၀ ဧကကို မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက်နေ ဒေါ်စုမွန် ၁/မကတ(နိုင်)၀၆၅၁၇၉ အမည်ဖြင့် ဖြည့်စွက်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုမွန်**
**၁/မကတ(နိုင်)၀၆၅၁၇၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/1737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၁၈၃/က၊ မြေကွက်တည်နေရာအမှတ် (၁၈၃/က)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ် (တင်ပြဂရန်အရ) ဒေါ်အေးအေး (AB-၀၅၀၈၁၃) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဇနီး) ဒေါ်အေးအေး ကွယ်လွန်သဖြင့် (ခင်ပွန်း) ဦးတင်မင်း ၁၂/စခန(နိုင်)၀၀၉၂၄၇ မှ တစ်ဦးတည်းသော တရားဝင်အမွေဆက်ခံသူ ခင်ပွန်းတော်စပ်ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ကျမ်းကျိန်လွှာ (၉-၄-၂၀၀၃)တွင် ကွယ်လွန်သည့် ဒေါ်အေးအေး၏ သေစာရင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားခဲ့သည့် (၃၀-၁၂-၁၉၉၂) ရက်စွဲပါ မြေငှားစာချုပ်အမှုတွဲအမှတ် သဃက-၁၇၆/၉၂ ဒေါ်အေးအေး (AB-၀၅၀၈၁၃) အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ဧရိယာ ၁၃၅၀ စတုရန်းပေတွင် နှစ်ထပ်အုတ်ညှပ်အိမ်ရှိပြီး လျှောက်ထားသူ ဦးတင်မင်းကိုယ်တိုင် နေထိုင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မင်းလမ်း ပထမထပ်တိုက်သစ် (၂၅×၅၀) ဓာတ်လှေကားပါ ထောင့်ခန်းရောင်းမည်။

**ဖုန်း-၀၉-၂၅၃၄၅၀၄၅၆**

## ရောင်းမည်

ပုဂံမြို့သစ် ဟိုတယ်များအနီး လုပ်ငန်းလုပ်ကိုင်ရန် ရင်းနှီးမြှုပ်နှံရန်ကောင်းသော ပေ(၆၀×၈၀) လေးကွက်တွဲ (၂၆၀'×၈၀')ဂရန်မြေရောင်းမည်။ **ဖုန်း-၀၉-၂၅၃၄၅၀၄၅၆**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ထောက်ကြံ့တိုးဂိတ်အနီး၊ ကိုးလုံးကွင်း၊ ဦးအောင်သင်းလမ်း၊

ဥယျာဉ်မြေ၊ (40'x60') = 85သိန်း

(40'x50') = 70သိန်း၊ (25'x60') = 50သိန်း

ph- 09-450 302 310, 09-799 716 395


ကြိုတိုင်းအောင်ပြီး၊ ဆောင်တိုင်းမြောက်ဖို့အတွက် အကြံကောင်းတွေပေးမည့်စာအုပ် -

မြန်မာသက္ကရာဇ် ၁၃၈၀ - ပြည့်နှစ်

ဝံ-ကလိဘို

မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

City Mart, Ocean, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး - အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။ ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး - လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၂ ၃၉၇၁၇၊ ၆၀၁၃၆


**ဖခင်အမည်မှန်**

မင်းပြားမြို့နယ်၊ စိတ္တရကျေးရွာနေ အေးအေးနွယ်၏ ဖခင်အမည်မှန်မှာ မောင်ဘုချေ ၁၁/မပန(နိုင်)၀၁၅၉၄၈ ဖြစ်ပါကြောင်း။ **မောင်ဘုချေ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စေတီတောင်ရပ်ကွက်၊ ဖြတ်လမ်း(၃)နေ မဦးကြည် ၁၁/ကဖန(နိုင်)၀၀၆၂၇၂သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်ကြာအောင်ဖြူ**
**၁၁/ကဖန(နိုင်)၀၂၆၂၃၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ ၂လမ်း၊ အမှတ် ၉၄၅-ခနေ ဦးစိုးမြင့်-(ဒေါ်လှကြည်)တို့၏သမီး မခင်ခင်မြင့်(ခ)မသန်းသန်းစိုး ၁၂/သဃက(နိုင်)၀၁၀၀၉၅ သည် ဖခင်ဖြစ်သူနှင့် မိသားစုအပေါ် အရှက်ရစေသောကိစ္စရပ်များကို အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေခြင်းကြောင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေရေး၊ ကြေးရေး၊ လူမှုရေးအရှုပ်အရှင်းမည်သည့်ကိစ္စကိုမျှ တာဝန်ယူဆောင်ရွက်ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးမြင့် ၁၂/သဃက(နိုင်)၀၁၀၀၄၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်/ဒဂုံမြို့နယ်၊ (၄၀) ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၆၃၇)နေ ဦးထွန်းညွှန့်-ဒေါ်အေးလှတို့၏သား မောင်ဝင်းသူဟိန်း ၁၂/အလန(နိုင်)၀၄၀၅၉၉သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ခြင်း၊ မိဘတို့ကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းတို့ကြောင့် ယနေ့ ၉-၅-၂၀၁၈ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ဝင်းသူဟိန်းနှင့် ပတ်သက်၍ ငွေရေး၊ ကြေးရေး၊ လူမှုရေး အရှုပ်အရှင်း စသည်တို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးထွန်းညွှန့် ၁၀/ကထန(နိုင်)၀၄၃၃၁၉**
**မိခင်-ဒေါ်အေးလှ ၁၂/အလန(နိုင်)၀၃၅၀၈၃**

## သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ တောင်ရပ်၊ င/ခြောက်ဈေး-အုန်းတောနေ ဦးသာထွန်းဦး ၁၁/မဉန(နိုင်)၀၀၅၅၈၉ နှင့် ဒေါ်လှယဉ်သိန်း ၁၁/မဉန(နိုင်)၀၀၅၆၁၄တို့၏သမီး ဒေါ်ဝိုင်းဝိုင်းကျော် ၁၁/မဉန(နိုင်)၀၃၄၁၃၁ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့မှ ခွင့်မလွှတ်နိုင်သောကိစ္စများ ဆောင်ရွက်ခဲ့သည့်အပြင် ဂုဏ်သိက္ခာထိခိုက်အောင်နှင့် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပြီး ၎င်း၏သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖခင် ဦးသာထွန်းဦး**
**မိခင် ဒေါ်လှယဉ်သိန်း**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ရန်ကုန်တက္ကသိုလ်

## ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | မြန်မာစာ | (ဋ) | ရှေးဟောင်းသုတေသနပညာ |
| (ခ) | အင်္ဂလိပ်စာ | (ဌ) | စာကြည့်တိုက်နှင့်သုတပညာ |
| (ဂ) | ပထဝီဝင် | (ဍ) | ဓာတုဗေဒ |
| (ဃ) | သမိုင်း | (ဎ) | ရူပဗေဒ |
| (င) | ဒဿနိကဗေဒ | (ဏ) | သင်္ချာ |
| (စ) | စိတ်ပညာ | (တ) | သတ္တဗေဒ |
| (ဆ) | ဥပဒေပညာ | (ထ) | ရုက္ခဗေဒ |
| (ဇ) | အရှေ့တိုင်းပညာ | (ဒ) | ဘူမိဗေဒ |
| (ဈ) | နိုင်ငံတကာဆက်ဆံရေးပညာ | (ဓ) | ကုန်ထုတ်ဓာတုဗေဒ |
| (ည) | မနုဿဗေဒ | (န) | ကွန်ပျူတာသိပ္ပံပညာ |
| | | (ပ) | အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၈ခုနှစ် ဇွန် (၁)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများမဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်းထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့ အတွက်ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့ သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃)မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၁၈ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့(PhD) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက် ဖြေဆိုရမည်။

(က) ၂၁-၅-၂၀၁၈ရက် (တနင်္လာနေ့)
နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၂-၅-၂၀၁၈ရက် (အင်္ဂါနေ့)
နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရှိထားသူများကို ၂၈-၅-၂၀၁၈ရက် (တနင်္လာနေ့)တွင် လူတွေ့ စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း (ဖုန်း-၅၃၄၀၉၈၊ ၅၃၄၃၉၀)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်တက္ကသိုလ်**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့၊ အထက(၅) နဝမတန်းမှ နဝမတန်း အောင်မြင်ခဲ့သော မဒေဝီ၏ဖခင်အမည်မှန်မှာ ဦးသန်းညွှန့် ၉/မထလ(နိုင်)၂၅၄၈၄၆ဖြစ်ပါသည်။ **ဦးသန်းညွှန့်**

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးခင်မောင် အသက်(၈၅)နှစ်
### (ကျေးဇူးတော်ပရိဘောဂ)
### စိန်ဂျူးကျောင်းဆရာဟောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၀၁နေ (ဦးမောင်လေး-ဒေါ်အေးတင်)တို့၏သား၊ နော်လယ်ထူး၏ ခင်ပွန်း၊ (ဦးခင်မောင်ထူး)-နော်နယ်လီလှ၊ ဒေါ်ဆွေဆွေမိုး-ဆရာစောပက်ထရစ်၊ ဦးခင်မောင်ဝင်း-နော်ခရင်းမ်ဆန်၊ ဦးခင်မောင်ထွေး-နော်မားသာတို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာဆိုင်မွန်၊ အင်ဒရူး-မိကီလေး၊ ဆန်မြူရယ်လ်၊ ဒဲနီယယ်လ်၊ နော်မေမိုးပက်ထရစ်၊ စောဖေယျာမိုးပက်ထရစ်၊ စောခန့်မိုးပက်ထရစ်၊ မောင်ဂျဲန်းနစ်စ်အုံ့ဘွယ်ဝင်း၊ မမိုးဖြူတို့၏အဘိုးသည် ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ည ၁၁း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကြာလည်းမမေ့-ရှာလည်းမတွေ့ ငါလည်းတစ်နေ့

ကွယ်လွန်သွားကြပြီးဖြစ်သော အဘိုး၊ အဘွားများနှင့် ဖခင်ကြီး ဦးခင်စော၊ မိခင်ကြီး ဒေါ်ခင်သန်းရီနှင့် ဦးလေး ဦးမျိုးအောင်၊ အစ်ကိုများဖြစ်သော ဦးသူရစော၊ ဦးဇေယျစောတို့အားရည်စူး၍ မြို့ထောင့်ဘုန်းကြီးကျောင်း(ဖြူးမြို့)ရှိ ဓမ္မာရုံ၌ တည်ထားကိုးကွယ်တော်မူသော ဗုဒ္ဓဆင်းတုတော်(၃)ဆူအား ၁၂-၅-၂၀၁၈ ရက်တွင် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း ကုသိုလ်တော်များကို မျှဝေရယူကြပြီး ရောက်ရာဘုံဘဝများမှ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ကျန်ရစ်သူမိသားစုများ**
**မရမ်းခြံ**
**ပဲခူးလမ်းတောင်ပိုင်း၊ ဖြူးမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းစန်းငွေ(သာယာဝတီ)
### (သံလွင်လမ်း၊ ကမာရွတ်မြို့နယ်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၁)၊ ခြံ အမှတ် (၄-က)နေ (ဦးတင်လှ)-ဒေါ် ခင်နု (သာယာဝတီ)တို့၏ သမီးကြီး၊ (ဦးလှဝင်း၊ တိုင်းအခွန်ဦးစီးမှူး)၏ဇနီး၊ ကိုမျိုးအောင်-မဝင်းမြတ်မွန်၊ မတင်မော်ဝင်း၊ (ကိုလွင်ဦး)-မခင်စန္ဒာဝင်း (ဘုတ်ဘုတ်) (ခေတ္တ-USA)၊ ကိုစိုးနိုင်-မဝင်းမြတ်မြတ်(အုဝဲ)၊ ကိုဝင်းသော်ဦး(ဂျန်ဘို)-မခင်မိုးသော်တို့၏မိခင်၊ မောင်ထက်အောင်၊ မောင်ပြည့်ဖြိုးအောင် (နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေး-၁)၊ မခင်ဦးရတနာ(နီနီ)(ခေတ္တ-USA)၊ မောင်မင်းဆက်မှူး(Grade 12၊ ISM)၊ မထူးဝင့်သော်တာ(Grade 5, TTC)၊ မမိုးထက်သော်တာ(Grade 1, TTC)တို့၏ ဘွားဘွားကြီးသည် ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီ တွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းစန်းငွေ(သာယာဝတီ)
### (သံလွင်လမ်း၊ ကမာရွတ်မြို့နယ်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ တော်ဝင်လမ်းသွယ် (၁)၊ ခြံအမှတ် (၄-က)နေ (ဦးတင်လှ)-ဒေါ်ခင်နုတို့၏သမီး၊(ဦးလှဝင်း၊ တိုင်းအခွန်ဦးစီးမှူး)၏ဇနီး၊ (ဦးကျော်ဇင်)-ဒေါ်မြင့်မြင့်ခင်၊ ဦးဝင်းကြည်-ဒေါ်ဝေဝေ၊ ဦးမြင့်အောင်-ဒေါ်အေးအေးသန်း၊ ဒေါ်မြင့်မြင့်ကြည်(မော့)၊Capt: ဦးလှအောင်(ဘော့)-ဒေါ်ခင်ပြုံး၊ (ဦးထွန်းအောင်-ဂျော့)-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်မင်း(တော့)-ဒေါ်နီလာလှိုင်(ခေတ္တ-စင်ကာပူ)တို့၏အစ်မ၊ တူ၊ တူမ ၁၈ယောက်တို့၏ကြီးတော်သည် ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ကချင်ပြည်နယ်အစိုးရအဖွဲ့
### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြစ်ကြီးနားမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများကြောင့် သက်ဆိုင်ရာ မြို့နယ်/ဒေသအတွင်း သက်ရောက်ထိခိုက်မှုများကို ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ (CSR)ရန်ပုံငွေများဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုအား ဆောင်ရွက်ရန်အတွက် (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| ၁ | ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ | ရပ်ကွက်(၄) မဟာနွယ်လမ်းရှိ မြောင်းကြီးအား ကျောက်စီရေမြောင်းပြုလုပ်ခြင်း |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၈-၅-၂၀၁၈ ရက်မှ ၆-၆-၂၀၁၈ရက်ထိ ၁၅း၀၀နာရီအချိန်ထိ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့

၄။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ၀၇၄-၂၉၅၁၆၊ ၀၇၄-၂၉၅၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

# ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာရေး ဥပဒေမူဘောင်၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များ ဖြေလျှော့ပေးခဲ့



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၇) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**ရန်ကုန် မေ ၁၁**

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၁၇) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၅ ကော်လံ ၁* ◆

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၂/ ၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုညှိနှိုင်းအစည်းအဝေးကို ယခင်အစည်းအဝေးများနည်းတူ ရေနှင့် ဆက်နွှယ်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အခက်အခဲများ ရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများ၊

*စာမျက်နှာ ၆ ကော်လံ ၁* ❑



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၂/ ၂၀၁၈) တွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်



## ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

စာ » ၈

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဗိုလ်လုပွဲတက်ပြီ

စာ » ၁၃

ရန့်သင်းကြိုင် နေပူဒဏ်ကင်း ဝင်းပဖြူစင် ပူတင်းခရင်(မ်)

ရှင်မတောင်သနပ်ခါးအခေါက်နှင့် ဗီတာမင် E ကိုပေါင်းစပ်ထုတ်လုပ်ထား၍ အသားအရေတင်းရင်းနုပျိုချောမွတ်စေနိုင်ခြင်း၊ ဝက်ခြံနှင့် အရေပြားပြဿနာများကိုကာကွယ်သက်သာစေခြင်းတို့အပြင် SPF 20 ပါဝင်သောကြောင့် နေရောင်ခြည်မှ ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှ ကာကွယ်ပေးနိုင်ပြီး နေလောင်ခြင်း၊ ညိုမည်းခြင်း၊ အသားအရေ ပျက်စီးခြင်းများ မဖြစ်စေဘဲ မျက်နှာနှင့် အရေပြားကို ပူတင်းသားလေးလို နူညက်ဖြူစင်ဝင်းပစေမည့် ရွှေပြည်နန်း အသားဖြူသနပ်ခါး ပူတင်းခရင်(မ်)။

SHWE PYI NANN

